ရောင်းမှ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

သူတစ်ပါးအားမည်စ်နွမ်းစေသင့်

သူတစ်ပါးကို သင့်လျော်သောအကျင့်၌ တည်စေလိုရ်ဆုံးမသောပုဂ္ဂိုလ်သည် မိမိက ရှေးဦးစွာ ထိုအကျင့်၌ တည်နိုင်ရန်ကြိုးစားရာ၏။ ထိုနောက်မှ သူတစ်ပါးအား ညွှန်ကြားဆုံးမရာ၏။ မိမိ၌ထိုတရားမျိုးမရှိဘဲ သူတစ်ပါးအား ဆုံးမခြင်းသည် အများ၏ကဲ့ရဲ့ရွတ်ချဖွယ်ဖြစ်၏။ ပညာရှိမည်သည် သူတစ်ပါးအား ကဲ့ရဲ့ခြင်းဖြင့် မည်စ်နွမ်းစေသင့်ပေ။

အတ္တဝဂ်(ဓမ္မပဒ-၁၅၈)

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 25 September 2016 (စဒီ၉၅)

တမံများကြုံခိုင်မှုအလေးထားရေး၊ မာတ်အားပေးစက်ရုံနှင့် ဆက်သွယ်ရေးစနစ်ကောင်းမွန်အောင်ဆောင်ရွက်ရေး ဒုတိယသမ္မတ ဦးမြင့်ဆွေမှာကြား

ပေါင်းလောင်းမြစ်ပေါ်တွင် မဂ္ဂါဝပ် ၁၀၀ ထွက်ရှိမည့် အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ဆက်လက်အကောင်အထည်ဖော်မည်

နန်ချီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပင်မထိန်းချုပ်ခန်းကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်း၊ နန်ချီရေအားလျှပ်စစ်စက်ရုံနှင့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပေါင်းလောင်းရေလှောင်တမံရေပိုလွှဲသို့ရောက်ရှိပြီး ရေပိုလွှဲမှ ရေကျော်ဆင်းမှုအခြေအနေကို ကြည့်ရှုသည်။

ထို့နောက် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပေါင်းလောင်းရေလှောင်တမံ ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ ဆည်ရေပေးဝေမှုအခြေအနေ၊ တမံကြုံခိုင်ရေး စစ်ဆေးတိုင်းတာမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံသို့ရောက်ရှိပြီး ပေါင်းလောင်းမြေအောက်ဓာတ်အားပေးစက်ရုံပုံစံငယ်ကို ကြည့်ရှုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံဆိုင်ရာငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး မိတ်ဖက်များအဖွဲ့အား အဆုံးသတ်ရန်တိုက်တွန်း

နယူးယောက် စက်တင်ဘာ ၂၄

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးမိတ်ဖက်များအဖွဲ့ "Partnership Group for Peace, Development and Democracy in Myanmar (PGM)"၏ အဆင့်မြင့်အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး၌ ရလဒ်ကောင်းများတွေ့မြင်နေရကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသစ်အပေါ် မြန်မာပြည်သူလူထုက တစ်ခဲနက်ရွေးချယ်ခဲ့ခြင်းသည် ယင်းတို့၏ ယုံကြည်ကိုးစားမှုထားရှိခြင်းကို ပြသနေကြောင်း၊ လွန်ခဲ့သောနှစ်များအတွင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ရုန်းကန်ပေးဆပ်ခဲ့မှုများအပေါ် အသိအမှတ်ပြုခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း ဩဂုတ်လကုန်က နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၁)ရာစုပင်လုံညီလာခံတွင် ပါဝင်ခဲ့ခြင်းသည် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စတွင် အလေးထားမှုကို ပြသခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများရရှိနေပြီဖြစ်သဖြင့် ယခု PGM အဖွဲ့အားအဆုံးသတ်ရန် စဉ်းစားသင့်ပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

HOT LINE - 09-787878749, 787878729

ALPHA CEMENT | အယ်လ်ဖာ ဘိလပ်မြေ

တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဂုဏ်ယူစွာထုတ်လုပ်ပါသည်။

ဟားဗတ်မိန့်ခွန်းနှင့် ငြိမ်းချမ်းရေးဒဿန

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အင်္ဂလန်၊ အမေရိကန်ခရီးစဉ်သည် (တနင်္ဂနွေနေ့) ၂၅ ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်ပါသည်။ ဤခရီးစဉ်အတွင်း အမေရိကန်နှင့် အင်္ဂလန်ရှိ ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအင်စတီကျူးရှင်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ထိပ်တန်းခေါင်းဆောင်များနှင့်လည်း တွေ့ဆုံခဲ့သည်ကို တွေ့ရသည်။

ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံခဲ့သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်(WEF)၏ အမှုဆောင်ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခကလောက်စ်ရှဝပ်၊ ပွင့်လင်းလူအဖွဲ့အစည်းဖောင်ဒေးရှင်းထူထောင်သူနှင့်ဥက္ကဋ္ဌဖြစ်သူ မစ္စတာကျော့ရှ်ဆိုးရော့စ်၊ ကုလသမဂ္ဂလူအခွင့်အရေးဆိုင်ရာမဟာမင်းကြီး၊ ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၊ ဒိန်းမတ်နိုင်ငံဝန်ကြီးချုပ်၊ မက္ကဆီကိုနိုင်ငံသမ္မတ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံခဲ့သည်။ အမေရိကန်နိုင်ငံဘက်မှလည်း သမ္မတအိုဘားမားသာမက ဒုတိယသမ္မတဂျိုးဘိုင်ဒင်၊ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၊ အောက်လ္တတ်တော်ခေါင်းဆောင် နန်စီပယ်လိုစီ၊ ရီပတ်ဘလီကန်အမတ် ဂျိုးဇက်ခရေလ်လီ စသူတို့နှင့်ပါတွေ့ဆုံခဲ့သည်။ ထို့ပြင် ရုစဘဲ့အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံခြင်းအပြင် ဟားဗတ်တက္ကသိုလ် ကျောင်းသားများနှင့် တွေ့ဆုံပြီး မိန့်ခွန်းပြောကြားခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံ ဒုတိယနေ့တွင် မြန်မာနိုင်ငံကိုယ်စား အထွေထွေမူဝါဒရေးရာမိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။

ယခုခရီးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်၏ (၆) ကြိမ်မြောက် ပြည်ပခရီးစဉ်ဖြစ်ပြီး ယခင်ခရီးစဉ်များနည်းတူ ထူးခြားသော အောင်မြင်မှုအကျိုးရလဒ်များရရှိခဲ့သည်ကို တွေ့ရပါသည်။ ပြိတိန်နိုင်ငံ၏ မြန်မာ့ဖွံ့ဖြိုးရေးအတွက် ကူညီငွေ ပေါင် ၁၁၈ သန်းနှင့် အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများ ဖွင့်ပေးခြင်း၊ မြန်မာ့ထုတ်ကုန်များအတွက် အခွန်ကင်းလွတ်ခွင့် (GSP) အခွင့်အရေးပေးမှုများ ရရှိခဲ့သည်။ US-Myanmar Partnership အစီအစဉ်အရ နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ People to People ဆက်ဆံမှုတွင် မြန်မာလူငယ်များ အဓိကပါဝင်လုပ်ဆောင်ပေးရန်အတွက် ဆရာ၊ဆရာမ ၁၅၀၀ ကို အင်္ဂလိပ်စာဘာသာစကား အရည်အသွေးမြင့်မားလာအောင် တိုက်ရိုက်ကူညီရန်နှင့် ခေတ်မီသင်ကြားမှုနည်းစနစ်များ ပံ့ပိုးကူညီမည်ဖြစ်သည်။ USAIDနှင့် မြန်မာအစိုးရပူးပေါင်း၍ DCA ချေးငွေအစီအစဉ်တစ်ခုကို SME လုပ်ငန်းများအတွက် ထူထောင်ပေးမည်ဖြစ်သည်။ ထို့အတွက် ပဲဂွလိက ကုမ္ပဏီ၈ဒေါ်ကို ဒေါ်လာ ၁၀ သန်းချထားပေးခဲ့သည်ကိုလည်း တွေ့ရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခရီးစဉ်မှာ အစိုးရသစ်၏ မူဝါဒများတွင် အရေးပါဆုံးနေရာမှရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးကြီး ကျင်းပပြီးခါစ အခြေအနေတွင် စတင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သူ၏ကုလသမဂ္ဂမူဝါဒရေးရာမိန့်ခွန်းနှင့် ဟားဗတ်တက္ကသိုလ်တွင် ပြောကြားသော မိန့်ခွန်းများတွင်လည်း ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ်များအကြောင်း ထည့်သွင်းပြောကြားခဲ့သည်ကိုတွေ့ရသည်။

အဆင့်မြင့်ပညာရပ်ဝန်းနယ်ပယ်တစ်ခုဖြစ်သော ဟားဗတ်တက္ကသိုလ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့သော မိန့်ခွန်း၏ခေါင်းစဉ်မှာ 'ယဉ်ကျေးမှုမတူသူ၊ လူမျိုးမတူသူ၊ နောက်ခံသမိုင်းမတူသူ၊ ကိုးကွယ်ရာမတူသူအချင်းချင်းကြား ငြိမ်းချမ်းရေးကို တိုးတက်အောင်ဆောင်ရွက်ခြင်း၏ အရေးပါပုံ' ဟုဖြစ်သည်။ ဤခေါင်းစဉ်မှာ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်လည်း နီးစပ်တူညီလျက်ရှိရာ မြန်မာ့အခြေအနေအကြောင်း အတော်လေးထည့်သွင်းပြောဆိုခဲ့သည်ကို တွေ့ရသည်။

သူ၏စာအုပ်ဖြစ်သော "ကြောက်ရွံ့ခြင်းမှ ကင်းလွတ်ခြင်းတွင် ရေးဖူးကြောင်း၊ အကြောက်တရားဟာ သွေးကွဲမှုအားလုံးရဲ့ အရင်းအမြစ်ဖြစ်ကြောင်း၊ အကြောက်တရားက အမုန်းတရားကို ဖြစ်စေသည်။ အကြောက်တရားမှာ အခြေမခံတဲ့ မုန်းတီးမှုဆိုတာ မရှိဘူး။ မုန်းတဲ့အရာအားလုံးဟာ အကြောက်တရားမှာ တစ်နည်းနည်းနဲ့ အခြေခံနေတာဖြစ်ကြောင်း၊ မုန်းတာကို ဖျောက်ချင်ရင် ကြောက်တာကို ဖျောက်ရမည်။ မုန်းတာကို မပယ်နိုင်ဘဲနဲ့တော့ ဘယ်နိုင်ငံဘယ်အသိုင်းအဝိုင်းမှာပဲဖြစ်ဖြစ် ငြိမ်းချမ်းရေး ရင်ကြားစေ့ရေးဆိုတာ ရမှာမဟုတ်ပါဘူး"ဟု အဆိုပါ မိန့်ခွန်းတွင် ပြောကြားသွားသည်။

"မတူကွဲပြားခြင်းကနေ ဖြစ်ပေါ်လာတဲ့ ညီညွတ်မှုအကြောင်းကို အမြဲပြောလေ့ရှိကြောင်း၊ ကျွန်မတို့တိုင်းပြည်ရဲ့မတူကွဲပြားခြားနားမှုတွေအတွက် သိပ်ဂုဏ်ယူပါတယ်။ ဒါပေမယ့် အားလုံးအတွက် အင်အားတစ်ရပ်အဖြစ် ပြောင်းလဲနိုင်ခြင်းမရှိသေးပါဘူး။ ဒါအတွက် ဂုဏ်ယူပျော်ရွှင်ရတာမရှိသေးပါဘူး။ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက်မှ မယုံကြည်ဘဲလေ" ဟုလည်း ပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဤခရီးစဉ်၊ ဤမိန့်ခွန်းများမှသည် ဆရာကြီးဒဂုန်တာရာ၏ "နိုင်ငံရေးဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ"၊ "မုန်းသူမရှိချစ်သူသာရှိ"ဆိုသော ငြိမ်းချမ်းရေးဒဿနများကို ပြန်လည်သတိရမိပါကြောင်း တင်ပြရပါသည်။

သွင်းကုန်ဆိုင်ရာ ငွေကြေးအထောက်အပံ့ ဝန်ဆောင်မှုများပေးမည်

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်အနေဖြင့် သွင်းကုန်လုပ်ငန်းရှင်များသို့ သွင်းကုန်ဆိုင်ရာ ငွေကြေးအထောက်အပံ့ (Import Financing) ဝန်ဆောင်မှုများပေးမည်ဖြစ်သည်။

Import Financing ရယူရန် စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာ တင်သွင်းနိုင်ပြီး အဆိုပြုလွှာပုံစံကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ သွင်းကုန်ဌာန(ဒုတိယထပ်)တွင် ရယူနိုင်ပါသည်။ ချေးငွေရယူမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအား အသေးစိတ်သိရှိရန် တွေ့ဆုံမေးမြန်းလိုပါက ဦးဆောင်ညွှန်ကြားရေးမှူးထံ လိပ်မူ၍ (၃)ရက် ကြိုတင်၍ တွေ့ဆုံခွင့် တောင်းခံနိုင်ကြောင်း သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးထားကြောင်း သိရသည်။

(သတင်းစဉ်)

မိတ္ထီလာမြောက်ကန် ရေကျော်နေရာတွင် ကန်ရေလျှံတက်ရာ ရေချိုးသူ၊ ငါးဖမ်းသူ၊ မော်တော်ယာဉ်ရေဆေးသူများဖြင့် စည်ကားများပြား

မိတ္ထီလာ စက်တင်ဘာ ၂၄

မိတ္ထီလာမြို့ မီးရထားသံလမ်းနှင့် ဓမ္မသုခ ရွှေစည်းခုံစေတီတော်အနီးရှိ မိတ္ထီလာမြောက်ကန် ရေကျော်နေရာတွင် ကန်ရေလျှံတက်ရာ ရေချိုးသူ၊ ငါးဖမ်းသူ၊ မော်တော်ယာဉ် ရေဆေးသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိကြောင်းသိရသည်။

"မိုးကလည်း နေ့စဉ်လိုလို ရွာသွန်းနေတယ်။မုန်တိုင်ဆည်ကနေရေလွှတ်ထားတယ်လည်းထင်တယ်။ ဒီရေကျော်နေရာကနေ မနေ့က စတင်ပြီးတော့ ရေလျှံတက်တယ်။ အဲဒါကြောင့် မိတ္ထီလာမြောက်ကန်ရေလျှံတက်တာနဲ့ အတူ ပါလာတဲ့ငါးကို ဖမ်းသူတွေ၊ ရေချိုးသူတွေ၊ ဆိုင်ကယ်၊ မော်တော်ကားရေဆေးသူတွေနဲ့ နေ့စဉ် စည်ကားနေတာပါ။ ဒီလို ရေကျော်နေရာမှာ ကန်ရေလျှံတက်တာက ရက်ပိုင်းလောက်ပဲရှိတာမို့ အမှတ်တရ ဓာတ်ပုံလာရိုက်တဲ့သူတွေလည်း ရှိတယ်။ ၂၀၁၅ ခုနှစ်တုန်းက မိတ္ထီလာကန်တူးဖော်ပြီး ကန်ထဲမှာ ရေသိပ်မရှိလို့ စိုက်ပျိုးရေနဲ့ သောက်သုံးရေအတွက် အခက်အခဲဖြစ်မယ်ထင်ခဲ့တာ။ အခုလို ကန်ရေပြည့်ရေလျှံတော့ ဝမ်းသာပါတယ်"ဟု ဈေးအရှေ့ပြင်ရပ်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာမြောက်ကန်အား ၂၀၁၅ ခုနှစ် သြဂုတ်လအတွင်း ကျပ်သန်းပေါင်းထောင်ချီ၍ အကုန်အကျခံ ပြန်လည်တူးဖော်ခဲ့ပြီး မိတ္ထီလာမြောက်ကန် ကန်ပေါင်ပေါ်တွင် တည်ထားသည့် ဓမ္မသုခ ရွှေစည်းခုံ စေတီတော်၏ အရှေ့ဘက် ကန်သာယာရပ်နှင့် ပွဲစားတန်းရပ်အနီး ကန်ပတ်လမ်းတွင် ရေစီးရေလာ ကောင်းမွန်သည့် ရေနုတ်မြောင်း မရှိခြင်းကြောင့် မိုးရွာသွန်းမှုများသည့် နေ့များတွင် ယင်းနေရာ၌ မိုးရေ၊ မြောင်းရေ လျှံတက်ခြင်းများ အမြဲဖြစ်ပေါ်ပြီး လမ်းပေါ်တွင် ရေဝပ်မှုကြောင့် လမ်းနေရာတချို့တွင် ပျက်စီးမှုများ ဖြစ်လျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ဘဏ်များတွင် အရည်အသွေးမြင့် လုံခြုံရေးအထောက်အကူပြုပစ္စည်း တပ်ဆင်ရေးညှိနှိုင်း

မန္တလေး စက်တင်ဘာလ ၂၄

ဘဏ်များတွင် အရည်အသွေးမြင့် လုံခြုံရေးအထောက်အကူပြုပစ္စည်း CCTV တပ်ဆင်ရေး ညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမတွင် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ရဲမှူးကြီး ဟန်ထွန်းက ဘဏ်များတွင် အရည်အသွေးမြင့် လုံခြုံရေးအထောက်အကူပြုပစ္စည်း CCTV တပ်ဆင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြသည်။

ထို့နောက် CCTV ကင်မရာ တပ်ဆင်ရောင်းဝယ်သူများက တပ်ဆင်ခြင်းဆိုင်ရာ အချက်အလက်များနှင့် အကျိုးကျေးဇူးများကို တင်ပြပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းဖော်ထုတ်ရေး အထောက်အကူပြုစေနိုင်ရန်အတွက် ပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဌာန်၊ လုပ်ရှားမှုများအား တိကျကြည်လင်ပြတ်သားစွာ ဖမ်းယူမှတ်တမ်းတင်နိုင်သည့် အရည်အသွေးမြင့် CCTV ကင်မရာများအား ဘဏ်မျက်နှာစာတွင် လည်းကောင်း၊ ဘဏ်အနီးရှိ အိမ်များ၏ မျက်နှာစာတွင် လည်းကောင်း တပ်ဆင်နိုင်ရေး ညှိနှိုင်းဆွေးနွေး တိုင်ပင်ကြကြောင်း သိရသည်။

(ဝဝ၂)

ရောင်လုံး
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးမိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(ဝ၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(ဝ၀၇၇၁)မြန်
ကြေးပုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရောင်လုံး The Mirror Established at 1917
၁၉၅၇ခုနှစ် ဝန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆-၃၆၁၂၅၊ ၀၆-၃၆၁၃၀၀၊ ဖက်စ် ၀၆-၃၆၁၃၀၀၊
ရန်ကုန်မိုးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဝန္တုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၈၃၀၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၂၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

✪ ရှေ့ဖုံးမှ

ထို့နောက် စက်ရုံစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယဝန်ကြီးဒေါက်တာထွန်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာချုပ် ဒေါက်တာဝင်းမြင့်တို့က စက်ရုံဆိုင်ရာအချက်အလက်များ၊ စစ်တောင်းမြစ်ဝှမ်းအတွင်း တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ဆက်လက်တည်ဆောက်မည့် ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရေအားလျှပ်စစ်ထုတ်လုပ်နေမှုနှင့် လျှပ်စစ်ဓာတ်အား ပင်မထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးဦးကိုကိုနိုင်က လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုအခြေအနေများ၊ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဓာတ်အားပို့လွှတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေါင်းလောင်းရေလှောင်တမံကို ၁၉၉၈-၁၉၉၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ အဆိုပါရေလှောင်တမံသည် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး အမြင့် ပေ ၄၃၀၊ အလျားပေ ၃၁၀၀ နှင့် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၄၉၄၂၀ ရှိသည်။ ရေအားလျှပ်စစ် တပ်ဆင်ဓာတ်အား ၇၀ မဂ္ဂါဝပ် လေးလုံးတပ်ဆင်ထားပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်သည့်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၉၁၁ သန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နန်ချီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာချုပ် ဒေါက်တာမောင်မောင်ကျော်က စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် နန်ချီရေအားလျှပ်စစ်ပင်မထိန်းချုပ်ခန်းနှင့် ရေထိန်းတမံများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် အထက်ပေါင်းလောင်းစီမံကိန်းရှင်းလင်းဆောင်ရွက်ရပ်မှ အထက်ပေါင်းလောင်းတမံ ရေပိုလွှဲမှုရေကျော်ဆင်းမှုအခြေအနေကို ကြည့်ရှုသည်။

ဒုတိယသမ္မတသည် အထက်ပေါင်းလောင်းတမံရှင်းလင်းဆောင်သို့ရောက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းက အထက်ပေါင်းလောင်းတမံနှင့် ရေအားလျှပ်စစ်စက်ရုံ ဆိုင်ရာအချက်အလက်များ၊ တမံအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ ရေဝပ်ရေဒီယာအတွင်း ရေဝင်ရောက်မှု၊ ပြည်သူများထံ ကြိုတင်အသိပေးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက တမံများ၏ကြွှံခိုင်မှုကို စဉ်ဆက်မပြတ်အလေးထားကြပ်မတ်နိုင်ရေးနှင့် ဓာတ်အားပေးစက်ရုံနှင့် ဆက်သွယ်ရေးစနစ် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပင်မဓာတ်အား ထိန်းချုပ်ခန်း၊ တမံအတွင်းရေဝင်ရောက်မှုအခြေအနေ၊ ရေပိုလွှဲမှု ရေကျော်ဆင်းမှုအခြေအနေ၊ တမံကြွှံခိုင်မှုကို နေ့စဉ်စစ်ဆေးထားရှိမှုအခြေအနေများနှင့် ပေါင်းလောင်းရေလွှဲတမံကို ကြည့်ရှုစစ်ဆေးသည်။

အထက်ပေါင်းလောင်းရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်နိုဝင်ဘာတွင် တည်ဆောက်ပြီးစီးခဲ့သည်။ ပင်မတမံသည် ကွန်ကရစ်တမံအမျိုးအစားဖြစ်ပြီး အလျားပေ ၁၆၉၀၊ အမြင့် ၃၂၂ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၃၇၉၂၃၁ ဧကပေရှိသည်။ ဓာတ်အားပေးစက်ရုံဓာတ်အားပေးစက် နှစ်လုံး တပ်ဆင်စက်အင်အား ၁၄၀ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်းခန့်ကို မဟာဓာတ်အားကွန်ရက်စနစ်သို့ ပို့လွှတ်ဖြန့်ဖြူးလျက်ရှိသည်။

ပေါင်းလောင်းမြစ်ပေါ်တွင် မဂ္ဂါဝပ် ၁၀၀ ထွက်ရှိမည့် အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပျမ်းမျှယာဉ်အစီးရေ ၂၀၀၀၀ ကျော် နေ့စဉ်ဖြတ်သန်းသွားလာနေသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး အရေးပါ

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ၏ အဓိကအချက်အချာ အဝေးပြေးလမ်းမကြီးဖြစ်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် နေ့စဉ်ပျမ်းမျှယာဉ်အစီးရေ ၂၀၀၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိပြီး မော်တော်ယာဉ်အခြေပြုသယ်ယူပို့ဆောင်ရေးကို အဓိကအားပြုနေသောကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးမှာ အရေးပါလျက်ရှိသည့်အတွက် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ရုံး (Safety Inspection Unit)အနေဖြင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှုလျော့နည်းစေရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆဖြစ်ပွားမှု							
၃။	၂၀၁၄	၄၁၂	၇၆၆	၁၅၇	၁.၁၃	၂.၁၀	၀.၄၃
	၂၀၁၅	၄၅၃	၁၀၃၃	၁.၂၄	၁.၂၄	၂.၈၃	၀.၃၄
	၂၀၁၆ ဇွန်လအထိ	၃၁၉	၆၇၉	၈၀	၁.၇၅	၃.၇၃	၀.၄၀
	စုစုပေါင်း	၁၁၈၄	၂၄၇၈	၃၆၉	၁.၃၇	၂.၈၉	၀.၄၂

ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှုလျော့နည်းစေရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ နည်းပညာအကူအညီဖြင့် Traffic Information Centre မှ Telematics စက်များ တပ်ဆင်ကာ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သည့် ခရီးသည်တင် Express ယာဉ်များနှင့် ခွင့်ပြုကုန်တင်ယာဉ်များကို ၂၄ နာရီစောင့်ကြည့်ကာ သတိပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး အမြန်လမ်းမကြီး Safety Audit Program အရ ယာဉ်အန္တရာယ်မဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားပြီးသော ဖြစ်စဉ်များကို သုံးသပ်အဖြေရှာခြင်းများ ဆောင်ရွက်၍ Safety Management Program ဆောင်ရွက်ထားရှိမှု အကျိုးရလဒ်ကို စဉ်ဆက်မပြတ်လေ့လာ ဆန်းစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် တစ်ရက်လျှင် ပျမ်းမျှ ယာဉ်စီးရေ ၂၀၄၃၀ ခန့် သွားလာလျက်ရှိပြီး အမြန်လမ်းမကြီး ရဲတပ်ဖွဲ့အင်အားမှာ ၅၁၁ ဦးသာရှိနေသည့်အတွက် ယာဉ်ထိန်းရဲတစ်ဦးသည် ယာဉ်စီးရေ ၄၀ စည်းကမ်းထိန်းသိမ်းနေရသည်ဟု သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာ ကာလအတွင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုပေါင်း ၃၁၉ မှုရှိခဲ့ပြီး ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၈၈ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၆၇၉ ဦးရှိခဲ့ကြောင်း စာရင်းများအရ သိရသည်။ အဆိုပါနှုန်းထားမှာ အမြန်လမ်းမကြီးပေါ်တွင် နေ့စဉ်ပျမ်းမျှ ယာဉ်မတော်တဆမှု ၁ ဒဿမ ၇၅ နှုန်းဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၀ ဒဿမ ၄၈ နှင့် ထိခိုက်ဒဏ်ရာရရှိသူမှာ ၃ ဒဿမ ၇၃ နှုန်းဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် တစ်နှစ်တာကာလ အတွင်း အမြန်လမ်းမကြီးပေါ်တွင် ယာဉ် မတော်တဆမှုပေါင်း ၄၅၃ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၂၄ ဦးရှိခဲ့ကာ ဒဏ်ရာရသူ ၁၀၃၃ ဦးရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် နေ့စဉ်ပျမ်းမျှ ယာဉ်မတော်တဆမှုပေါင်း ၁ ဒဿမ ၂၄ မှုနှုန်း ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၀ ဒဿမ ၃၄ နှင့် ဒဏ်ရာရရှိသူ ၂ ဒဿမ ၈၃ နှုန်းရှိခဲ့သည်။

၂၀၁၄ ခုနှစ် တစ်နှစ်တာကာလ အတွင်း အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုပေါင်း ၄၁၂ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၅၇ ဦးရှိခဲ့ကာ ဒဏ်ရာရသူ ၇၆၆ ဦး ရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် နေ့စဉ် ပျမ်းမျှ ယာဉ်မတော်တဆဖြစ်ပွားမှုနှုန်းမှာ ၁ ဒဿမ ၁၃ မှုနှုန်းဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၀ ဒဿမ ၄၃ နှင့် ဒဏ်ရာရရှိသူ ၂ ဒဿမ ၁၀ နှုန်းရှိခဲ့ကြောင်း စာရင်းများအရ သိရသည်။

ယခင် ရန်ကုန်-မန္တလေး လမ်းဟောင်းတွင်မူ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာကာလ အတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၂၀၇ မှုဖြစ်ပွားခဲ့ကာ သေဆုံးသူ ၃၃၆ ဦးနှင့် ဒဏ်ရာရရှိသူ ၁၉၀၂ ဦး ရှိခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

(၀၀၁)

❖ ကုလသမဂ္ဂမှ

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကိုရှင်းလင်းပြောကြားရာ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ကူညီပံ့ပိုးပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများနှင့် နိုင်ငံတကာ၏ ကြီးမားသည့်မျှော်မှန်းချက်များကို အကောင်အထည်ဖော်ပေးရန် အစိုးရအနေဖြင့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရပါကြောင်း၊ မကြာသေးမီကလည်း အားလုံးပါဝင်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်အပေါ်တွင် အခြေခံထားသည့် (၂၁)ရာစုပင်လုံညီလာခံကို ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ ယင်းညီလာခံသည် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် အရေးပါသည့် ပထမခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ကိစ္စနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုရရှိရေးအတွက် ဆောင်ရွက်ပေးရန် သန္ဓိဋ္ဌာန်ချထားပါကြောင်း၊

မြန်မာနိုင်ငံအပေါ် အခြားနိုင်ငံများနည်းတူ ကုလသမဂ္ဂနှင့် အပြည်သောဆောင်၍တက်ကြွစွာဖြင့် ပုံမှန်ဆက်ဆံရေးပြုလုပ်နိုင်သည့် အခွင့်အလမ်းတစ်ရပ်ကိုပေးရန် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုးတက်မှုများ ဖြစ်ပေါ်နေပြီဖြစ်သည့်အတွက် ကုလသမဂ္ဂအနေဖြင့် ယခင်နှစ်များနည်းတူထားရှိသည့် ယန္တရားအများအပြားဖြင့် မြန်မာနိုင်ငံအပေါ် စောင့်ကြည့်သွားရန် မလိုအပ်တော့ပါကြောင်း၊ သို့ပါ၍ အထူးအကြံပေးပုဂ္ဂိုလ်၏ လုပ်ပိုင်ခွင့်တာဝန်(Mandate) အပါအဝင် အတွင်းရေးမှူးချုပ်၏ အကျိုးဆောင်မှုကဏ္ဍနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာအဆိုမူကြမ်းတင်သွင်းနေခြင်းတို့ကို အဆုံးသတ်ရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် PGM အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အပြည်သဘောပါဝင်ဆွေးနွေးကြပြီး နိုင်ငံအများစုက မြန်မာနိုင်ငံကိစ္စကိုဆွေးနွေးရန် ဖွဲ့စည်းထားသည့် PGM အဖွဲ့ကို အဆုံးသတ်ရေးနှင့်ပတ်သက်၍ ထောက်ခံပြောကြားခဲ့ကြသည်။ အစည်းအဝေးတွင် အီးယူ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲက ကုလသမဂ္ဂတွင် လွန်ခဲ့သည့် ၂၅ နှစ်လုံးလုံး အီးယူက ဦးဆောင်တင်သွင်းခဲ့သော မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အဆိုမူကြမ်းကို ယခုနှစ်တွင် တင်သွင်းခြင်းပြုတော့မည်မဟုတ်ကြောင်း ပြောကြားသည်။

PGM အဖွဲ့ဝင် ၁၅ နိုင်ငံတွင် ဩစတြေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ ဂျပန်၊ နော်ဝေ၊ စင်ကာပူ၊ ထိုင်း၊ ဗြိတိန်၊ အမေရိကန်၊ ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ပထမဆုံးသော လေကြောင်းပြပွဲ ပြုံယမ်းဌ် ကျင်းပ

ပြုံယမ်း စက်တင်ဘာ ၂၄
မြောက်ကိုရီးယားနိုင်ငံက ပထမဆုံးသောလေကြောင်းပြပွဲကို ဝန်ဆန်မြို့ရှိ ပြန်လည်မွမ်းမံထားသော ကယ်လ်မာနိုင်ငံတကာလေဆိပ်တွင် ယနေ့ကျင်းပခဲ့ကြောင်း သတင်းများအရ သိရသည်။

လွတ်လပ်စွာသတင်းယူခွင့်ပေး

နှစ်ရက်ကြာကျင်းပမည့် အဆိုပါလေကြောင်းပြပွဲတွင် ကိုရီးယားပြည်သူ့စစ်တပ်ဖွဲ့နှင့် နိုင်ငံပိုင် အဲကော်ရိုးလေကြောင်းလိုင်းတို့မှ လေယာဉ်အစင်း ၂၀ ကျော်နှင့် ပြုံယမ်းလေကြောင်းကလပ်၏ လေသူရဲများ ပါဝင်ပြသလျက်ရှိသည်။ အဆိုပါလေကြောင်းပြပွဲတွင် ပြည်တွင်း၊ ပြည်ပမီဒီယာများအား လွတ်လပ်စွာသတင်းယူခွင့်ပေးခဲ့ကြောင်း သိရသည်။

ယင်းလေကြောင်းပြပွဲသို့ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်နှင့် အခြားသောထိပ်တန်းအရာရှိများ တက်ရောက်ခြင်းမရှိခဲ့ပေ။

ရုရှားနိုင်ငံထုတ်လေယာဉ်များဖြစ်

ကမ္ဘာ့လှည့်ခရီးသွားများက မိနစ်သုံးဆယ်ကြာ လေယာဉ်အလှပြစီးနင်းခွင့်ရရှိခဲ့ပြီး လေသူရဲများနှင့်အတူ လေထီးခုန်ချခြင်းအတွေ့အကြုံသစ်များ ရရှိခဲ့ကြသည်။ လေကြောင်းပြပွဲတွင် ပါဝင်ပြသခဲ့သည့် လေယာဉ်အများစုမှာ ရုရှားနိုင်ငံထုတ်လေယာဉ်များဖြစ်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ။

◆

မော်စကိုမြို့ ကုန်လှောင်ရုံ မီးလောင်ကျွမ်းမှုဖြစ် သေဆုံးသူ ရှစ်ဦးထိ မြင့်တက်လာ

မော်စကို စက်တင်ဘာ ၂၄
ရုရှားနိုင်ငံ မြို့တော်မော်စကိုဌ် စက်တင်ဘာ ၂၂ ရက်က ဖြစ်ပွားခဲ့သော ကုန်လှောင်ရုံတစ်ရုံ မီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူဦးရေ ရှစ်ဦးထိ မြင့်တက်လာကြောင်း ရုရှားအစိုးရ တာ့စ်သတင်းဌာနက ဖော်ပြသည်။

မီးလောင်မှုကြောင့် သေဆုံးသူလူရှစ်ဦး၏ ရုပ်အလောင်းများအား ကုန်လှောင်ရုံ၏ ခေါင်မိုးပေါ်တွင် ရှာဖွေတွေ့ရှိရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက ကုန်လှောင်ရုံ၏ ဓာတ်ငွေ့ဆလင်ဒါများနှင့် ဖိအားပေးစက်များကို အေးမြစေရန် ရေပိုက်များ တပ်ဆင်ဖျန်းပက်ရန်ပြုလုပ်စဉ် ရုပ်အလောင်းများကို တွေ့ရှိခြင်းဖြစ်ကြောင်း ရုရှားအရေးပေါ်လုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် မီးလောင်ကျွမ်းရာကုန်လှောင်ရုံသို့ အလျင်အမြန်သွားရောက်ပြီး အလုပ်သမား ၁၀၀ ကျော်အား ရှာဖွေကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ယင်းဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မြို့တော်မော်စကို၏အရှေ့ပိုင်း အာမူရာကာရာလမ်း၌ တည်ရှိသော အဆိုပါကုန်လှောင်ရုံမှာ မီးစွဲလောင်ခံရပြီး မီးလောင်ကျွမ်းမှု ဧရိယာမှာ စတုရန်းမီတာ ၄၀၀၀ နီးပါးမျှရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

❑

ပါကစ္စတန်လေတပ်မှ လေယာဉ်တစ်စင်း ခိုင်ဘာတောင်ကြားဒေသတွင် ပျက်ကျ၊ လေယာဉ်မှူးသေဆုံး

အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၄
ပါကစ္စတန်လေတပ်(ပီအေအက်ဖ်)မှ လေယာဉ်တစ်စင်းသည် စက်တင်ဘာ ၂၄ ရက်တွင် လူမျိုးနွယ်စုများ နေထိုင်ရာဒေသ ခိုင်ဘာတောင်ကြား၌ ပျက်ကျခဲ့ရာ လေယာဉ်မှူးတစ်ဦးသေဆုံးသွားကြောင်း လေတပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခိုင်ဘာတောင်ကြားဒေသမှ အဓိကကျသော ဂျမတ်မြို့အနီး၌ ပုံမှန်လမ်းကြောင်းအတိုင်း လေ့ကျင့်ပျံသန်းနေသည့် ပါကစ္စတန်လေတပ်မှ လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ အဆိုပါလေယာဉ်မှ လေယာဉ်မှူးမှာ ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် သေဆုံးသွားကြောင်း လေတပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါလေယာဉ်ပျက်ကျမှုကြောင့် မြေပြင်ပေါ်မှ အရပ်သားများ သေဆုံးမှုနှင့် ထိခိုက်ပျက်စီးမှုမရှိကြောင်း သတင်းများရရှိသည်ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ယင်းလေယာဉ်ပျက်ကျမှုအကြောင်းရင်းကို စုံစမ်းစစ်ဆေးရန်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ပါကစ္စတန်လေတပ်ဌာနချုပ်က ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

ဟန်ဒါရတ်ဒုက္ခသည်စခန်းကို စစ်သွေးကြွများလက်မှ ပြန်လည်သိမ်းပိုက်

ဒမတ်စကတ် စက်တင်ဘာ ၂၄
ဆီးရီးယားနိုင်ငံရှိ စစ်သွေးကြွများသိမ်းပိုက်ထားသည့် အလက်ပိုမြို့ရှိ ဒုက္ခသည်စခန်းကို ဆီးရီးယားတပ်မတော်က စက်တင်ဘာ ၂၄ ရက်တွင် ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာန ဆာနားက သတင်းထုတ်ပြန်ခဲ့သည်။

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့၏အရှေ့မြောက်ပိုင်းရှိ ဟန်ဒါရတ်ဒုက္ခသည်စခန်းကို ဆီးရီးယားတပ်မတော်နှင့် ပါလက်စတိုင်းတပ်ဖွဲ့တို့က စစ်သွေးကြွများ၏လက်မှ ပြန်လည်ရယူနိုင်ခဲ့သည်။ ဗုံးရှာဖွေရေးအဖွဲ့က စစ်သွေးကြွများ လမ်းတစ်လျှောက် ထောင်ထားသည့်ဗုံးများကို ရှာဖွေလျက်ရှိသည်။

စစ်သွေးကြွများက အဆိုပါဒုက္ခသည်စခန်းကို ဩဂုတ်လအစောပိုင်းက ဆီးရီးယားတပ်မတော်လက်မှ သိမ်းပိုက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ကုန်တိုက်တစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်

ဝါရှင်တန် စက်တင်ဘာ ၂၄
အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ကုန်တိုက်တစ်ခုတွင် စက်တင်ဘာ ၂၃ ရက် ညပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့ကြောင်း ဒေသန္တရ ရဲအရာရှိများက ဆိုသည်။

လေးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

သေနတ်သမားတစ်ဦးက 'ကတ်စ်ကာဒီ'ကုန်တိုက်ရှေ့တွင် စျေးဝယ်သူများအား ဦးတည်ရာမဲ့ပစ်ခတ်ခဲ့ရာ အမျိုးသမီးလေးဦးသေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိများက တွစ်တာလူမှုကွန်ရက်စာမျက်နှာတွင် ပြောကြားခဲ့သည်။

မီးခိုးရောင်အင်္ကျီဝတ်ဆင်ထားသည့် သံသယရှိသူ အမျိုးသားအား ရဲအရာရှိများက လိုက်လံရှာဖွေလျက်ရှိပြီး လက်နက်ကိုင်တစ်ဦးထက်ပိုမိုပါဝင်ပတ်သက်မှု ရှိ၊ မရှိကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အင်နန်အိတ်ချ်ကေ။

ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝပို့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

စစ်တွေ စက်တင်ဘာ ၂၄

ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၃/၂၀၁၆)ကို စက်တင်ဘာ ၂၄ ရက် ညနေ ၃ နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လုပ်ငန်းကော်မတီအနေဖြင့် (၁/၂၀၁၆)နှင့် (၂/၂၀၁၆) ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခု (၃/၂၀၁၆)ကို ရခိုင်ပြည်နယ် အစိုးရရုံးတွင် လာရောက်ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ်ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီ ဒုတိယဥက္ကဋ္ဌများကို ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း၊ တတိယအကြိမ်မြောက် (၃/၂၀၁၆)အစည်းအဝေးတွင် ဝန်ကြီးဌာနများ အနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များကို ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းစီမံချက်များကို ကွဲလွဲမှုမရှိစေရေးစိစစ်ပြီး အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန်လိုကြောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြရာ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ပြည်ထောင်စုဝန်ကြီးတို့က ပေါင်းစပ်ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်အတွက် ဖိုက်ဘာစက်တပ်လေ့တစ်စင်းလျှင် ငွေကျပ် ၂၂ သိန်း တန်ဖိုးရှိ စက်လေ့ ၁၀ စင်းနှင့် မြန်မာနိုင်ငံဆေးပညာကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၇၃၂၁၉၁၈ ကျပ် တန်ဖိုးရှိ ဆေးပစ္စည်းများကိုပေးအပ်ရာ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာအခွန်ဝန်ကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က လက်ခံရယူခဲ့ကြသည်။ ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင်မြန်/ဆက်)

ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုပက်ဒရယ်ကောင်စီ(UNFC)က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)တို့ ထိုင်းနိုင်ငံ ချင်းမိုင်တွင် တွေ့ဆုံမည်

နေပြည်တော် စက်တင်ဘာ ၂၄

ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ(UNFC)က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တို့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ စက်တင်ဘာ ၂၅ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးကော်မရှင်သည် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်၏ ဖိတ်ခေါ်မှုကြောင့် ယနေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်သို့ ထွက်ခွာသွားခြင်းဖြစ်ကြောင်း သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောကြားသည်။

ဦးဇော်ဌေးက "အဓိကကတော့ DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်နဲ့ ငြိမ်းချမ်းရေးကော်မရှင်တို့ အလွတ်သဘော အရင်ဆွေးနွေးတာပါ။ DPN အဖွဲ့နဲ့ ချင်းမိုင်မှာဆွေးနွေးဖို့ သဘောတူပါတယ်။ ဒီနေ့မှာ ချင်းမိုင်ကို ထွက်သွားတယ်။ မနက်ဖြန်မှာ ဆွေးနွေးမယ်။ ချင်းမိုင်အစည်းအဝေးမှာတော့ ဘာတွေဆွေးနွေးမလဲ အတိအကျ မသိဘူး။ ကျွန်တော် ပြောချင်တာက (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို နောက်ခြောက်လအကြာမှာ ကျင်းပမယ်။ အဲဒီလို မကျင်းပခင် တစ်နိုင်ငံလုံးမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ကြမယ်။ အဲဒီအခါကြရင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ ဘက်မှာ NCA လက်မှတ်ထိုးခြင်း၊ မထိုးခြင်းဆိုတာက အသိအမှတ်ပြုခြင်း၊ မပြုခြင်းဆိုတဲ့အချက်တွေအပေါ်မှာ မူတည်နေတယ်။ ကျွန်တော်တို့ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကတော့ သူတို့အားလုံး ပါဝင်လာအောင် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဆွေးနွေးတဲ့အခါမှာတော့ အကောင်းဆုံး ရလဒ်ထွက်ပေါ်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားတယ်"ဟု ပြောသည်။

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)နှင့် ဆွေးနွေးရာတွင် အစိုးရဘက်မှ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးအောင်ကြည်၊ အဖွဲ့ဝင် ဒေါက်တာမင်းဇော်ဦးနှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုး(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)တို့ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ(UNFC) အဖွဲ့ဝင်များက NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဩဂုတ်လအတွင်းက ရန်ကုန် NRPC တွင်ပြုလုပ်သည့် Framework Review အစည်းအဝေးတွင် မူကြမ်း (၈)ချက်အား အဆိုပြုတင်သွင်းထားသော်လည်း စက်တင်ဘာ ၁၆ ရက်က ပြုလုပ်သည့် Framework Review အစည်းအဝေးသို့မူ တက်ရောက်နိုင်ခြင်းမရှိပေ။

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဆောင်ရွက်နိုင်မှုအခြေအနေကို ဦးဇော်ဌေးက "DPN နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ လုပ်ဆောင်ခဲ့တာကတော့ နိုင်ငံရေးဆွေးနွေးပွဲမူဘောင် ပြန်လည်သုံးသပ်တဲ့ အစည်းအဝေးတွေမှာ UNFC ကိုယ်စားလှယ်ဖြစ်တဲ့ DPN ကို ပါဝင်ဖို့ ဖိတ်ခေါ်ခဲ့တယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ပထမအစည်းအဝေးအတွက် ပူးတွဲကော်မတီနဲ့ အစည်းအဝေးကျင်းပဖို့ ဆောင်ရွက်တဲ့နေရာမှာ အစိုးရရယ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရယ်၊ နိုင်ငံရေးပါတီတွေရယ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းမှာတော့ NCA လက်မှတ်ထိုးပြီးသားရော၊ မထိုးရသေးတဲ့အဖွဲ့တွေရော ပါဝင်လာနိုင်တယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ပထမအစည်းအဝေးမှာလည်း UNFC တက်ရောက်နိုင်ဖို့ သူတို့ရဲ့ ရပ်တည်ချက်သဘောထားတွေ ပြောကြားနိုင်ဖို့ NCA လက်မှတ်ထိုးပြီးသားအဖွဲ့တွေနဲ့ တန်းတူညှိနှိုင်းပါဝင်ဖို့ ဆောင်ရွက်ပေးနိုင်ခဲ့တယ်။ UNFC နဲ့ ကျွန်တော်တို့ဆွေးနွေးနေတာ သူတို့ Statement ထုတ်ထားတဲ့ အချက် ရှစ်ချက်ရှိတယ်။ အဲဒီ ရှစ်ချက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဖိတ်ခေါ်တယ်။ ဆွေးနွေးဖို့ တံခါးဖွင့်ထားတယ်"ဟု ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်က နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် ၅၀/၂၀၁၆ ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

သတင်း- ရဲခေါင်ညွန့်

၂၀၁၆ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၀ ရက် နံနက်တွင် ရန်ကုန်မြို့ရှိ အမျိုးသား သွေးဌာန(ရန်ကုန်)၌ စုပေါင်းသွေးလျှာ်ဒါန်းကြစဉ်။ (သတင်းစဉ်)

ကွန်ကရစ် ဘီးလမ်းဆောင်ရွက်

သထုံ စက်တင်ဘာ ၂၄

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းသည် မြို့နယ်ဦးစီးမှူး၊ မော်ဘီကျေးရွာ အုပ်ချုပ်ရေးမှူး၊ အောင်ဇေထွန်းကုမ္ဍဏီမှ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၂ ရက်က ပေါင်မြို့နယ် လက်ပံတော-မော်ဘီ-နတ်မော် ကွန်ကရစ်ဘီးလမ်း(၃/၀) မိုင် ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့အောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ပါတီတည်ထောင်ခြင်း (၂၈)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (၂၈)နှစ်မြောက် တည်ထောင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဌာနချုပ်၌ ကျင်းပရာ ပါတီဥက္ကဋ္ဌ ဦးသန်းတင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသန်းဌေး၊ အခြားနိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာဝတိပါတီဥက္ကဋ္ဌ ဦးသန်းတင်က အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏ ဆွေးနွေးချက်ကို ဗဟိုအလုပ်အမှုဆောင် ဦးသိန်းထွန်းက ဖတ်ကြားကာ ပါတီတည်ထောင်ခြင်း (၂၈)နှစ်မြောက် အထိမ်းအမှတ်နေ့တွင် ထုတ်ပြန်သည့် ပါတီ၏ သဘောထားရပ်တည်ချက်ကို ဗဟိုအလုပ်အမှုဆောင် ဦးထွန်းရီက ဖတ်ကြားသည်။

ထို့ပြင် ပါတီတည်ထောင်ခြင်း (၂၈)နှစ်မြောက်အထိမ်းအမှတ် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ပါတီဌာနချုပ်၌ကျင်းပရာ ပါတီ ဗဟိုအလုပ်အမှုဆောင် ဦးဟန်ရွှေ၊ ဦးသိန်းထွန်း၊ဦးထွန်းရီတို့က ရှင်းလင်းပြောကြားကြပြီး သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားကြသည်။

ကိုလတ်(သတင်းစဉ်)

ပဲနွယ်ကုန်းမြို့ အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ပဲနွယ်ကုန်း စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ပဲနွယ်ကုန်းမြို့ အထက "ပညာတံခွန်"ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အဆိုပါ အာစရိယပူဇော်ပွဲအတွက် လျှာ်ဒါန်းလိုပါက ဦးဌေးဝင်း ဖုန်း ၀၉-၅၁၁၈၁၉၄၊ ဒေါ်ခင်စန်းရီ(မင်္ဂလာဈေး) ၀၁-၂၂၃၉၀၄၊ ဦးသန်းထွန်း(ဂမုန်းပွင့်)၀၉-၅၁၇၅၅၁၀၊ ဦးရဲထွန်းနိုင် ၀၉-၅၀၂၀၁၀၄၊ ဦးထွန်းချစ်အောင် ၀၉-၅၃၈၈၃၂၁၊ ဦးနေဝင်း(ဇေယျာညွှန့်) ၀၉-၇၉၀၁၄၇၃၀၂၂၊ ဦးမိုးကျော်စွာ(ဇောတိက) ၀၉-၅၁၇၀၇၅၆၊ ဦးဝင်းကျော်သူ (ရွှေဆိုင်) ၀၉-၄၂၈၁၉၄၃၄ တို့သို့ ဆက်သွယ်လျှာ်ဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မူးယစ်သားကောင်မဖြစ်စေရေး
ဖေးမကူညီဝိုင်းဝန်းပေး

အဖတ်ဆယ်လို့ ရနိုင်ပါဦးမလား

မောင်ဆွေ

သူတို့သူငယ်ချင်းတစ်သိုက် ဒီလ ဆုံဖြစ်ကြသည်။ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသည့် သူငယ်ချင်းကိုသက် ခွင့်ဖြင့် ခေတ္တပြန်လာသည်မို့ ရန်ကုန်ရှိ သူငယ်ချင်းများနှင့် တနင်္ဂနွေနေ့ညပိုင်း ဆုံဖြစ်ကြခြင်းဖြစ်သည်။ ချိန်းဆိုထားသောဆိုင်သို့ တဖွဲဖွဲ ရောက်လာကြ၊ နှုတ်ဆက်ကြ၊ စားသောက်စရာတွေမှာကြ၊ ရောက်လာတော့ ခရီးယား၊ ကမ်းပေ့လုပ်ကြ၊ စားကြနှင့် စကားကလည်း တောင်ရောက်၊ မြောက်ရောက်။

ထုံးစံအတိုင်း ကွယ်လွန်သွားပြီဖြစ်သော်လည်း မမေ့နိုင်သည့် အချစ်ဆုံး သူငယ်ချင်း ကျော်ဇောကို သတိရကြောင်းပြောဖြစ်ကြသည်။ ပြီးတော့ အဆင့်မြင့်လွန်းသဖြင့် လိုက်မမီဖြစ်ရသော သူငယ်ချင်း ဒေါက်တာစန်းယု၏ ကဗျာများအကြောင်း၊ နီနီအောင်တို့၏ ကိုင်းကုန်းကျောင်း ဆွမ်းစားဆောင် ရေစက်ချပွဲသို့ သွားတက်ခဲ့ပြီး သူငယ်ချင်း တော်တော်စုံစုံလင်လင်နှင့် တွေ့ခဲ့သည့်အကြောင်း၊ (၂၅) ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ အားလုံးသွားနိုင်အောင် ကြိုးစားကြဖို့အကြောင်း ပြောဖြစ်သည်။ ပွဲအကျဆုံး ဖြစ်ရသည်က ငယ်စဉ်က အေးလွန်း၊ အနစ်နာခံလွန်း၊ သဘောကောင်းလွန်းသော ဇာနည်မောင်က သူတို့တွေ ချိန်းတွေ့တိုင်း အဖော်အဖြစ်လိုက်ရသဖြင့် တွေ့ကြုံခဲ့ရသော ငယ်ကျိုးငယ်နာများကို ဖော်ကောင်လုပ်ရာ သူတို့တဝါးဝါး၊ တဟားဟားနှင့် ရယ်မောသံက ဘေးဝိုင်းများအထိ လျှံထွက်သွားသည်။

နောက်တော့ . . . သူ့ကို ကြည့်ပြီး မြတ်သူက စကားစသည်။

"လယ်သမားတွေက အရမ်းဒုက္ခရောက်နေတယ်။ ချေးငွေက မလုံလောက်၊ ၂၀ ကျော်ပဲ ထွက်တယ်။ လယ်သမားက စိုက်ပြီးတာနဲ့ အရင်းအနှီးမရှိတော့ ဒီအတိုင်း ပစ်ထားလိုက်ရတော့တာ။ ရိတ်သိမ်းချိန်ရောက်မှ ရိတ်တော့ တင်း ၂၀ လောက်ပဲ ရတယ်။ တကယ်လို့ မြေဩဇာလိုမျိုး၊ ပိုးသတ်ဆေးလိုမျိုး၊ ပေါင်းရှင်းဖို့ ငွေရှိတာမျိုးဆိုရင် တစ်ဧက တင်း ၁၀၀ ကျော် ပြေးမလွတ်ဘူး။ ငါသိပ်နှမြောတာပဲ။ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ဖို့ဆိုရင် အောက်ခြေအထိဆင်းပြီး ငွေကြေးပံ့ပိုးတာအပြင် နည်းပညာပံ့ပိုးတာပါ လုပ်ဖို့လိုတယ်လို့ ငါထင်တယ်" ဟု ကိုသက်က ပြောသည်။

"ငါတို့လို ရေခံမြေခံကောင်းပြီး ရာသီမရွေးစိုက်ပျိုးနိုင်၊ နေရာဒေသမရွေး စိုက်ပျိုးနိုင်တဲ့နိုင်ငံ တော်တော်ရှားပါတယ်။ ငါတို့က ကုသိုလ်ကံကောင်းလွန်းပေမယ့် ခေတ်အဆက်ဆက်က စိုက်ပျိုးရေးကို စာရွက်ပေါ်မှာပဲ လုပ်တယ်၊ အောက်ခြေရဲ့တင်ပြချက်ကို နားမထောင်ဘဲ အပေါ်ကနေ စိတ်ကူးယဉ်ပြီး မမှန်ကန်တဲ့ ညွှန်ကြားချက်တွေ ပေးတယ်။ နည်းပညာနောက်မလိုက်နိုင်ဘူး။ တောင်သူလယ်သမားတွေရဲ့ဘဝ လုံခြုံစိတ်ချရဖို့ အားပေးကူညီမှု နည်းခဲ့တယ်။ ဒါတွေကို အခုချက်ချင်း အရေးတယူ ပြင်ဆင်မှုတွေ မလုပ်ရင် နောင်ဆယ်နှစ်၊ ဆယ့်ငါးနှစ်မှာ ငါတို့နိုင်ငံ စားနပ်ရိက္ခာဘေး ကြုံရနိုင်တယ်။

"ရွာတွေမှာ အခုဆိုရင် လယ်လုပ်သူတောင် တော်တော်ရှားနေပြီ။ ထိုင်းနိုင်ငံနဲ့ နီးစပ်တဲ့ ဒေသက တချို့ရွာတွေဆို ထိုင်းမှာ သွားအလုပ်လုပ်တာ တစ်ရွာလုံးလိုလို ဖြစ်နေပြီ။ အိမ်တွေကတော့ သွပ်မိုး၊ အုတ်ကြွတ်မိုးနဲ့၊ ဆိုင်ကယ်နဲ့၊ တီဗီနဲ့ ပြည့်စုံပါရဲ့။ သွားတဲ့လူက ပြန်မလာနိုင်တော့ဘူး။ ဟိုမှာ လေးလုံးနဲ့ဆုံးရင်ဆုံး၊ ပြန်လာပြီးမှ လေးလုံးနဲ့ ဆုံးချင်ဆုံးနဲ့။ ကောင်းရောင်းကောင်းဝယ် သွားလုပ်တဲ့သူက မရှိဘူး မဟုတ်ပေမယ့် တော်တော်ရှားတယ်။

အခုတော့ ပြတင်းပေါက်တွေ ဖွင့်လိုက်တာ ပိုးမွှားတွေတင် မကဘူး၊ ကူးစက်ရောဂါတွေပါ ပါလာတယ်လို့တင်စားရမလို ဖြစ်နေပြီ။ ရန်ကုန်မြို့လယ်မှာကို လူသတ်၊ အကြမ်းဖက်၊ လုယက်၊ ခြိမ်းခြောက်နဲ့။ နယ်မြို့တွေမှာလည်း ဘာထူးလဲ၊ နေ့ခင်းကြောင်တောင် ဖြစ်ချင်တာ အကုန်ဖြစ်နေတယ်။ လေးလောင်းပြိုင်၊ သုံးလောင်းပြိုင်ကလည်း ဖြစ်သွားသေး။ ဒါတွေက သိန်းနိုင် ပြောသလို အဖတ်ဆယ်လို့တောင် ရပါတော့မလားဘဲ . . .

နောက်ကျ၊ လယ်ယာလုပ်သားက ရှားပါး၊ စပါးကို စိုက်ပြီးသွားရင် သွင်းအားစုတွေ မထည့်နိုင်၊ ပိုးသတ်ဆေး မဖျန်းနိုင်၊ ဖောင်စီးရင်း ရေငတ်ဖြစ်နေတယ်။ သတင်းစာဆရာကြီး -ဒါတွေ မင်းရေးတဲ့သတင်းထဲမှာ ထည့်ရေးဦး"။

ဇာနည်မောင်က "အစိုးရအဆက်ဆက်ကလည်း စိုက်ပျိုးရေးအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့၊ စက်မှုလယ်ယာမှသည် စက်မှုနိုင်ငံဆီတို့သို့ လုပ်ကြတာပဲ။ ပြောလိုက်ရင် လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက ကျေးလက်ဒေသတွေမှာ နေထိုင်တယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ရမယ်ဆိုပြီး စားကောင်းသောက်ကောင်းသဘောမျိုး ကြွေးကြော်တာပဲ။ ဒါပေမယ့် လယ်သမားတွေမှာ လယ်သိမ်းခံရ၊ စပါးက စျေးခေါင်ခိုက်နေပေမယ့် ပွဲစားတွေ၊ ကုန်သည်တွေကသာ အများဆုံးအမြတ်တွေရကြ၊ မျိုးစပါးတောင် အနိုင်နိုင်ချန်ထားရနဲ့ ပြောရရင် မကောင်းပါဘူးကွာ"ဟု ထောက်ခံသည်။

"ဟိုတုန်းက ရှိသေးတယ်။ ငါနေခဲ့တဲ့ ကျေးရွာမှာ တချို့ လယ်သမားဆို တစ်ဧကစပါး တင်း ၂၀၀ နီးပါး ထွက်ပေမယ့် မပြောရဲဘူး။ အသိမပေးရဲဘူး။ သိသွားလို့ဌာနဆိုင်ရာက သူ့လယ်ထဲ ကောက်ရိတ်သိမ်းပွဲဆိုပြီး လာလုပ်ရင် စပါးခင်းပျက်စီးမှာ။ စပါးတွေ စျေးကျနေရင် တောင်သူတွေအတွက် အဆင်ပြေအောင် အစိုးရက စျေးနှုန်းသတ်မှတ် ဝယ်ယူပေးတာတို့၊ ကောင်းမွန်မှန်ကန်တဲ့ မျိုးစပါးတွေ ရောင်းပေးတာတို့၊ မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ အဆင်ပြေအောင် လုပ်ပေးတာ၊ ထောက်ပံ့တာတို့က အမည်ခံလောက်ပဲ လုပ်ပေးတာ။ တောင်သူလယ်သမားကဏ္ဍကို အစိုးရက အာရုံစိုက်တာ အားနည်းခဲ့တယ်"ဟု လှမိုးကဆိုသည်။

"အရင်ခေတ်ကာလတုန်းကများ တော်တော်နောက်တဲ့သူတွေ။ စာရင်းလိမ်တွေဖတ်ပြီး လူဦးရေ သန်း ၅၀ သာမက သန်း ၁၀၀ ကိုတောင် ကျွေးနိုင်တယ်လို့ ကြွေးကြော်လိုက်သေးတယ်။ မှတ်မိတယ်မဟုတ်လား။ ပြည်ပကို ကျတော့ စပါးက ထင်သလောက် မရောင်းနိုင်ဘဲနဲ့"ဟု စိုးမိုးလွင်က ဝင်ပြောသည်။

"ဟုတ်တယ်။ စာရင်းတွေက ဖောင်းပွတာလေ။ နောက်တော့ တိုးပွားလာတဲ့ လူဦးရေ သန်း ၁၀၀ အထိ ကျွေးမွေးနိုင်အောင် လုပ်ရမယ်လို့ ပြင်ပြောတယ်လေ။ တော်တော် မျက်နှာပြောင်တဲ့သူတွေ"ဟု နေလင်းက ဖြည့်စွက်သည်။

"လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ် မြိတ်မှာ ငါ တာဝန်ကျတုန်းက မြင်ခဲ့ရတာက ကျွဲကူးတံတားလေးပဲခြားတဲ့ ကျေးရွာတချို့မှာ စပါးက တစ်ဧကမှ တင်း ၂၀ ကျော်ပဲ ထွက်တယ်။ လယ်သမားက စိုက်ပြီးတာနဲ့ အရင်းအနှီးမရှိတော့ ဒီအတိုင်း ပစ်ထားလိုက်ရတော့တာ။ ရိတ်သိမ်းချိန်ရောက်မှ ရိတ်တော့ တင်း ၂၀ လောက်ပဲ ရတယ်။ တကယ်လို့ မြေဩဇာလိုမျိုး၊ ပိုးသတ်ဆေးလိုမျိုး၊ ပေါင်းရှင်းဖို့ ငွေရှိတာမျိုးဆိုရင် တစ်ဧက တင်း ၁၀၀ ကျော် ပြေးမလွတ်ဘူး။ ငါသိပ်နှမြောတာပဲ။ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ဖို့ဆိုရင် အောက်ခြေအထိဆင်းပြီး ငွေကြေးပံ့ပိုးတာအပြင် နည်းပညာပံ့ပိုးတာပါ လုပ်ဖို့လိုတယ်လို့ ငါထင်တယ်" ဟု ကိုသက်က ပြောသည်။

"ငါတို့လို ရေခံမြေခံကောင်းပြီး ရာသီမရွေးစိုက်ပျိုးနိုင်၊ နေရာဒေသမရွေး စိုက်ပျိုးနိုင်တဲ့နိုင်ငံ တော်တော်ရှားပါတယ်။ ငါတို့က ကုသိုလ်ကံကောင်းလွန်းပေမယ့် ခေတ်အဆက်ဆက်က စိုက်ပျိုးရေးကို စာရွက်ပေါ်မှာပဲ လုပ်တယ်၊ အောက်ခြေရဲ့တင်ပြချက်ကို နားမထောင်ဘဲ အပေါ်ကနေ စိတ်ကူးယဉ်ပြီး မမှန်ကန်တဲ့ ညွှန်ကြားချက်တွေ ပေးတယ်။ နည်းပညာနောက်မလိုက်နိုင်ဘူး။ တောင်သူလယ်သမားတွေရဲ့ဘဝ လုံခြုံစိတ်ချရဖို့ အားပေးကူညီမှု နည်းခဲ့တယ်။ ဒါတွေကို အခုချက်ချင်း အရေးတယူ ပြင်ဆင်မှုတွေ မလုပ်ရင် နောင်ဆယ်နှစ်၊ ဆယ့်ငါးနှစ်မှာ ငါတို့နိုင်ငံ စားနပ်ရိက္ခာဘေး ကြုံရနိုင်တယ်။

"ရွာတွေမှာ အခုဆိုရင် လယ်လုပ်သူတောင် တော်တော်ရှားနေပြီ။ ထိုင်းနိုင်ငံနဲ့ နီးစပ်တဲ့ ဒေသက တချို့ရွာတွေဆို ထိုင်းမှာ သွားအလုပ်လုပ်တာ တစ်ရွာလုံးလိုလို ဖြစ်နေပြီ။ အိမ်တွေကတော့ သွပ်မိုး၊ အုတ်ကြွတ်မိုးနဲ့၊ ဆိုင်ကယ်နဲ့၊ တီဗီနဲ့ ပြည့်စုံပါရဲ့။ သွားတဲ့လူက ပြန်မလာနိုင်တော့ဘူး။ ဟိုမှာ လေးလုံးနဲ့ဆုံးရင်ဆုံး၊ ပြန်လာပြီးမှ လေးလုံးနဲ့ ဆုံးချင်ဆုံးနဲ့။ ကောင်းရောင်းကောင်းဝယ် သွားလုပ်တဲ့သူက မရှိဘူး မဟုတ်ပေမယ့် တော်တော်ရှားတယ်။ သူတို့အိမ်တွေကလည်း ဒါကို နောင်ကြဉ်ရကောင်းမှန်း မသိဘူး။ အတုမြင်အတတ်သင်ပဲ။ သူသွား၊ ငါသွားပဲ။ ဒါတွေ အဖတ်ဆယ်လို့တောင် ရပါတော့မလား။ ငါစဉ်းစားမိတယ်"ဟု သိန်းနိုင်ကပြောတော့ အားလုံး ခဏတော့ တွေဝေသွားကြသည်။

အသံတွေတိတ်သွားပြီး သက်ပြင်းတွေ ချမိကြသည်။ ပြီးတော့ အားလုံး တိုင်ပင်ထားသလို စားပွဲပေါ်ရှိ ခွက်ထဲမှ ဘီယာများကို မော့ချလိုက်ကြပြီး သောကအမောတွေကို မျှောချလိုက်သည်။

ခဏကြာတော့ စကားအစရှာကောင်းသော မြတ်သူက အကြောင်းအရာတစ်ခု ထပ်စသည်။

"ငါတို့ တစ်နိုင်ငံလုံး မလုံခြုံတော့ဘူးလို့ ခံစားရတယ်။ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်အထိ ဘဏ်ကနေ ငွေထုတ်ပြီး ပိုက်ဆံထုတ်ကို ဒီအတိုင်း ကိုင်ချင်ကိုင်၊ ကြွပ်ကြွပ်အိတ်ထဲထည့်ပြီးဖြစ်ဖြစ် လက်ထဲယမ်းပြီး မြို့ထဲလျှောက်သွားလို့ရခဲ့တယ်။ အဲဒီ အချိန်တုန်းက ငါကဘာသာပြန်စာအုပ်တွေ အဖတ်များတာမို့ နိုင်ငံခြားမှာ ဒီလို ပိုက်ဆံထုတ်ကိုင်ပြီး လျှောက်သွားရင် လုယက်တဲ့လူ၊ အကြမ်းဖက်တဲ့လူနဲ့တွေ့ပြီး ပါသွားတာ၊ မြို့ပေါ်အထိ သေနတ်နဲ့ ပစ်သတ်တာ၊ ဒုစရိုက်မှုတွေ ထူပြောတာ ဖတ်ရတယ်။ ဩော် ငါတို့နိုင်ငံက မတိုးတက်ပေမယ့် အေးဆေးပေါ့၊ လုံခြုံတယ်ပေါ့။ အခုတော့ ပြတင်းပေါက်တွေ ဖွင့်လိုက်တာ ပိုးမွှားတွေတင် မကဘူး၊ ကူးစက်ရောဂါတွေပါ ပါလာတယ်လို့တင်စားရမလို ဖြစ်နေပြီ။ ရန်ကုန်မြို့လယ်မှာကို လူသတ်၊ အကြမ်းဖက်၊ လုယက်၊ ခြိမ်းခြောက်နဲ့။ နယ်မြို့တွေမှာလည်း ဘာထူးလဲ၊ နေ့ခင်းကြောင်တောင် ဖြစ်ချင်တာ အကုန်ဖြစ်နေတယ်။ လေးလောင်းပြိုင်၊ သုံးလောင်းပြိုင်ကလည်း ဖြစ်သွားသေး။ ဒါတွေက သိန်းနိုင် ပြောသလို အဖတ်ဆယ်လို့တောင် ရပါတော့မလားဘဲ"။

"လူသတ်၊ ဓားပြတိုက်၊ လုယက်သူတွေရဲ့ မှတ်တမ်းကို ပြန်ကြည့်တော့ အလားတူ လူသတ်၊ လုယက်၊ အကြမ်းဖက်မှုကျူးလွန်လို့ သေဒဏ်၊ တစ်သက်တစ်ကျွန်းအကြိမ်ကြိမ် ကျထားဖူးသူတွေပါတာ တွေ့ရတယ်။ သူလိုလူမျိုးက အပြင်ကို လွတ်ငြိမ်းသက်သာခွင့်နဲ့ရောက်၊ ဝရမ်းပြေးဖြစ်ပြီးရောက်ဆိုတော့ ဒီလူတွေက ထောင်မကြောက်၊ တန်းမကြောက်နဲ့ ပြစ်မှုတွေထပ်ပြီး ကျူးလွန်ကြတာပေါ့"

"ထောင်ရဲ့ အဓိပ္ပာယ်ကို ပြန်ဖွင့်ဆိုဖို့လိုနေတယ်။ ငါဆိုလိုတာက ထောင်ဆိုတာ ကျူးလွန်ခဲ့မှုတွေအတွက် နောက်ဆုံးပန်းတိုင်မဖြစ်ရဘူး။ သူ့အပြစ်ကို ဆေးကြောတဲ့နေရာ၊ ပြစ်မှုကြွေးကို ချွေးနဲ့ဆပ်ပြီးရင် သူဟာ လူကောင်းတစ်ယောက်ပြန်ဖြစ်သွားဖို့ လိုတယ်။ ထောင်ထဲမှာ မကောင်းတဲ့လူတွေ ဆုံတွေ့ပြီး အုပ်စုဖွဲ့တဲ့နေရာ၊ မကောင်းတဲ့ အတတ်ပညာတွေ ဆည်းပူးတဲ့နေရာ မဖြစ်ရဘူး။ ထောင်ထဲမှာ လူအမျိုးမျိုး၊ အကျင့်အမျိုးမျိုးပေမယ့် ထောင်က နိဂုံးမဟုတ်ဘူးဆိုတာ သိဖို့လိုတယ်။ ထောင်သားတွေကို စောင့်ကြပ်ရတဲ့ ဝန်ထမ်းတွေကလည်း တရားမျှတမှုအတွက် လမ်းပြတဲ့သူတွေ ဖြစ်ဖို့လိုတယ်။ နိုင့်ထက်စီးနင်းပြုကျင့်သူတွေ၊ မကောင်းမှုကို အားပေးအားမြှောက်တဲ့သူတွေ မဖြစ်သင့်ဘူး။ ထောင်ထဲမှာလည်း တရားထိုင်တာတွေ၊ ဆရာတော်တွေပင့်ပြီး တရားနာခိုင်းတာတွေ လုပ်တာ၊ သက်မွေးဝမ်းကျောင်းပညာသင်ကြားပေးတာ၊ စာမေးပွဲဖြေဆိုစေတာလုပ်တယ်ဆိုပြီး သတင်းတွေမှာ ဖတ်ရ၊ တွေ့ရပေမယ့် မတရားမှုတွေကပဲ များနေတယ်။ For Show (ဟန်ပြ)ပဲ လုပ်နေတာဆိုရင် မကိုက်သေးဘူးလို့ ငါထင်တယ်"။

"ပြစ်မှုပြစ်ဒဏ်ကို မျှတအောင်လုပ်ဖို့လိုတယ်။ ပြီးရင် သူတို့ကို ဘာပြစ်ဒဏ်ဖြစ်လို့ ဘယ်လို ပြစ်ဒဏ်ချမှတ်လိုက်တယ်ဆိုတာ ကျယ်ကျယ်ပြန့်ပြန့် သတင်းတွေ ထုတ်ပြန်တာ၊ ရုပ်မြင်သံကြားက ထုတ်လွှင့်တာ လုပ်ဖို့လိုတယ်။ ဒါမှ နမူနာယူနိုင်မယ်။ ဟိုးအရင် ခါးပိုက်နှိုက်ခေတ်ကတည်းက အမျိုးသမီးတွေပါ ပြစ်မှုတွေ ကျူးလွန်ကြတာတွေ့ရပေမယ့် အခုခေတ်ကွာ ဆယ်ကျော်သက် မိန်းကလေးတွေ ဒုစရိုက်မှုတွေမှာဝင်ပါတာ အံ့ဩပါတယ်။ လုယက်တဲ့အလုပ်ကို ဆယ်ကျော်သက် မိန်းကလေးတွေ လုပ်တယ်၊ သတ်ဖြတ်တာကို ဒီအရွယ်လေးနဲ့ လုပ်တယ်ဆိုတာ အနာဂတ်အတွက် မကောင်းဘူး"

"အဓိကက မူးယစ်ဆေးဝါးကွ။ မူးယစ်ဆေးဝါးကြောင့် ဒီလို နောက်ဆက်တွဲတွေ ဖြစ်နေတာ။ သူတို့တွေက ယင်းထရင် လူလည်း သတ်ရဲတယ်။ မိဘလည်း မသိတော့ဘူး။ သားသမီးလည်း မသိတော့ဘူး။ ပြတ်ပြတ်သားသားနှိမ်နင်းမှရမယ်။ မူးယစ်ဆေးဝါးမှုကို အရေးယူဆောင်ရွက်နေပေမယ့် ရလဒ်က မကောင်းသေးဘူး။ လုပ်တဲ့သူတွေ နောင်ကျဉ်တာ၊ ကြောက်ရွံ့သွားတာ မရှိဘူး။ တစ်ခါလွတ်ရင် တစ်သက်စားမကုန်သလို လက်ရဲဇက်ရဲ ကျူးလွန်နေကြတယ်။ ရင်လေးဖို့ သိပ်ကောင်းတယ်"။

"ဒါနဲ့ မင်းတို့ ဖေ့စ်ဘွတ်အမြဲကြည့်ဖြစ်လား" ဟု လှမိုးက မေးသည်။

သူတို့ပြန်ဖြေပြီးတော့ လှမိုးက စကားဆက်သည်။

"ဖေ့စ်ဘွတ်ရဲ့ ကောင်းကွက်က ပြောမကုန်ဘူး။ ယူတတ်ရင် ပညာရေး၊ ကျန်းမာရေးအသိ၊ ဘာသာရေးအသိ၊ နိုင်ငံတကာအသိ၊ ဖျော်ဖြေရေးဘက်စုံ ကောင်းတယ်။ ပညာရတယ်။ ဒါပေမယ့် ငါမြင်သလောက်တော့ ငါတို့လူမျိုးက တော်တော်ဆိုးလွန်းတယ်။ တစ်ခုခုကိုယ့်စိတ်နဲ့ မတွေ့ရင်၊ ကိုယ်နဲ့သဘောထား မတူရင် ကိုယ့်မိဘအရွယ်လောက်ရှိတဲ့ ကိုယ့်ထက်အသက်၊ ဝါကြီးရင့်သူတွေ၊ ဆရာတော်၊ သံဃာတော်တွေ အပါအဝင်ကို ဆဲဆိုနေတာ၊ အဂါရဝပြုတာကတော့ တော်တော်ဆိုးလွန်းတယ်။ ဘာသာရေးအသိ နည်းနည်းပဲရှိရင်တောင် ငရဲကြီးမယ်၊ အကုသိုလ်ဖြစ်မယ် ဆိုတာလောက်သိပြီး ရှောင်ကျဉ်ကြမှာ။ အခုကတော့ လုံးဝကို အလေးမထားဘူး။ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ်ပါ။ ဒါကိုတော့ သိသင့်တယ်မဟုတ်လား။ ငါကတော့ အခုနောက်ပိုင်းဆို အချိန်ပိုင်းလောက်ပဲ သတင်းထူး၊ သတင်းဦးနဲ့ ကျန်တာလေ့လာဖို့ ခဏဖွင့်တယ်။ Comment တွေဆိုလုံးဝ မဖတ်တော့ဘူး။ ကိုယ်က အလကားနေရင်း သူတို့စာတွေဖတ်ပြီး စိတ်တို၊ ဒေါသထွက်ရလွန်းလို့လေ။"

(ဆက်လက်ဖော်ပြပါမည်။)



ကြေးမုံ ဖတ်ကြည့်

မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။

ကျော်စောမင်း

၁။ ။ဆိုင်ကိုပက်သ်များ

ဆိုင်ကိုပက်သ် Psychopaths ဆိုသည်မှာ မူမှန်စိတ်မရှိသူများဟု အဓိပ္ပာယ်ရပါသည်။ Pathos/Pathology ဆိုသောစာလုံးများသည် ရောဂါနှင့်ဆက်နွယ်နေသည်။ Lunatics,neurotic,hysteric ဆိုသော ပေါ်ပေါ်ထင်ထင် စိတ်ရောဂါရှင်မျိုးမဟုတ်၊ သို့သော် မကောင်းမှုကျူးလွန်ချင်စိတ်အောင်းနေတတ်သော လူစားမျိုးဖြစ်သည်။ Obsession ခေါ် အစွဲမှား တစ်ခုခုရှိနေတတ်သည်။ သူတစ်ပါးထံမှ ဘောလ်ပင်လို၊ အမြတ်တနိုးဓာတ်ပုံလို သေးသေးမွှားမွှားမျိုးကို ခိုးချင်စိတ်ရှိသူ/ခိုးတတ်သူမျိုးမှအစ ကိုယ်အနိုင်ကျင့်၍ ရမည့်သူမျိုးအပေါ် ပါးရိုက်နားရိုက်၊ ခုတ်ထစ်ဆိုသော အကြမ်းစားအမှုမျိုးအထိ ကြုံသလို လုပ်တတ်သူများဖြစ်သည်။

အမှုခြင်းရာကို အသေးစိတ်ရှင်းပြရန် ရှိသော်လည်း မီဒီယာကျင့်ဝတ်အရ အကြမ်းဖျင်းပဲ ရေးပြပါမည်။ အိမ်ဖော်လေးကို ကရာတေးစွမ်းတွေ ပြတတ်သော အမျိုးသမီးတစ်ဦးက တစ်နေ့တွင် အသေအကျေအစွမ်းပြပြီး အိမ်တံခါးသော့ခတ်ကာ ခရီးထွက်သွားသည်။ ပုဝ်ပွန်စော်လာတော့မှ အခန်းနီးချင်းတွေက တံခါးဖျက်ဝင်ကြည့်ကြရသည်။ နောက်တစ်မှုကျတော့ အမျိုးသားက အမျိုးသမီးကို ဤသို့ပင် အစွမ်းပြမှုဖြစ်သည်။ ထိုအမျိုးသားမှာ သွေးဆိုးသူ၊ မူမမှန်စိတ်ရှိသူဟု နာမည်ကျော်သည်။ အတွင်းကြေဇဏ်ရာများဖြင့် အမျိုးသမီးလေး သေဆုံးသွားပြီး အမျိုးသားလည်း ထောင်ကျသွားပါသည်။ အရက်တို့၊ မူးယစ်ဆေးတို့၏ ခြယ်လှယ်မှုလည်းပါမည်ထင်ပါသည်။ ထိုသူမှာ အရက်မူးလျှင် အလွန်ရမ်းကားတတ်သူဟု မှတ်တမ်းရှိပါသည်။

အိမ်ဖော်လေးများကို အပြင်းအထန် နာကျင်အောင်လုပ်၊ ကိုယ်လက်အင်္ဂါပျက်စီးအောင်လုပ် ဆိုသောဇာတ်လမ်းများကား များလှပါပြီ။ တစ်မိသားစုလုံးက တက်ညီလက်ညီ ပိုင်းနှိပ်စက်ကြသည်များပင်ရှိ၏။ အတုမြင်အတတ်သင် ဆိုသလို ကလေးများက မိဘကို အတုခိုးခြင်းလည်းဖြစ်မည်။ Psychopath ဗီဇက မျိုးရိုးလိုက်သွားခြင်းလည်း ဖြစ်မည်။

အိမ်ဖော်မွေးမြူလေ့ကျင့်ပြီး ပြည်ပသို့ ကုန်သဖွယ် ဂုဏ်ယူဝင့်ကြွားစွာ စီမံကိန်းချသော နိုင်ငံတချို့ပင် ရှိသည်။ ငါးမွေး၊ ဝက်မွေး၊ ကြက်မွေးလုပ်ငန်းများနှင့် သိပ်မခြားနားလှသော ထိုလုပ်ငန်းကို လုပ်ကိုင်နေသည့် နိုင်ငံတစ်နိုင်ငံမှ အိမ်ဖော်များဆိုလျှင် အနှိပ်စက်ခံရတာ၊ အထပ်မြင့်တိုက်ခန်းမှ တွန်းချခံရတာမျိုးကြားရသည်။ ဥပဒေနှင့် ပတ်သက်လျှင် သိပ်မလျှော့တတ်သော စင်ကာပူလိုနိုင်ငံမျိုးမှာ ဖြစ်တောင့်ဖြစ်ခဲဆိုသလို တစ်ခါတစ်ရံ ကြားရသည်။ ယဉ်ကျေးရည်မွန်ပြီး ကိုယ်ချင်းစာတရားထွန်းကားသည်ဆိုသော လူမျိုးတွေကြားမှာလည်း တစ်ခုတလေ ကြားရသည်။ ဤလို လူစားမျိုးကတော့ တကယ့်ဆိုင်ကိုပက်သ်တွေ ဖြစ်သည်။ နိုင်သူကိုဖိထောင်းမည်။ လူစဉ်မမီအောင်နှိပ်စက်မည်ဆိုသော စိတ်ဓာတ်မှာ လူကောင်းစိတ်ဓာတ်မဟုတ်ပေ။ အရူးစွဲ obsession ရှိနေကြသူများမျှသာ။

အိမ်ဖော်မွေးမြူလေ့ကျင့်ပြီး ပြည်ပသို့ ကုန်သဖွယ် ဂုဏ်ယူဝင့်ကြွားစွာ စီမံကိန်းချသော နိုင်ငံတချို့ပင် ရှိသည်။ ငါးမွေး၊ ဝက်မွေး၊ ကြက်မွေးလုပ်ငန်းများနှင့် သိပ်မခြားနားလှသော ထိုလုပ်ငန်းကို လုပ်ကိုင်နေသည့် နိုင်ငံတစ်နိုင်ငံမှ အိမ်ဖော်များ ဆိုလျှင် အနှိပ်စက်ခံရတာ၊ အထပ်မြင့်တိုက်ခန်းမှ တွန်းချခံရတာမျိုးကြားရသည်။ ဥပဒေနှင့် ပတ်သက်လျှင် သိပ်မလျှော့တတ်သော စင်ကာပူလိုနိုင်ငံမျိုးမှာ ဖြစ်တောင့်ဖြစ်ခဲဆိုသလို တစ်ခါတစ်ရံ ကြားရသည်။ ယဉ်ကျေးရည်မွန်ပြီး ကိုယ်ချင်းစာတရားထွန်းကားသည်ဆိုသော လူမျိုးတွေကြားမှာလည်း တစ်ခုတလေ ကြားရသည်။ ဤလို လူစားမျိုးကတော့ တကယ့်ဆိုင်ကိုပက်သ်တွေ ဖြစ်သည်။ နိုင်သူကိုဖိထောင်းမည်။ လူစဉ်မမီအောင်နှိပ်စက်မည်ဆိုသော စိတ်ဓာတ်မှာ လူကောင်းစိတ်ဓာတ်မဟုတ်ပေ။ **အရူးစွဲ obsession ရှိနေကြသူများမျှသာ။**

အိမ်ဖော်မွေးမြူလေ့ကျင့်ပြီး ပြည်ပသို့ ကုန်သဖွယ် ဂုဏ်ယူဝင့်ကြွားစွာ စီမံကိန်းချသော နိုင်ငံတချို့ပင် ရှိသည်။ ငါးမွေး၊ ဝက်မွေး၊ ကြက်မွေးလုပ်ငန်းများနှင့် သိပ်မခြားနားလှသော ထိုလုပ်ငန်းကို လုပ်ကိုင်နေသည့် နိုင်ငံတစ်နိုင်ငံမှ အိမ်ဖော်များ ဆိုလျှင် အနှိပ်စက်ခံရတာ၊ အထပ်မြင့်တိုက်ခန်းမှ တွန်းချခံရတာမျိုးကြားရသည်။ ဥပဒေနှင့် ပတ်သက်လျှင် သိပ်မလျှော့တတ်သော စင်ကာပူလိုနိုင်ငံမျိုးမှာ ဖြစ်တောင့်ဖြစ်ခဲဆိုသလို တစ်ခါတစ်ရံ ကြားရသည်။ ယဉ်ကျေးရည်မွန်ပြီး ကိုယ်ချင်းစာတရားထွန်းကားသည်ဆိုသော လူမျိုးတွေကြားမှာလည်း တစ်ခုတလေ ကြားရသည်။ ဤလို လူစားမျိုးကတော့ တကယ့်ဆိုင်ကိုပက်သ်တွေ ဖြစ်သည်။ နိုင်သူကိုဖိထောင်းမည်။ လူစဉ်မမီအောင်နှိပ်စက်မည်ဆိုသော စိတ်ဓာတ်မှာ လူကောင်းစိတ်ဓာတ်မဟုတ်ပေ။ **အရူးစွဲ obsession ရှိနေကြသူများမျှသာ။**

တစ်ခုအပေါ် တစ်ခုက ကျွန်ပြုခြင်း၊ လူမျိုးတစ်မျိုးအပေါ် တစ်မျိုးက အနိုင်အထက်လုပ်ခြင်းများက ပမာဏငယ်လျှင် သိပ်လူမသိ။ ပမာဏကြီးလာတော့ ကိုယ့်ပြည်တွင်းမှာပင် နှာခေါင်းရှုံ့စရာဖြစ်လာသည်။ အာဖရိကန်တိုင်းရင်းသားများကို ဖမ်းဆီးပြီး ကျွန်အဖြစ်ရောင်းချခဲ့ကြ၍ မြေကျယ်ကျယ်တွင်လုပ်သားများများလိုနေသော အမေရိကန် တောင်ပိုင်း၌ ကျွန်စနစ်ကြီးပေါ်လာခဲ့ရသည်။ မြောက်ပိုင်းသားများက မခံမရပ်နိုင်ဖြစ်လာ၍ ပြည်တွင်းစစ်ကြီးဖြစ်သည်။ ကိုလိုနီဝါဒထွန်းကားခဲ့သော ခေတ်တွင် မသိမသာ ကျွန်ပြုမှုတွေ အာရှ၌ ထွန်းကားခဲ့၏။ မြေလွတ်မြေရိုင်းတွေ ပေါများသော ပြည်နယ်တစ်ခုတွင် ဆန်စပါးစိုက်ပြီး အမြတ်ထုတ်လိုသော မျက်နှာဖြူသခင်ကြီးများက ဒေသခံအလိုတော်ရိမျှား၊ လူအများကို စည်းရုံးပြီး ဘေးချင်းကပ်နယ်မြေမှ အင်တတ်တွေကို မင်းတို့ခိုင်းစရာကျွန်တွေဟု နှာလှည့်ပါးရိုက်ကာ မောင်းသွင်းခဲ့သည်။ အနှိမ်ခံဘဝဖြင့် ဆွေစဉ်မျိုးဆက်နေထိုင်လာကြရင်းက အုံနှင့်ကျင်းနှင့် ဖြစ်လာကာ အလွန်ကြီးမားသော ပြဿနာဖြစ်လာနေတာတွေ့ရသည်။ ဤကိစ္စမျိုးတွင် ဘယ်သူတွေက ဆိုင်ကိုပက်သ်လဲဟု မေးကြည့်ရန်လို၏။

ထိုင်းမှာ ကျွန်တော်တို့ပြည်သား တိုင်းရင်းသားတွေ အလုပ်ကြမ်းသွားလုပ်ရခိုင်သွား၊ ရခိုင်မှတစ်ဆင့် ဘင်္ဂလားသို့သွားရသော ခရီးမှတ်တမ်းဖြစ်သည်။ အရေးအဖွဲ့က အကြောင်းအရာကိုဝင်မရှုပ်၊ ဦးနုမှာ အစ္စလာမ်ဘာသာဝင်ဖြစ်ရာ ခရီးစဉ်တစ်လျှောက် ဝတ်ပြုကြပုံများပါဖတ်ရသည်။ နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများကိုလည်း စိတ်ဝင်စားဖွယ်တွေ့ပါသည်။ ဦးခြိမ့်၏ ဥရောပသွားမှတ်တမ်းတွင်ကား ကဗျာကောင်းအောင်ကြိုးစားနေမှုကြောင့် ကဗျာကို အဓိပ္ပာယ်ဖော်နေရသည်နှင့် အကြောင်းအရာဘက်သို့ မနည်းကြီးပြန် ဆွဲခေါ်ခဲ့ရသည်။ ကင်းဝန်မင်းကြီး၏ အင်္ဂလန်သွားမှတ်တမ်းကား လူသိပိုများသော မှတ်တမ်းဖြစ်မည်။

ရန်ကုန်ကို သိမ်းပိုက်နိုင်ခဲ့သော ဦးအောင်ဇေယျသည်တွက်ကိန်းမှားခဲ့၏။ ဘုရင့်စိတ်ကူးကို ဆန့်ကျင်၍ အကြံပေးရဲသူလည်း ရှိခဲ့ပုံမရ။ ပညာရှိဆို၍ လောကုတ္တရာစာတတ် ဘုန်းကြီးလူထွက် ဦးရန်ဝေးလို ပုဂ္ဂိုလ်ကပဲ မင်းပေါက်စိုးပေါက်ရှိခဲ့သော နန်းတွင်း၌ ပထဝီနိုင်ငံရေးမပြောနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ကို သေသေချာချာသိသူပင် ရှားမည့်ခေတ်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံရေးတွင် ကုန်းကြောင်း၊ ရေကြောင်း ကူးလူးဆက်ဆံမှုရှိရာ ပေါ်တူဂီ (ပူတကေ) အစရှိသော ရပ်ဝေးမြေခြား မျက်နှာဖြူများသည် ရေကြောင်းဖြင့်သာ လာကြသည်ကို မမေ့လျော့ကောင်း ပေ။ ဤအချက်ကို စဉ်းစားမိလျှင် ရန်ကုန်၊ ထားဝယ်၊ မော်လမြိုင်၊ စစ်တွေ တို့ကို အခိုင်အမာတပ်စွဲခြင်းဖြင့် ကာကွယ်ထားရမည်။ သင်္ဘောတွေ ဆန်တက်လာနိုင်သော မြစ်ကြောင်းကို ကာကွယ်ထားရမည်။ အောက်ပိုင်းကို လုံအောင်ကာရမည်။ ရွှေဘုံတစ်ပိုက်၊ ဒုဋ္ဌဝတီတစ်ပိုက်မှာ "ကုန်းဘောင်နေမင်း၊ ဘုန်းရောင်ဝေရှင်း" တို့"ချစ်သမျှ ကို၊ မြင်းမိုရ်ရွှေတောင်လုံး သာပလေး" တို့လုပ်နေရုံဖြင့်မရ။ ရန်ကုန်ကို မြို့တော်မရွှေ့နိုင်သည့်တိုင် ထွက်လမ်း ကောင်းသော ပဲခူးတို့၊ မော်ဘီတို့ကို စဉ်းစားသင့်သည်။ အညာမှာပဲ နေချင်သည်ဆိုလျှင် ဆိပ်ကမ်းမြို့တွေကို အခိုင်အမာ အကာအကွယ်ပေးထားရလိမ့်မည်။

ကင်းဝန်မင်းကြီးက ပြင်သစ်နှင့် အင်္ဂလန်သို့ နန်းတော်ပိုင်(အစိုးရပိုင်) သင်္ဘောဖြင့် သွားရန် စီစဉ်သည်။ ရန်ကုန်ရောက်တော့ အင်္ဂလိပ်က သင်္ဘောကို



ဆီးသိမ်းတားမြစ်သဖြင့် ခရီးသည်တင်လိုင်းသင်္ဘောဖြင့် လိုက်သွားရသည်။ နောက်မှ သင်္ဘောကို လွှတ်သည်။

ကင်းဝန်မင်းကြီး၏ မှတ်တမ်းကို ရုတ်တရက်ကြည့်လျှင် စူးစမ်းမှုဝါသနာပါသော မြန်မာလက်ာဆရာပညာရှိ မှူးမတ်တစ်ဦး၏ ရုပ်သွင်ကိုသာ မြင်ရမည်။ သူ့ကိုဘာတွေပြလိုက်သည်။ ဘာတွေကြည့်ခွင့်ရသွားခဲ့သည်ကို ဆင်ခြင်မှ အင်္ဂလိပ်ကို စစ်ဖက်မပြိုင်လိုသော သူ့နှလုံးသားကို တွေ့မည်။ တစ်ပြည်လုံး အသိမ်းခံရပြီးနောက် အင်္ဂလိပ်နှင့် ပူးပေါင်းသွားခြင်းကိုတော့ သူ့သမိုင်းသူရေးတာပဲဟု ယူဆပါသည်။

ကောင်စစ်ဝန်ရုံးမှအစ သံရုံးအဆင့်အထိ ဖွင့်လှစ်၍ နှစ်နိုင်ငံဆက်ဆံကြရသည်မှာ ယနေ့ခေတ် နိုင်ငံတကာ ဆက်ဆံရေး၏ အခင်းအကျင်းပင်ဖြစ်သည်။ သံအမတ်မှအစ သံရုံးဝန်ထမ်းများအထိသည် နိုင်ငံကို ကိုယ်စားပြုပေးရင်း နိုင်ငံအတွက် သတင်းစုဆောင်းပေးရသူများဖြစ်သည်။ သူတို့သည် သာမန်ဝန်ထမ်းမဟုတ်။ သံတမန်ရေးရာများအတွက် အထူးလေ့ကျင့်ပေးထားသော လူတော်ပညာတတ်များဖြစ်ရသည်။ အင်္ဂလိပ်စာကို မွှတ်နေအောင် ကျွမ်းပြီး အခြားဘာသာလေးမျိုးလောက်ကိုလည်း တီးမိခေါက်မိရှိသူ၊ စိတ်ပညာ၊ ဒဿနပညာ၊ သမိုင်း၊ စီးပွားရေး စသော လူရည်လူသွေးမြင့်အသိပညာရပ်များတွင် ကောင်းစွာ လေ့ကျင့်ထားသူ၊ မိမိနိုင်ငံ၏ တိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုကို တီးမိခေါက်မိသူ၊ သိက္ခာရှိသူ၊ အနေအထိုင်တတ်သူ၊ လူရိပ်လူကဲသိသူ ဖြစ်ရပါသည်။

အဆင့်မြင့်ပညာတတ်တစ်ဦးဖြစ်ပြီး နိုင်ငံခြားရေးဌာနတွင် ဘဝကိုမြှုပ်နှံခဲ့သော career diplomat ဦးအောင်သန့်၏ သံကြီးတမန်ကြီးနှင့် သံခင်းတမန်ခင်း (စာပေဗိမာန် ၁၉၉၇၊ Unity ၂၀၀၄ နှင့် ၂၀၁၆) စာအုပ်သည် ကျွန်တော်တို့မသိသေးတာကို ဖွင့်လှစ်ပြသော တံခါးတစ်ချပ်နှင့်တူသည်။ ခံ့ထည်သော အရေးအသားက ဩဇာရှိသည်။ ဦးခြိမ့်အစရှိသူများ၏ ကုန်းဘောင်ခေတ် သံခင်းတမန်ခင်းမှတ်တမ်းများမှ ကောက်နုတ်ချက်များသည် စာတန်ဖိုးကို ပိုတက်စေသည်။ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးလေ့ရှိသော ဦးသက်ထွန်း(အငြိမ်းစားသံအမတ်ကြီး)၏ စာများကား အရွှင်ကဲသော ဘဝရုပ်ပုံလွှာများ ဖြစ်၍ ဖတ်ရသည်မှာ စိုစိုပြည်ပြည်ရှိသလောက် ဦးအောင်သန့်၏ မှတ်တမ်းက တော့ အတွင်းသားအာဟာရတွေများသည်။ ဦးသက်ထွန်း၏ မှတ်တမ်းများကို ရသကဲသောစာဟုပြောလျှင် ဦးအောင်သန့်၏ စာကို သုတကဲသောစာ၊ သံတမန်လောက၊ သံရုံးဝန်ထမ်းဘဝစသည်တို့အတွက် စိတ်ဝင်စားရည်မှန်းချက်ထားကြသူ လူငယ်များအတွက်သာမက သိလိုမြင်လို စိတ်ကြီးမားသော ခေတ်လူငယ်များအတွက် အားကိုးရမည့် စာတစ်အုပ်ဖြစ်ပါသည်။ ရေးသူ၏ စေတနာကို မြင်နေရ၍ လည်းကချော်ကချွတ်တွေကြားမှာ သူ့လို အပြည့်အတင်း လည်းရှိပါသေးလားဟု တွေး၍ ကျေးဇူးတင်ရပါသည်။

၃။ ။အမှားပြင်ရပြန်ခြင်း

ယခင်အပတ်ဆောင်းပါးတွင် အစပိုင်းတစ်နေရာ၌ ကာရန်က ဟောရန်ဖြစ်သွားပြီး၊ အလယ်ပိုင်းတစ်နေရာတွင် စာရေးတော်ကြီး ဦးသာဇံက ဦးဘဇံဖြစ်သွားပါသည်။ ပြင်ဖတ်ပေးကြပါရန်။

နောက်ဖေးလမ်းကြားအချို့တွင် စည်းကမ်းမဲ့အမှိုက်စွန့်ခြင်း၊ စီးပွားရေးအရ အသုံးချခြင်း၊ မိလ္လာပိုက်အချို့ ပျက်စီးနေခြင်းများကြောင့် အရေးယူမှုများ လိုအပ်

ရန်ကုန် စက်တင်ဘာ ၂၄

နောက်ဖေးလမ်းကြားအချို့ သန့်ရှင်းရေးများ ပြန်လည်ပြုလုပ်ပေးပြီးသည့် ရက်အနည်းငယ်အတွင်းမှာပင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ထားမှု၊ စီးပွားရေးအရအသုံးချနေမှု၊ မိလ္လာပိုက်အချို့ပျက်စီးပြီး ရေမြောင်းများအတွင်း စီးဝင်နေခြင်းများ မြင်တွေ့နေရရာ စက်တင်ဘာ ၂၁ ရက်ထုတ် မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာတို့တွင် ဖော်ပြထားခဲ့သော လသာမြို့နယ် စဉ်အိုးတန်း(အထက်လမ်း) နှင့် (၁၉) လမ်း အကြားရှိ နောက်ဖေးလမ်းကြားအတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ထားမှု၊ စီးပွားရေးအရအသုံးချနေမှုအပြင် လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းကြားအချို့တွင် မိလ္လာပိုက်များပွင့်ပြတ်၍ ရေမြောင်းများအတွင်း စီးဝင်နေမှုမှာ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းထိ မြင်တွေ့နေရဆဲဖစ်ကြောင်း လသာနှင့် လမ်းမတော်မြို့နယ် ယင်းနေရာများဝန်းကျင်တွင် နေထိုင်သူများ ကဆိုသည်။

ကျန်းမာရေးအတွက် အထူးထိခိုက်မှုရှိစေသော မိလ္လာများရေမြောင်းအတွင်းစွန့်ပစ်စီးဝင်နေမှုသည် နောက်ဖေးလမ်းကြားသန့်ရှင်းရေးပြုလုပ်သည့်ကာလမှာ လမ်းမတော်မြို့နယ်တွင် တစ်လခန့်၊ လသာမြို့နယ်တွင် ရက်သတ္တပတ်ကျော်ရှိလာသော်လည်း မည်သို့မျှထူးခြားမှုမရှိဘဲ ယခင်အတိုင်းရှိနေဆဲဖြစ်သည်။ မိလ္လာပိုက်ပျက်စီးမှုအနေဖြင့် တိုက်ခန်းနေထိုင်သူများမှ ပြုပြင်ရန် တာဝန်ရှိသော်လည်း သက်ဆိုင်ရာမှ လာရောက်အကြောင်းကြားမှုမရှိမချင်း ပြုပြင်ခြင်းမရှိသဖြင့် နေ့စဉ်အနံ့ဆိုးများနှင့် ရောဂါပိုးမွှားများ ပျံ့နှံ့မှုကို ယင်းနေရာအနီးနေထိုင်သူများ ခံစားကြုံတွေ့နေရသည်ဟု မြေညီထပ်တွင်နေထိုင်သည့် ဒေါ်ခိုင်ကြီးနှင့် ကိုမောင်တိုးက ဆိုသည်။

စဉ်အိုးတန်းနှင့် (၁၉) လမ်းကြားရှိ (၁၉) လမ်းအထက်လမ်းဘက်ခြမ်း မြေကွက်လပ်သည် သန့်ရှင်းရေးမပြုလုပ်မီ အမှိုက်ပုံကြီးဖြစ်နေရာ ယင်းနေရာမှ ယာဉ်ငယ်တစ်စီးစာသယ်ထုတ်ရှင်းလင်းခဲ့ရသော်လည်း တစ်ပတ်ကျော်အကြာတွင်ပြန်လည်စွန့်ပစ်မှုများပြားလာသည်ကိုမြင်တွေ့ရသည်။

ထို့ပြင်မိလ္လာပိုက်ပေါက်ကာရေမြောင်းများအတွင်းစီးဝင်နေသည့် နေရာနှင့် အနည်းငယ်အကွာတွင် စားသောက်ဆိုင်ဆိုင်ရာ လုပ်ငန်းပြင်ဆင်မှုများ မြင်နေရရုံသာမက ယင်းနေရာနှင့်မလှမ်းမကမ်းတွင် လမ်းကြားဝိတ်အသုံးချနေသည်ကို တွေ့ရသည်။ ယင်းနေရာအနီးရှိမြေညီထပ်နေသူတစ်ဦး၏ ခွင့်ပြုချက်အရနောက်ဖေးလမ်းကြားသို့ဝင်ရောက်နိုင်ပြီး စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီဝန်းကျင်မြင်တွေ့ရမှုကိုမှတ်တမ်းဓာတ်ပုံအဖြစ် ရိုက်ကူးနိုင်ခြင်းဖြစ်သည်။

သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ပြီးစီးသော ပုဇွန်တောင်မြို့နယ်အတွင်း (၅၄) လမ်းကြားတစ်ခု၏ဆိုးရွားသော မြင်ကွင်းဓာတ်ပုံတစ်ပုံကို ယခုရက်ပိုင်းလူမှုကွန်ရက်ပေါ်တွင်တင်ထား၍ မြင်တွေ့သူများဝေဖန်ပြောဆိုလာသည်ဟု တာမွေမြို့နယ်နေ ကိုဝင်းထိုက်ကဆိုသည်။ မြို့နယ်လုံးကျွတ် နောက်ဖေးလမ်းကြားသန့်ရှင်းရေးဆောင်ရွက်မှုများ လသာနှင့်လမ်းမတော်မြို့နယ်အတွင်းပြီးစီးသွားသော်လည်း ပုဇွန်တောင်မြို့နယ်လမ်းအချို့၏နောက်ဖေးလမ်း

ကြားများတွင် သန့်ရှင်းရေးဆောင်ရွက်ရန်ကျန်ရှိသေးသည်ဟု လမ်းမတော်မြို့နယ်တွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သူတစ်ဦးကဆိုသည်။ (၅၄) လမ်း နောက်ဖေးလမ်းကြားတွင် အမှိုက်စွန့်ပစ်မှုများ၍ မြေညီထပ်နေသူများ၏ သွပ်ဖြင့်ပြုလုပ်ထားသော အမိုးအဖီများ အပေါ်တွင် အမှိုက်မျိုးစုံတင်နေသည်ကို မြင်နေရဆဲဖြစ်သည်ဟုဆိုသည်။

သို့ဖြစ်ရာ သက်ဆိုင်ရာမှ ငွေအား၊ လူအား၊ အချိန်ကုန်ခံ၍ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ခဲ့သော နောက်ဖေးလမ်းကြားသန့်ရှင်းရေးဆောင်ရွက်မှုများ ရေရှည်အကျိုးခံစားနိုင်ရန်အတွက် စည်းကမ်းမဲ့ပြုမှုနေမှုကို အရေးယူရန်လိုအပ်နေသည်။ သတိပေးကြေညာစာတမ်းများတွင် ဖော်ပြသော စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းသာမက စီးပွားရေးလုပ်ငန်းများအတွက် အသုံးချခြင်း၊ ရေဆိုးရေညစ်၊ မိလ္လာစနစ်များ ပျက်စီးနေမှုကို မပြုပြင်ဘဲ ထားရှိနေခြင်းများကိုပါ ထည့်သွင်းအရေးယူရန် လိုအပ်နေသည်ဟု လသာနှင့် လမ်းမတော်မြို့နယ်တို့တွင် နေထိုင်သူ ကိုမျိုးနှင့် ကိုကျော်တို့က ဆိုသည်။

(မောင်စေအောင်)

■

၂၀၁၇ MNL အမှတ်ပေးပြိုင်ပွဲကို ၁၂ သင်းဖြင့် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီလတွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သောကြောင့် ၂၀၁၆ MNL အမှတ်ပေးပြိုင်ပွဲကို သြဂုတ်လကတည်းက အပြီးကျင်းပခဲ့ရာ ကလပ်အသင်းများမှာ ရာသီသစ်အတွက် ပြင်ဆင်ချိန်များစွာ ရရှိခဲ့သည်။

၂၀၁၆ ရာသီအပြီးတွင် ကလပ်အသင်းအချို့ ဖျက်သိမ်းခြင်းကြောင့် မြန်မာနေရှင်နယ်လီဂ်ဆက်လက်ရပ်တည်နိုင်ရန် မလွယ်ကူတော့ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အချိန်မီထိန်းသိမ်းနိုင်ခဲ့ပြီး အသင်းဖျက်သိမ်းခဲ့သည့် နှစ်သင်းနေရာတွင် အစားထိုးကာ ၁၂ သင်းဖြင့် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို လက်ရှိချန်ပီယံ ရတနာပုံအသင်းအပါအဝင် ရန်ကုန်၊ မကွေး၊ ဧရာဝတီ၊ ရှမ်းယူနိုက်တက်၊ ဟံသာဝတီ၊ ဇွဲကပင်၊ ချင်းယူနိုက်တက်၊ ရခိုင်၊ Southern၊ GFA နှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၆ ရာသီက ယှဉ်ပြိုင်ခဲ့သည့်အသင်းများအနက် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဇေယျာရွှေမြေအသင်း၊ ပထမတန်းချန်ပီယံဆုရရှိကာ တန်းပြန်တက်ခွင့်ရခဲ့သည့် ကချင်ပြည်နယ်ကိုယ်စားပြု မနောမြေအသင်းတို့မှာ အသင်းပြန်လည်အပ်နှံခဲ့သောကြောင့် ယင်းအသင်းများအစား နေပြည်တော်နှင့် Southern အသင်းတို့ကို အစားထိုးယှဉ်ပြိုင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ရာသီကြိုအပြောင်းအရွှေ့ကာလကို နိုဝင်ဘာ ၁ ရက်မှ ဇန်နဝါရီ ၁၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရာသီကြိုကာလဖြစ်သောကြောင့် ကလပ်အသင်းတိုင်းမှာ ကစားသမားသစ်ခေါ်ယူမည်ဖြစ်သည်။ အာရှအဆင့် ကလပ်အသင်းပြိုင်ပွဲများ၊ ချန်ပီယံဆုမျှော်မှန်းထားသည့်အသင်းများမှာ ငွေကြေးပိုမိုသုံးစွဲကာ ကစားသမားသစ်များခေါ်ယူဖွယ်ရှိနေပြီး အလယ်အလတ်အသင်းများမှာလည်း ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်မှုများပြုဖွယ်ရှိနေသည်။ ယင်းအသင်းများအနက် ရှမ်းယူနိုက်တက်အသင်းမှာ အပြောင်းအရွှေ့စျေးကွက်တွင် စတင်လှုပ်ရှားနေပြီဖြစ်ပြီး မြန်မာ့လက်ရွေးစင်နည်းပြဟောင်း ဦးဆန်းဝင်းကို နည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ထားသလို ဇေယျာရွှေမြေအသင်းမှ နန်းမင်းအောင်နှင့် ဖြိုးပိုင်စိုးတို့ကို ခေါ်ယူထားပြီးဖြစ်သည်။

ကလပ်အသင်းများ၏ ရာသီကြိုပြင်ဆင်မှုများကြောင့် ၂၀၁၇ MNLအမှတ်ပေးပြိုင်ပွဲမှာလည်း စိတ်ဝင်စားစရာ ကောင်းဖွယ်ရှိနေပြီး ချန်ပီယံဆုလေးကြိမ်စီရရှိကာ ရတနာပုံနှင့် ရန်ကုန်အသင်းတို့၏ ကြီးပိုးထားမှုကို ချေဖျက်နိုင်သည့် အသင်းထွက်ပေါ်နိုင်မလား၊ ယင်းနှစ်သင်းကပဲ ဆက်လက်အောင်ပွဲခံမလားစောင့်ကြည့်ရမည်ဖြစ်သည်။

(ရွှိုင်းထက်ဇော်)

အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့်(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၂၁ ရက်က ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကျော်သန်းဦးစီးသော တပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ကျိုက်မရောမြို့ အထကကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

(မြို့နယ်ရဲတပ်ဖွဲ့)

မြန်မာ့တိုင်းရင်းဆေးပညာ အတွေးအခေါ်အယူအဆနှင့် ကုထုံးဆိုင်ရာ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် (၁/၂၀၁၆)သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာ့တိုင်းရင်းဆေးပညာ အတွေးအခေါ် အယူအဆနှင့် ကုထုံးဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ခုတင်(၁၀၀) တိုင်းရင်းဆေးရုံ နေပြည်တော်၌ ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ရီရီမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သော တိုင်းရင်းဆေးသမားတော်ကြီးများ ကိုယ်စားဆရာကြီး ဦးသန်းညွန့်က သြဝါဒအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများကို ယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် သင်တန်းပို့ချသည့် ဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုလက်မှတ်နှင့် လက်ဆောင်များပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ တိုင်းရင်းဆေးခန်းမှူး ၁၄ ဦး၊ ဒုတိယ တိုင်းရင်းဆေးခန်းမှူး ၁၇ ဦးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

(၂၃-၉-၂၀၁၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၉)တွင်ဖော်ပြပါရှိသော "တံတားကြီးများနှင့် တံတိုင်းကြီးများ" ဆောင်းပါး ဒုတိယကော်လံ၊ ဒုတိယပိုဒ်အောက်တွင် 'ထိုစဉ်က အင်းဝတံတားဟု ခေါ်ဝေါ်လျက် ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဖွင့်လှစ်သည်' ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ငြိမ်းချမ်းရေးသစ်ပင်စိုက်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ငြိမ်းချမ်းရေးသစ်ပင်စိုက်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ကျင်းပသည်။

မြန်မာနိုင်ငံကင်းထောက်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် အမျိုးသားကင်းထောက်ကြီးများ၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် အမျိုးသမီးကင်းထောက်ကြီးများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကင်းထောက် မောင်မယ်များက ကျောင်းအလံတိုင်ရှေ့တွင် အာဆီယံသပြေပင်များကို ငြိမ်းချမ်းရေးအထိမ်းအမှတ်သစ်ပင်အဖြစ် စိုက်ပျိုးပေးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုသွေးလျှာ်ဒါန်း

တောင်ငူ စက်တင်ဘာ ၂၄

(၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၀)တပ်ခွဲ တောင်ငူမှ ဒုရဲမှူးချစ်ကိုကို၊ စခန်းမှူးရဲအုပ်မိုးကျော်အောင် တို့ဦးစီးသော တပ်ဖွဲ့ဝင် အင်အား ၁၈ ဦးတို့သည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလျှာဘဏ်တွင် စုပေါင်းသွေးလျှာ်ဒါန်းခဲ့ကြောင်းသိရသည်။

ကျော်လှ(တောင်ငူ)

ပြည်တွင်းရေးရာ

☆ **ကျောဖုံးမှ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်၌ပြုလုပ်သော တပ်မတော် ကြည်း၊ လေ၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းကို ကြည့်ရှုစစ်ဆေးပြီး အမှာစကားပြောကြားစဉ် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လေ့ကျင့်ခန်းတွင် ပါဝင်သည့် လေ့ကျင့်ရေးခေါင်းဆောင်က လေ့ကျင့်ခန်းအကြောင်းအရာနှင့်ပတ်သက်၍ သဲမြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် လေ့ကျင့်ခန်းတွင်ပါဝင်သည့် ခြေလျင်နှင့် သံချပ်ကာတပ်ဖွဲ့များသည် တိုက်ပွဲဝင်ပုံစံဖြင့် တပ်ဖြန့်မှုအားဆောင်ရွက်စဉ် လေကြောင်းချီတပ်ဖွဲ့များက ရန်သူ့အုပ်ချုပ်ထောက်ပံ့ရေးစခန်းနေရာအား စီးနင်းတိုက်ခိုက်ရန်ပြင်ဆင်ခြင်း၊ ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း၊ အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များက ရန်သူ့ဆက်သွယ်ရေးနှင့် ရေဒါစခန်းနေရာအား စီးနင်းတိုက်ခိုက်ခြင်း၊ တပ်မတော်(လေ)မှ ရဟတ်ယာဉ်များ၊ တိုက်လေယာဉ်များဖြင့် ရန်သူ့ပစ်မှတ်အသီးသီးအား ကြိုတင်ချေမှုန်းခြင်း၊ အမြောက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ အတွဲလိုက်ဒုံးများပစ်ခတ်ခြင်း၊ ခြေလျင်အကူလက်နက်ကြီးများဖြင့် ပစ်ခတ်၍ ကြိုတင်ချေမှုန်းခြင်းများ ဆောင်ရွက်ကြပြီး တိုက်ပွဲပုံစံအဆင့်လိုက် ခြေလျင်နှင့် သံချပ်ကာတပ်ဖွဲ့များက ထိုးဖောက်ဝင်ရောက်၍ ချေမှုန်းတိုက်ခိုက်ပြီး ရည်မှန်းချက်အသီးသီးကို သိမ်းပိုက်ကြသည်။

ယင်းနောက် ရန်သူ၏နောက်ပိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များအား အမြောက်တပ်ဖွဲ့များမှ ပစ်ခတ်ချေမှုန်းခြင်း၊ တိုက်ပွဲဝင်တပ်ဖွဲ့များက ပူးပေါင်းပြီး စီးနင်းတိုက်ခိုက်ခြင်းနှင့် ရန်သူအားပိတ်ဆို့ခြင်း၊ တိုက်ပွဲတွင် ထိခိုက်ဒဏ်ရာရရှိသူများကို အရေးပေါ်လူနာတင်ယာဉ်များဖြင့် သယ်ဆောင်ခြင်း၊ အရေးကြီးလူနာများကို ရဟတ်ယာဉ်များဖြင့် သယ်ဆောင်ခြင်း၊ မိမိတပ်များအတွက် လေကြောင်းမှ ခဲယမ်း၊ ရိက္ခာချပေးခြင်းများအား ဆောင်ရွက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတစ်ခုလုံး၏ အနှစ်သာရမှာ လေ့ကျင့်ခန်းတွင် ပါဝင်သည့် ကြည်း၊ လေ၊ အမြောက်၊ သံချပ်ကာနှင့် အခြားလက်ရုံးတပ်ဖွဲ့အားလုံး၏ ဟန်ချက်ညီ အချိန်ကိုက် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ယခုလေ့ကျင့်ခန်းတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ယုံကြည်မှုရှိခြင်း၊ အချိန်တိကျမှုနှင့် အချိန်အား တန်ဖိုးထားလေးစားမှုရှိခြင်း၊ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ခြင်း၊ အမိန့်နာခံမှုကောင်းမွန်ခြင်းတို့ကို အားသာချက်အဖြစ်တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ခန်းများတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်၍ တပ်ဖွဲ့အလိုက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ပြင်ဆင်ဖြည့်စွက် စီမံဆောင်ရွက်ခြင်းဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပိုမိုတိုးတက်မြင့်မား၍ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင်ပါဝင်ခဲ့သည့် ခြေလျင်နှင့် အကူလက်ရုံး တပ်များမှ အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆိုပါလေ့ကျင့်ခန်းသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် စစ်ဦးစီးတက္ကသိုလ်တို့မှ သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြပြီး ပြည်တွင်းသတင်းမီဒီယာများလည်း တက်ရောက်သတင်းရယူကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သတင်းမီဒီယာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အောက်တိုဘာ ၇ ရက်တွင် ထိုးသတ်မည့် အောင်လအန်ဆန်နှင့် ပတ်စတာနက်ခ်တို့အား ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

ပရိသတ်များ စိတ်ဝင်စားနေသည့် MMA ပြိုင်ပွဲ အောက်တိုဘာ ၇ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာအားကစားပရိသတ်များ စိတ်ဝင်စားမှု မြင့်တက်လာသည့် MMA (ဘက်စုံကိုယ်ခံပညာသုံး) အားကစားပြိုင်ပွဲကို အောက်တိုဘာ ၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာနာမည်ကျော်ကစားသမား အောင်လအန်ဆန်အပါအဝင် ပွဲစဉ်ကိုးပွဲပါဝင်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အောင်လအန်ဆန်၏ပွဲအပါအဝင် အဓိကတွဲဆိုင်းတစ်ပွဲ၊ မြန်မာကစားသမားများအတွက် ရွှေခါးပတ်လုပ်ပွဲများ ပါဝင်မည်ဖြစ်သည်။ မြန်မာပရိသတ်များအကြား MMA အားကစားနည်းကို ပိုမိုစိတ်ဝင်စားစေခဲ့သူ ကချင်တိုင်းရင်းသား အောင်လအန်ဆန်သည် ပိုလန်နိုင်ငံသား ပတ်စတာနက်ခ်နှင့် ထိုးသတ်မည်ဖြစ်ပြီး အဓိကတွဲဆိုင်းအဖြစ် STRAW ဝိတ်တန်းချန်ပီယံလုပွဲဖြစ်သော ယိုရှီတာကာ(ဂျပန်)နှင့် ဂျိုရှုအာ (ဖိလစ်ပိုင်) တို့ထိုးသတ်မည်ဖြစ်သည်။ မြန်မာကစားသမားများအတွက် ဖယ်သာဝိတ်တန်း ချန်ပီယံလုပွဲအဖြစ် ဖိုးသော်နှင့် ကပွလီ၊ ရဲရင့်အောင်နှင့် စောရန်ပိုင်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အနိုင်ရရှိသူနှစ်ဦးမှာ ဗိုလ်လုပွဲထပ်မံကစားရမည်ဖြစ်သည်။ အခြားစိန်ခေါ်ပွဲများအဖြစ် စောဘဦး(မြန်မာ) နှင့် ကြယ်စင်ဖြိုး(မြန်မာ)၊ အာမက်(ပါကစ္စတန်)နှင့် မိုဟာမက်(အီဂျစ်)၊ ဆာဒူလက်ဗ်(ရုရှား)နှင့် လူးကပ်စ် (ဩစတြေးလျှ)၊ ဂါဖူးရော့ဗ်(အီရန်)နှင့် ဘီဗင်(ဖိလစ်ပိုင်)တို့ ထိုးသတ်မည်ဖြစ်သည်။

အောင်လအန်ဆန်သည် အမေရိကန်နိုင်ငံတွင် ကာလရှည်နေထိုင်ကာ MMA အားကစားနည်းကို လိုက်စား၍ ပြိုင်ပွဲများ ယှဉ်ပြိုင်နေသူဖြစ်ပြီး ၂၈ ပွဲမြောက်အဖြစ် ထိုးသတ်ခြင်းဖြစ်ကာ ၁၈ ပွဲနိုင်၊ ကိုးပွဲရှုံးနိမ့်ထားသည်။ ပတ်စတာနက်ခ်မှာမူ ၁၂ ပွဲ ထိုးသတ်ရာတွင် ၁၁ ပွဲနိုင် တစ်ပွဲရှုံးထားသည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း သုံးပွဲမြောက်ထိုးသတ်ခြင်းဖြစ်ပြီး ပြီးခဲ့သည့် နှစ်ပွဲစလုံးအနိုင်ရထားသည်။ အောင်လအန်ဆန်သည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် လာရောက်ထိုးသတ်ခြင်းဖြစ်ပြီး ပရိသတ်စိတ်ဝင်စားမှု မြင့်တက်လျက်ရှိသည်။

သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-ရွှင်းထက်ဇော်

မန်ယူအသင်း လက်စတာစီးတီးအသင်းအား လေးဂိုး-တစ်ဂိုးဖြင့်နိုင်

မန်ယူအသင်းနှင့် လက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလီဂ်ပွဲစဉ်တွင် မန်ယူအသင်းက လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းသည် ပထမပိုင်းပွဲကစားချိန်အတွင်း သွင်းယူခဲ့သည့် သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၂၂ မိနစ်တွင် စမောလင်း၊ ၃၇ မိနစ်တွင် မာတာ၊ မိနစ် ၄၀ တွင် ရက်ရှ်ဖို့ဒ်နှင့် ၄၂ မိနစ်တွင် ပေါ့ဘာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရသည့် လက်စတာစီးတီးအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲကစားချိန် ၅၇ မိနစ်တွင် ဂရေးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုပွဲစဉ်တွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး နည်းပြမော်ရင်ဟို၏ ကစားသမားရွေးချယ်မှုသည်လည်း မှန်ကန်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ယခုပွဲစဉ်တွင် အသင်းခေါင်းဆောင်ရွန်းနီကို ပွဲထွက်ကစားသမားစာရင်းတွင် ချန်လှပ်ကာ ကွင်းလယ်ပိုင်းတွင် မာတာ၊ ပေါ့ဘာတို့အတွဲကို အသုံးပြုခဲ့ခြင်းသည် မန်ယူအသင်း၏ အနိုင်ရလဒ်ကို အဓိက ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ပရီမီယာလီဂ်ပွဲစဉ်(၆)၏ အစောပိုင်းကစားခဲ့ရသည့် ပွဲစဉ်ကစားပြီးချိန်တွင် ရမှတ် ၁၂ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယား၏ အဆင့်(၄)နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

(ငွေကြယ်)

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

မန္တလေး စက်တင်ဘာ ၂၄

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်း၏ ကြီးကြပ်မှုဖြင့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ တိုင်းရဲအကူတပ်ဖွဲ့ခွဲ၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၃၃ ဦးနှင့် မိသားစုဝင် နှစ်ဦးတို့က ယနေ့ နံနက် ၉ နာရီတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်း၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင်၊ တိုင်းရဲအကူတပ်ဖွဲ့ခွဲမှူး၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးသက်တို့က သွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားခဲ့သည်။

ထို့နောက် သွေးလှူဒါန်းခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်းက အားဖြည့်အစားအစာ ဖြစ်သည့် ကြက်ဥ၊ နွားနို့နှင့် အားဆေးများ ပေးဝေခဲ့ကြောင်း သိရသည်။

(အောင်ဖြိုးကျော်)

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် အမျိုးသမီးများအရေးလှုပ်ရှားသည့်အဖွဲ့များ စုပေါင်းပြုလုပ်

ရန်ကုန် စက်တင်ဘာ ၂၄

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် "ငြိမ်းချမ်းသော ကမ္ဘာ့ပင်လုံဆီသို့ ခြေလှမ်းများ" အမည်ဖြင့် လှုပ်ရှားမှုတစ်ရပ်ကို အမျိုးသမီးများအရေး လှုပ်ရှားသည့် အဖွဲ့များ စုပေါင်းကာ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမအနီး (မဟာဗန္ဓုလပန်းခြံရှေ့) တွင် ပြုလုပ်သည်။

အဆိုပါ လှုပ်ရှားမှုအဖြစ် ယနေ့ မွန်းလွဲ ၂ နာရီခန့်တွင် အမျိုးသမီးများအရေး လှုပ်ရှားသူ ၂၀၀ ခန့်က တူညီဝတ်စုံများဖြင့် ငြိမ်းချမ်းရေးကို လိုလားသော ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ငြိမ်းချမ်းရေးကြေးကြော် သံများဖြင့် မဟာဗန္ဓုလပန်းခြံကို တစ်ပတ်ပတ်၍ လမ်းလျှောက်ချီတက်ကြသည်။

ထို့နောက် မဟာဗန္ဓုလပန်းခြံရှေ့တွင် စုဝေးကာ ယနေ့ပြုလုပ်သည့် လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်သော အဖွဲ့များအကြောင်း မိတ်ဆက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ပြောကြားခြင်း၊ ငြိမ်းချမ်းရေး ကဗျာရွတ်ဆိုခြင်း၊ One Love Band အဖွဲ့က ငြိမ်းချမ်းရေးသီချင်းများဖြင့် ဖျော်ဖြေခြင်းတို့ အပြင် ဘာသာပေါင်းစုံဆုတောင်းပွဲတို့ကို ပြုလုပ်ကြသည်။

"လက်ရှိ မြန်မာနိုင်ငံမှာဆိုရင် ငြိမ်းချမ်းရေးဖော်ဆောင်တဲ့အခါမှာ အမျိုးသမီးတွေ ပါဝင်မှုနှုန်းနည်းနေတယ်။ အမျိုးသားတွေနဲ့တန်းတူ အမျိုးသမီးတွေလည်း များများပါဝင်ဖို့ လိုပါတယ်။ အဲဒါကြောင့် တစ်ကမ္ဘာလုံးမှာ ငြိမ်းချမ်းရေးနေ့၊ အထိမ်းအမှတ်နေ့ အခမ်းအနားတွေ လုပ်နေသလို ကျွန်မတို့ နိုင်ငံမှာလည်း လုပ်နေတာပါ"ဟု အဆိုပါလှုပ်ရှားမှုတွင် ပါဝင်သူ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ မူရိုမ်မေရီကပြောသည်။

အဆိုပါ လှုပ်ရှားမှုကို မြန်မာနိုင်ငံ ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သက်ဆိုင်ရာ အခန်းကဏ္ဍများ၌ အမျိုးသမီးများကိုယ်တိုင် ပူးပေါင်းပါဝင်ပံ့ပိုးပေးနိုင်ရန်၊ အမျိုးသမီးများ လွတ်လပ်စွာဖြင့် အတူတကွ လက်တွဲပါဝင်ဆောင်ရွက်ရန်၊ မတူကွဲပြားမှုမှ ညီညွတ်သော ခြေလှမ်းများဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးဖော်ဆောင်ရန်တို့အတွက် ရည်ရွယ်၍ အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)၊ အမျိုးသမီးအဖွဲ့များ ကွန်ရက်၊ ငြိမ်းချမ်းရေးရှေ့ဆောင် အမျိုးသမီးများ ကွန်ရက်တို့ပူးပေါင်းကာ ဦးဆောင်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဝင်း၌ တပ်နယ်မိသားစုဝင်များ မှူခင်းပညာပေးယာဉ်အတွင်း မှူခင်းဆိုင်ရာအသိပညာများ လေ့လာကြစဉ်။

ဧရာဝတီရိုမြို့နယ်တွင် မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် တတိယအကြိမ်မြောက် လှည့်လည်ပြသပညာပေး

နေပြည်တော် စက်တင်ဘာ ၂၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မှူခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိရေးတို့နှင့် ပတ်သက်သည့် မှူခင်းဆိုင်ရာ အသိပညာများရရှိစေရန် ရည်ရွယ်လျက် စက်တင်ဘာ ၂၃ ရက်က နေပြည်တော် ဧရာဝတီရိုမြို့နယ်တွင် မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် တတိယအကြိမ်အဖြစ် လှည့်လည်ပြသပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မူးယစ်ဆေးဝါးကတော့ ဖမ်းဆီးရုံနဲ့ မပျောက်ပါဘူး။ အဲဒါကြောင့် မှူခင်းပညာပေးပြခန်းယာဉ်နဲ့ လှည့်လည်ပြသပညာပေးခြင်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပျံ့နှံ့သွားတာကတော့ ကုန်စည်စီးဆင်းမှုမြန်ဆန်အောင် နယ်စပ်ဂိတ်တွေကို ဖွင့်ပေးလိုက်တဲ့အခါမှာ ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး ကုန်စျေးနှုန်းကျသွားလို့ ကောင်းကျိုးရှိသလို၊ တစ်ဖက်ကလည်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားတဲ့သူတွေအတွက် အခွင့်အရေးကောင်းရသွားတယ်လို့ မြင်မိပါတယ်"ဟု နေပြည်တော် မူးယစ်တပ်ဖွဲ့စု(၁၀၁)မှ ဒု-ရဲမှူး အောင်မိုးက ၎င်း၏အမြင်ကို ပြောသည်။

တစ်နိုင်ငံလုံးတွင် မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှုသည် တစ်ရက်အတွင်း အမှုပေါင်း ၄၀ ခန့်ရှိပြီး မူးယစ်ဆေးဝါး သုံးဂရမ်အောက် သိမ်းဆည်းရမိလျှင် ထောင်ဒဏ် ၁၅ နှစ်နှင့် သုံးဂရမ်အထက်ဖြစ်ပါက နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံတွင် အများဆုံးဖမ်းဆီးရမိသော မူးယစ်အမှုများမှာ ဘိန်းဖြူ၊ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖြစ်ကြောင်းလည်း သိရသည်။

"ပြစ်ဒဏ်သိလို့ မှူခင်းမဖြစ်အောင်ထိန်းနိုင်မယ်ဆိုရင် တစ်မျိုးထိရောက်သလို မူးယစ်ဆေးဝါးကြောင့် လူညွှန့်တုံးစေတယ်ဆိုတဲ့ အမျိုးသားရေးအသိရှိသွားမယ်ဆိုရင် မူးယစ်ဆေးဝါးကြောင့်ဖြစ်တဲ့ မှူခင်းတွေကျဆင်းသွားမယ်။ ဘာသာရေးရှုထောင့်အရလည်း မလုပ်သင့်တဲ့အရာဖြစ်ပြီး ဘက်စုံထောင့်စုံကနေ အသိပညာပေးမယ်ဆိုရင် အမှုအခင်းတွေ အထိုက်အလျောက်လျော့နည်းကျဆင်းသွားမှာပါ"ဟု ဧရာဝတီရိုမြို့နယ်မှူး ရဲမှူးကျော်ညွန့်က ရှင်းပြသည်။

မှူခင်းအမျိုးအစားတွင် အမှုကြီး ၁၀ မျိုး၊ အခြားအမှု ကိုးမျိုးနှင့် ကြိုတင်ကာကွယ်မှု ၁၀ မျိုးရှိပြီး အမှုကြီးနှင့် အခြားအမှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုဖြင့် တားဆီးကာကွယ်နိုင်သည်။ ကြိုတင်ကာကွယ်မှုဆိုရာတွင် လက်နက်ပုန်း၊ လောင်းကစား၊ ပြည်တန်ဆာ၊ မူးယစ်ဆေးဝါး စသည်တို့ ဖြစ်သည်။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးကြောင့် အခြားအမှုများမဖြစ်ပွားစေရန် မူးယစ်ဆေးဝါးသယ်ဆောင်သူများ၊ သုံးစွဲသူများနှင့် ရောင်းချသူများကို ဖမ်းဆီးလိုက်ပါက ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ထိုသို့ ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးတွင် မှူခင်းဆိုင်ရာ ပညာပေးမှုများ၊ ဟောပြောပွဲများ၊ နယ်လှည့် မှူခင်းပညာပေးယာဉ်များဖြင့် လှည့်လည်ပြသခြင်းများ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ဧရာဝတီရိုမြို့နယ်အတွင်းရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဝင်း၊ ပြည်စံအောင်စျေးနှင့် ရေးဆင်းအခြေခံပညာအထက်တန်းကျောင်းတို့တွင် မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် ဧရာဝတီရိုမြို့နယ် ယာယီရဲမှူး ကျော်ညွန့်၊ နေပြည်တော် မူးယစ်တပ်စု(၁၀၁)မှ ဒု-ရဲမှူး အောင်မိုးနှင့် ဧရာဝတီရိုမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး တင်ထွေးတို့ ဦးဆောင်၍ လှည့်လည်ပြသပညာပေးခဲ့သည်။

(နိုင်လင်းကြည်၊ ကိုမင်း)

ကြေးသွန်းရန်အတွက် မြေကြမ်းမံကျွမ်းကျင်သည့် အမျိုးသမီးတစ်ဦးလျှင် နေ့စဉ် ပျမ်းမျှဝင်ငွေကျပ် ၁၀၀၀၀ ကျော်ရရှိ

မန္တလေး စက်တင်ဘာ ၂၄

ကြေးသွန်းလုပ်ငန်းတွင် ကျွမ်းကျင်မှုအလိုက် အဆင့်ဆင့်ခွဲခြားလုပ်ကိုင်မှုများရှိသည်။ ကြေးသွန်းလုပ်ငန်းမှာ အနုစိတ်ပြီး လက်ဝင်လှသည်။ အဆင့်ဆင့်ပြုလုပ်မှုများအတွက် အလုပ်အကိုင်ခွဲခြားလုပ်ကိုင်ပြီး တစ်နှစ်ပတ်လုံး အလုပ်အကိုင် အခွင့်အလမ်းပေးနေသည့် ရိုးရာလက်မှုအနုပညာလုပ်ငန်းပင်ဖြစ်သည်။ အဆင့်တိုင်းအတွက် ကျွမ်းကျင်မှုအသီးသီးဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြသည်။ ကြေးသွန်းရန်အတွက် နောက်ဆုံးအဆင့်ဖြစ်သည့် မြေကြမ်းမံသည့် အမျိုးသမီးများပင် တစ်နေ့လျှင် ငွေကျပ် ၁၀၀၀၀ ကျော် ရရှိကြောင်း သိရသည်။

မြေကြမ်းမံရာတွင် ရှစ်လက်မ အရွယ် ဆင်းတုတော်တစ်ဆူလျှင် ငွေကျပ် ၁၀၀၀ နှုန်းရရှိပြီး လူ တစ်ဦးလျှင် တစ်နေ့ ဆင်းတုတော် ၁၂ ဆူ ခန့်ပြီးစီးသည်။ ဆင်းတုတော် အရွယ်အစားအလိုက် မြေကြမ်းမံမှုစျေးနှုန်းကွာခြားသွားသည်။ လက်ရှိကာလတွင် မန္တလေးမြို့မှ ကြေးသွန်းရန်အတွက် နောက်ဆုံးအဆင့် မြေကြမ်းမံကျွမ်းကျင်သူ တစ်ဦးလျှင် တစ်နေ့ပုံမှန်ဝင်ငွေ ပျမ်းမျှ ငွေကျပ် ၁၀၀၀၀ကျော် ရရှိသည်။

မြန်မာ့ကြေးသွန်း အနုပညာ လက်ရာသည် ခေတ်အဆက်ဆက်က ထင်ရှားကျော်ကြားပြီး လက်ရာမြောက်လွန်းလှသည်။ ကြေးသွန်းရုပ်တု တစ်ခုဖြစ်ပေါ်ရန် အဆင့်များစွာ ဖြတ်ကျော်ရသည်။ ပထမဦးစွာ ရွှံ့စေးနှင့် စပါးခွံတို့ကို သမအောင်နယ်ထားသောမြေဖြင့် မိမိသွန်းလုပ်လိုသည့်ပုံစံကို ပုံဖော်ရသည်။ ပုံဖော်ထားသည့် အကြမ်းထည်ရွှံ့ရုပ်ကို နေလှန်းပေးရသည်။

နေလှန်း၍ ခြောက်သွားသော အကြမ်းထည်ကို အချောကိုင်ရသည်။ ပုံချောထွက်လာပါက ပြန်၍နေလှန်းပေးထားရသည်။ နေလှန်း၍ ခြောက်သွားသည်နှင့် ကော်ဖတ်စားကာ မြေနုသုတ်ပေးရသည်။ ထို့နောက် ကော်ဖတ်အချောစားကာ ကော်ရည်သုတ်သောအဆင့်တို့ကို ပြုလုပ်ကြရသည်။ ဒုတိယအဆင့်အနေဖြင့် ဖယောင်းကိုင်သောအဆင့်ကို ပြုလုပ်ကြသည်။ ဖယောင်းကိုင်ရန်အတွက် ဖယောင်းကို အချိုးကျစပ်ပေးရသည်။ ဖယောင်းစပ်ရာတွင် ဖယောင်းအဖြူ ၁၀ ပိဿာ၊ အင်တွဲ ခြောက်ပိဿာ၊ ရေနံချေးအပျော့၊ အမာတို့ကို လိုသလိုစပ်ပြီး ထည့်ကာကျိုရသည်။ ဖယောင်းကျိုပြီးသည်နှင့် စက်ဖြင့် အပြားကြိတ်ကာ ကိုယ်လိုရာထုကို အပြားပြုလုပ်ရသည်။ မြေကြမ်းမာပြီးသည်နှင့် သံပြားများနှင့်ချုပ်ရသည်။ သံပြားပေါ်တွင် မြေတစ်ထပ်မံပေးရသည်။ ထို့နောက် အောက်ခြေခွာချုပ်ပြီး အပေါက်ဖောက်ကာ မြေမံရပြန်သည်။ ထိုအခြေအနေတွင် အတွင်းပိုင်းက မြေ၊ အလယ်က ဖယောင်း၊ အပြင်ကမြေ၊ အောက်ခြေဖောက်နေလှန်းပြီး ခြောက်သည်နှင့် ကြေးသွန်းလောင်းရန် အဆင်သင့်ဖြစ်သွားသည်။

ကြေးသွန်းပြီးသည်နှင့် တစ်ရက်ထားပြီး မြေသားကို ထုခွာလိုက်သည်နှင့် ကြေးသွန်းပုံကြမ်းပေါ်လာသည်။ ထိုကြေးသွန်းပုံကြမ်းကို ခေတ်ပေါ်စက်ကိရိယာဖြင့် အချောကိုင်ကာ ကြေးကို အရောင်တင်ကြရသည်။ ထိုသို့ပြုလုပ်ပြီးပါက စျေးကွက်ဝင်သည့် လက်ရာမြောက် ကြေးသွန်းအနုပညာတစ်ခု ဖြစ်ပေါ်လာရသည်။ ကြေးသွန်းရုပ်တုများမှာ အရွယ်အစား အလိုက် ရက်အနည်းငယ်မှ ရက်များစွာအထိ အချိန်ယူကြရသည်။

မြန်မာ့ကြေးသွန်း အနုပညာ လက်ရာသည် အဆင့်များစွာ ဖြတ်ကျော်ရပြီး လက်ရာမြောက်စွာ ပြုလုပ်ရသော အနုပညာလုပ်ငန်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအရပ်ရပ်မှ ပုံတူကြေးသွန်းရုပ်တုများကို မန္တလေးမြို့သို့ လာရောက်အပ်နှံကြပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိနေကြောင်း သိရသည်။

နွေနဒီ(မြစ်ငယ်)

မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များ၏ အကောက်ခွန် ရှင်းလင်းထုတ်ပေးမှုအခြေအနေ

ရန်ကုန် စက်တင်ဘာ ၂၄

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက် အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစဉ်တင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်နေ့မှ ၂၄-၉-၂၀၁၆ ရက်နေ့အထိ ၅၉ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၅၆၆,၂၃၉ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) စ၁၀,၂၁၅ ဒသမ ၈၇ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ၆,၇၇၀,၂၇ ဒသမ ၀၃ ကျပ်သန်းနှင့် အထူးကုန်စည်ခွန် (SGT) ၂,၀၀၆,၇ ဒသမ ၇၇ ကျပ်သန်း စုစုပေါင်း ၁၅,၀၈၃,၁၀ ဒသမ ၆,၇ ကျပ်သန်းအား ကောက်ခံရရှိပြီး ဖြစ်ပါသည်။

အဆိုပါ အကောက်ခွန် (CD)၊ ကုန်သွယ်လုပ်ငန်းခွန် (CT) များနှင့် အထူးကုန်စည်ခွန် (SGT) စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ် ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ဝီးရေ ၁၄,၆၄၀၊ ကားအရောင်းပြခန်းများအတွက် ၁,၇၄,၄၆ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂,၈၁၈ စီး၊ နိုင်ငံခြားရေဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂,၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် စီးရေ ၇,၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄,၃ စီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉,၉,ရ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသုံးပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂,,၂၁၀ တို့ဖြစ်ကြောင်း သိရသည်။

(ဝင်းမြင့်)

ရန်ကုန်မြို့ မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေး Water Bus အကောင်အထည်ဖော်ရန် မကြာမီ တင်ဒါခေါ်ယူမည်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများကို ကျော်လွှားနိုင်မည့် သယ်ယူပို့ဆောင်ရေး အစီအစဉ်တစ်ခု အနေဖြင့် မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေး အစီအစဉ်ကို ယခုနှစ်အတွင်း အကောင်အထည်ဖော်သွားရန် စီစဉ်လျက်ရှိရာတွင် ယခုလများအတွင်း တင်ဒါခေါ်ယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများကို အသုံးပြုကာ မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်သွားရန် စီမံဆောင်ရွက်လျက်ရှိပြီး မြစ်ချောင်းများအတွင်း လက်တွေ့ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် မကြာမီကာလအတွင်း ပဂ္ဂလိကသို့ တင်ဒါခေါ်ယူကာ ဆောင်ရွက်သွားမည်ဟု အဆိုပါ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

"နိုင်ငံတကာ မြို့ပြတွေမှာလည်း မြစ်ကြောင်းသွား ပို့ဆောင်ရေးတွေကို ကောင်းမွန်စွာ အသုံးချနေပါတယ်။ ထိုင်းနိုင်ငံမှာလည်း အသုံးပြုနေပါတယ်။ ရန်ကုန်မြို့အနေနဲ့က ဒီလိုပတ်ဝန်းကျင်တွေရှိတဲ့အတွက် ဒါကို အကောင်အထည်ဖော်နိုင်ရင် ယာဉ်ကြောပိတ်ဆို့မှုကိုလည်း ဖြေလျှော့ပြီး သားဖြစ်ပါတယ်။ မကြာခင်မှာ ဒီလုပ်ငန်း ဆောင်ရွက်ဖို့အတွက် ပြည်တွင်း၊ ပြည်ပကို တင်ဒါခေါ်ယူပါမယ်။ တင်ဒါခေါ်ယူတာကို သတင်းစာကနေ ကြေညာသွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ပြောသည်။

မြစ်ချောင်းများအတွင်း သယ်ယူပို့ဆောင်ရေး Water Bus စနစ် အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများအတွင်း ကွင်းဆင်းလေ့လာဆန်းစစ်မှုများကို ဆောင်ရွက်လျက်ရှိပြီး လျာထားချက်အနေဖြင့် ငပိုးရိပ်ချောင်းတစ်လျှောက် ဘေလီတံတားအနီးမှ ညောင်တန်းအထိ မှတ်တိုင် ၈၊်းမှတ်တိုင် သတ်မှတ်ရပ်နားကာ ပြေးဆွဲပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

ရေကြောင်းပို့ဆောင်ရေးနှင့် ကားလမ်းကြောင်းများ ချိတ်ဆက်နိုင်ရန်အတွက်လည်း စဉ်းစားသုံးသပ်လျက်ရှိသည်ဟု သိရပြီး အဆိုပါလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူများ၊ ပညာရှင်များကိုလည်း ဆွေးနွေးချက်များ၊ အကြံပြုချက်များ တောင်းခံထားကြောင်း သိရသည်။

အဆိုပါ မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေး Water Bus ပြေးဆွဲခြင်းကို ရှုပ်ပြေးယာဉ်ကဲ့သို့ ယာဉ်များနှင့် ပြေးဆွဲသွားရန် လျာထားလျက်ရှိကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းတင်ဒါကို ယခုလအတွင်း ခေါ်ယူနိုင်ရန် ရည်မှန်းထားပြီး ယခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရန် မျှော်မှန်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

(ဆုနှင်းလဲ့)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် (၁၆)ကြိမ်မြောက် သွေးလှူ

ဘားအံ စက်တင်ဘာ ၂၄

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ အရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များက (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အရေးပေါ် လိုအပ်လာသောလူနာများ အဆင်ပြေစေရန်ရည်ရွယ်ပြီး (၁၆) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ ပြည်သူ့ဆေးရုံတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ အရာရှိနှင့်ရဲတပ်ဖွဲ့ဝင် ၃၀ ၏ သွေးလှူဒါန်းမှုကို အမှတ်(၂၂)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ခေတ္တတပ်ဖွဲ့ခွဲများ ယာယီရဲမှူး အောင်ဇင်ဦး၊ ဘားအံမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်နှင့် ရောဂါဗေဒအထူးကု ဒေါက်တာဘုန်းမိုးဝင်းတို့ ကြည့်ရှုအားပေးကာ သွေးလှူရှင် တပ်ဖွဲ့ဝင် များအား အချိုရည်၊ ကြက်ဥ၊ အားဆေးများထောက်ပံ့ပေးခဲ့ကြောင်းနှင့် အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲအနေဖြင့် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးတွင် လစဉ်ပုံမှန် စုပေါင်းသွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။ **နေမျိုးလွင်(မြန်/ဆက်)**

ပြည်သူ့စာကြည့်တိုက်တွင် ပန်းချီ၊ ပုံပြော၊ ကဗျာပြိုင်ပွဲ ကျင်းပ

ထားဝယ် စက်တင်ဘာ ၂၄

ကျောင်းသားအရွယ်ကလေးငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်များ ထွက်ပေါ်လာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုရရှိလာစေရန်၊ အာရုံစူးစိုက်မှုရရှိလာစေရန်၊ စာပေဗဟုသုတကြွယ်ဝပြီး ထူးချွန်ထက်မြက်လာစေရန် ရည်ရွယ်၍ ယနေ့ နံနက် ၈ နာရီတနာသာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ပန်းချီ၊ ပုံပြော၊ ကဗျာပြိုင်ပွဲကို ကျင်းပရာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက ရောင်စုံပန်းချီရေးခြယ်ခြင်းများ ယှဉ်ပြိုင်ကြရာ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးသန်းမြင့်နှင့် ဆရာမများက ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် ထားဝယ်မြို့ အနောက်မြို့တွင်းရပ်ကွက်နှင့် ပိန္နဲတောရပ်ကွက်များမှ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ပြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ စာအုပ်စာစောင်များ၊ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်စာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဩဂုတ်လနှင့် စက်တင်ဘာလတွင် မင်းကွန်းဘက်သို့ နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှုနည်းပါးသည့်အတွက် ရေယာဉ်များအလုပ်မဖြစ်

မန္တလေး စက်တင်ဘာ ၂၄

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသော နိုင်ငံတကာမှ ခရီးသွားဧည့်သည်များမှာ မန္တလေး ဧရာဝတီမြစ်ဆိပ်ဖြစ်သည့် မရမ်းခြံဆိပ်မှ တစ်ဆင့် မင်းကွန်းဘက်သို့ ရေယာဉ်များဖြင့် သွားလာကြသည်။ အများအားဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ပတ်ဝန်းကျင် ရှုခင်းများကို ကြည့်ရှု၍ ရစေရန် လှပစွာ တည်ဆောက်ထားသော ရေယာဉ်များဖြင့် စနစ်တကျစီမံပေးထားသည်။

ဩဂုတ်လနှင့် စက်တင်ဘာလတွင် မင်းကွန်းဘက်သို့ ခရီးသွားဧည့်သည် လာရောက်မှုနည်းပါးသည်။ ခရီးသည်ပါးသည့်ရာသီဖြစ်သည့်အတွက် ရေယာဉ် ၂၀ ကျော် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့်တိုင်အောင် တစ်နေ့လျှင် ရေယာဉ် ကိုးစီးမျှသာ ထွက်ရသည်။ ပျမ်းမျှအားဖြင့် ခရီးသွားဧည့်သည်ပါးခါနီတွင် မင်းကွန်းဘက်သို့ တစ်နေ့လျှင် နိုင်ငံတကာ ခရီးသွားဧည့်သည် ၅၀ မျှသာ သွားလာကြောင်း သိရသည်။

မင်းကွန်းဘက်ကူးရာတွင် နိုင်ငံတကာ ခရီးသွားဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်းယူသည်။ စင်းလုံးဌား မော်တော်ရေယာဉ်များ၏ ခရီးစဉ်များတွင် မန္တလေး-မင်းကွန်း၊ မန္တလေး-မင်းကွန်း-စစ်ကိုင်း၊ မန္တလေး-အင်း၀၊ မန္တလေး-ပုဂံ၊ မန္တလေး-ပြည်၊ မန္တလေး-ကျောက်မြောင်း၊ မန္တလေး-ဗန်းမော်အဖြစ် သတ်မှတ်ပြေးဆွဲကြောင်း သိရသည်။ အများစုသော စင်းလုံးဌားရေယာဉ်များမှာ ခရီးဝေးထက် ခရီးနီးဖြစ်သော မန္တလေး-မင်းကွန်းကို အဓိကထားပြေးဆွဲကြသည်။ စင်းလုံးဌားမော်တော်ရေယာဉ် မန္တလေး-မင်းကွန်းခရီးစဉ်တွင် လူ ၈၊်းဦးအတွက် စေ့းနှုန်းတစ်မျိုးနှင့် လူ ၁၀ ဦးအထက်တွင် စေ့းနှုန်းတစ်မျိုး လူဦးရေပေါ်မူတည်ကာ ယူကြသည်။

နိုင်ငံတကာမှ ခရီးသွားဧည့်သည်များသည် မင်းကွန်းဘက်သို့ သွားလာလည်ပတ်ရခြင်းကို အထူးနှစ်သက်ကြသည်။ ဧရာဝတီ၏အလှကို ခံစားရသလို မင်းကွန်းဒေသမှ ကြီးလေးကြီးဖြစ်သော မင်းကွန်းခေါင်းလောင်းကြီး၊ ခြသေ့ကြီး၊ ရေကန်ကြီး၊ ပုထိုးတော်ကြီးတို့မှ မြန်မာ့လက်ရာပန်း ၁၀ မျိုး အနုပညာများကို လေ့လာကြသည်။ စုစုစည်းစည်းဖြင့် ဖွင့်လှစ်ပြသထားသော မြန်မာ့ရိုးရာအနုပညာလက်ရာများ၊ ပန်းချီကားများစွာကို ပြခန်းများစွာဖြင့် စည်ကားစွာရောင်းချခြင်းများကြောင့် လေ့လာစရာများကို တစုတစည်းတည်းလေ့လာသလို သမိုင်း၀င် နေရာများကိုလည်း လေ့လာနိုင်သော ဒေသ၀င်ဖြစ်သည်။

လက်ရှိကာလတွင် မင်းကွန်းဘက်သို့ သွားရောက်လည်ပတ်သည့် ခရီးသည် အ၀င်နည်းပါးလျက်ရှိသည့်အတွက် ရေယာဉ်များ အလုပ်ဖြစ်မှုနည်းပါးနေသည်။ လာမည့် အောက်တိုဘာလတွင် နိုင်ငံတကာ ခရီးသွားဧည့်သည် အများအပြား ၀င်ရောက်လာမည်ဟု မျှော်လင့်လျက်ရှိကြောင်း မင်းကွန်းဘက်သွား ရေယာဉ်မောင်းသူတစ်ဦးက ရှင်းပြသည်။

(တိမ်တမန်)

အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ လက်ကမ်းစာစောင်ဖြန့်ဝေ

နောင်ချို စက်တင်ဘာ ၂၄။ ။နောင်ချိုမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို စက်တင်ဘာ ၂၃ ရက်က အမှတ်(၃) ကျောင်း၌ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာ၀နှစ်ခံ ဦးပေါင်ခန့်လန်နှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါ်နန်းဆိုင်စိန်တို့က စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းထွေးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းကာ ကျောင်းသား ကျောင်းသူများက နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ရုပ်မြင်သံကြားအစီအစဉ်များ

[၂၅- ၉ -၂၀၁၆ (တနင်္ဂနွေနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅	Business News
၈:၃၅	၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း) [အဆင်မြင့်ပညာအဆင့်] (အမျိုးသမီး)
၈:၄၅	"အောင်မြင်မှုပန်းတိုင်ဆီချီတက် ပြည်သူ့အတွက်" (မြန်မာအင်ဂျင်နီယာများ၏ စွမ်းအားသံလွင်မြစ်ကူးတံတား)
၉:၃၅	ပြည်သူတို့ရဲ့စကားသံများ
၉:၅၀	ကဗျာရိပ်မြုံ "လယ်စောင့်တဲ့ ခရလုံး"
၁၀:၀၀	Sunday Talk
၁၀:၃၅	မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁:၀၀	တစ်ပတ်အတွင်းထူးခြားသတင်း
၁၁:၁၅	"လူထုကိုအခြေပြုကာရပ်တည် မြန်မာ့ခရီးသွားလုပ်ငန်း(CBT)"
၁၁:၃၅	"စက်တင်ဘာလ လပတ် မိုးလေဝသအစီအစဉ်"
၁၂:၃၅	This Week's Special Interest
၁၂:၅၀	ဖြူမဲရုပ်ရှင်"ညြော် မိန်းမ မိန်းမ" (ပထမပိုင်း)(ညွှန့်ဝင်း၊ ချိုပြုံး) (ဒါရိုက်တာ-ဦးသုခ)
၃:၃၅	ဖြူမဲရုပ်ရှင်"ညြော် မိန်းမ မိန်းမ" (ဇာတ်သိမ်းပိုင်း)(ညွှန့်ဝင်း၊ ချိုပြုံး) (ဒါရိုက်တာ-ဦးသုခ)
၄:၁၅	၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ် မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်)(ခေတ်ဟောင်း တေးနှင့်ကာလပေါ်တေး) (ဝါသနာရှင်(ဒုတိယတန်း) အဆင့်)(အမျိုးသား)
၄:၃၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ(ဂီတရိပ်သာ)(အပိုင်း-၁၇၁)
၅:၁၅	ဂီတတံခါးလေးဖွင့်ပါဦး
၆:၁၅	"KARAOKE World Championships(KWC) Myanmar 2016"(LEVEL-1) (Group-8)
၇:၁၅	"သူ"(အပိုင်း-၂၄)(ပြေဇင်၊မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မုံနှင်းသာ) (ဒါရိုက်တာ-ဘိုသန့်)
၈:၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း
၈:၁၅	"ရှန်းကန်လှုပ်ရှားဘဝများ" (လင်းလက်လာတော့မည့် မျှော်လင့်ချက်ရောင်ခြည်များ)
၉:၀၀	ပြည်တွင်းသတင်း
	မိုးလေဝသအခြေအနေ -(၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ကွပ်စိတ်ပြိုင်ပွဲ)"
	"ကုသမင်းဇာတ်"(ဝါသနာရှင် (ဒုတိယတန်း)အဆင့်)(ပထမဆု) (မန္တလေးတိုင်းဒေသကြီး)
	ပြည်သူ့နီတိ"တစ်နေ့မှာ"(မေတ္တာ၊ ဇာတိရိုးစဲ၊ ခွဲ့ခွဲ့စင်း)(ဒါရိုက်တာ-မိုးဇော်ကို)

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

မြဝတီရုပ်မြင်သံကြား

၆:၀၃	တရားတော်
၇:၁၅	မေတ္တာပို့
၇:၂၅	ဓမ္မပူဇာတေး
၇:၃၀	ကိုယ်လက်လှုပ်ရှားအားကစား
၈:၁၅	စိုက်ပျိုးသုတ
၈:၂၅	DVD Hits
၈:၃၅	အင်္ဂလိပ်စာသုတ
၉:၁၀	World Wide Web
၉:၄၅	အမှတ်တရနေ့ရက်လေးများ
၁၀:၁၀	သာယာသီကြွေးခေတ်ဆန်းတေး
၁၀:၂၀	Guide For You
၁၀:၃၀	Cooking Art
၁၀:၄၅	မြန်မာသံစဉ်ချိန်းဝင်
၁၁:၀၀	English For Myanmar
၁၁:၁၅	Lucky Door
၁၂:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အဆုံးသတ်တစ်နေ့ အပိုင်း(၁၁)
၁၃:၁၉	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချေ အပိုင်း(၉၉)
၁၄:၃၀	အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄:၃၅	ပျိုပျိုမေ
၄:၅၀	Run & Coo
၅:၁၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၅၆)
၅:၄၅	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆:၁၀	ဘဝကြေးမုံ
၆:၃၅	လူစွန့်စားခရီးသွားနေသည်
၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလက်ာ အပိုင်း(၅၀) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ပဟေဠိနန်းတော် - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အကြင်နာမျက်ဝန်း အပိုင်း(၇)

MRTV-4

၅:၀၀	ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၄၀	"ဒုလ္လဘတရား(၅)ပါး " တရားတော် [ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုံ ဆရာတော်)]
၈:၀၀	Cartoon Series (English Play Ground)
၈:၅၅	Weekly Sports Diary
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၉)
၁၀:၁၅	ခေတ်သစ်ယျမေ
၁၀:၀၅	Star တို့ရဲ့ လက်ရာ
၁:၂၀	World of Knowledge (Seconds from Disaster: Norway Massacre)
၅:၀၀	Wedding and Women's Fashion Fair 2016
၅:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Chaw Chaw Silk & Luxury Fashion Gramd Opening Of The New Showroom)
၅:၃၅	Food & Decor
၆:၁၀	Health Fix
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၇၅)
၇:၁၅	Fashion Week
၇:၃၅	THE X-FACTOR MYANMAR
၉:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၂၀)
၉:၄၅	MUSIC LIVE Tonight
၁၀:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၃၇+၃၈)
၁၁:၅၅	MRTV-4 Stage
၀၀:၂၅	World of Knowledge (Seconds from Disaster: Norway Massacre)

The Handmaiden ဇာတ်ကားမှ ဒါရိုက်တာ ပတ်ချန်ဝု(အလယ်)နှင့် ရုပ်ရှင်အဖွဲ့သားများအား (၆၉)ကြိမ်မြောက် ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် တွေ့ရစဉ်။

ရုပ်ရှင်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန် တောင်ကိုရီးယားဒါရိုက်တာနှစ်ဦး အမေရိကန်သို့သွားရောက်မည်

တောင်ကိုရီးယား၏ နာမည်ကြီးဒါရိုက်တာနှစ်ဦး ခေါင်းဆောင်သည့် ရုပ်ရှင်အဖွဲ့သားများသည် လာမည့်ရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ သွားရောက်မည်ဖြစ်ပြီး အဆိုပါခရီးစဉ်တွင် ရုပ်ရှင်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ဒါရိုက်တာ ပတ်ချန်ဝုနှင့် ကင်ဂျိုဝန်းတို့နှစ်ဦးသည် ၎င်းတို့၏ အနုပညာလက်ရာများဖြစ်ကာ နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ပါဝင်ပြသခဲ့သည့် The Handmaiden စိတ်ပိုင်းဆိုင်ရာသည်းထိတ်ရင်ဖိုဇာတ်ကားနှင့် မှုခင်းအက်ရှင်ဇာတ်ကား The Age of Shadows တို့ကို ကိုရီးယားယဉ်ကျေးမှုစင်တာတွင် အထူးပွဲများပြသကာ ဆွေးနွေးပွဲများလည်းပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

မှုခင်းအက်ရှင်ဇာတ်ကား The Age of Shadows ကို ယခုလ ၇ ရက်က စတင်ပြသခဲ့ရာ ကိုရီးယားနိုင်ငံတွင် ကြည့်ရှုသူပေါင်း ၆ သန်းခန့်ရရှိခဲ့ပြီး ယင်းဇာတ်ကားကို နယူးယောက်၊ ချီကာဂို၊ တိုရွန်တို စသည့် မြို့ကြီးများအပါအဝင် မြောက်အမေရိကရှိရုပ်ရှင်ရုံပေါင်း ၄၀ တွင်တစ်ပြိုင်နက်ပြသသွားရန်စီစဉ်ထားကြောင်းလည်း သိရသည်။

ထို့အပြင် ၎င်းဒါရိုက်တာနှစ်ဦးသည် အခြားသောအမေရိကန်ရုပ်ရှင်ထုတ်လုပ်သူများနှင့် သီခြားဆွေးနွေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

တရုတ်အမျိုးသား စန္ဒရားဆရာတစ်ဦးဖြစ်သူ Lang Lang အား နယူးယောက်၏ ယဉ်ကျေးမှုဆိုင်ရာခရီးသွားလာရေးလုပ်ငန်းသံအမတ်အဖြစ် စက်တင်ဘာ ၂၀ ရက် ခန့်အပ်ခဲ့ရာ ၎င်း၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ တွေ့ရစဉ်။

အာရှမော်ဖြေရေးခရီးစဉ်သစ်များ စတင်ရန် အသင့်ဖြစ်နေသည် APINK ကေပေါ့ပ်အဖွဲ့

ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် APINK က လာမည့်နိုဝင်ဘာလကုန်ပိုင်းမှစတင်ကာ Aurora Asia Tour ခရီး၏ နိဒါန်းအဖြစ် အာရှနိုင်ငံများဖြစ်သည့် စင်ကာပူနှင့်ဖိလစ်ပိုင်နိုင်ငံတို့သို့ သွားရောက်ကာ ပရိသတ်များအား ဖျော်ဖြေတင်ဆက်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း kpopstarz သတင်းဌာနက သတင်းဖော်ပြထားသည်။ Plan A အင်္ဂန်တာတိန်းမန့်မှ ပွဲထုတ်လိုက်သည့်အဖွဲ့ဝင်ခြောက်ဦးဖြင့်ဖွဲ့စည်းထားသည့် APINK ကေပေါ့ပ်အဖွဲ့သည် အာရှဒေသတစ်လွှားနှင့် အမေရိကန်တို့တွင်ဖျော်ဖြေပွဲများကျင်းပခဲ့ပြီး တတိယမြောက်တစ်ကိုယ်တော်အယ်လ်ဘမ်ကို လာမည့်စက်တင်ဘာ ၂၆ ရက်တွင် ဖြန့်ချိသွားရန်စီစဉ်ထားကြောင်းသိရသည်။

တရုတ်ရုပ်ရှင်ပွဲတော်တွင် ဗီယက်နမ်ဟာသဇာတ်ကား ပါဝင်ပြသ

တရုတ်နိုင်ငံ၏ (၂၅)ကြိမ်မြောက် China Golden Rooster and Hundred Flowers ရုပ်ရှင်ပွဲတော်ကို တရုတ်နိုင်ငံမြောက်ပိုင်းရှိ မြို့တော် Tangshan တွင် စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ရာ ဗီယက်နမ်ဇာတ်ကား "Trung So" (Jackpot) ဟာသဇာတ်မြူးကားလည်း ပါဝင်ပြသခဲ့ကြောင်း သိရသည်။

"တရုတ်နိုင်ငံရဲ့ အထင်ကရရုပ်ရှင်ပွဲတော်တွေထဲကတစ်ခုဖြစ်တဲ့ ဒီလိုရုပ်ရှင်ပွဲတော်မှာ ကျွန်တော်တို့ရဲ့ ဇာတ်ကားလေးကို ပါဝင်ပြသခွင့် ရတဲ့အတွက် အင်မတန်မှ ဂုဏ်ယူမိပါတယ်"ဟု ဗီယက်နမ်ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်သည့် Bebe Pham က ဆိုသည်။

"Trung So" (Jackpot) ဟာသဇာတ်ကားကို ဒါရိုက်တာ Dustin Nguyen ကရိုက်ကူးပုံဖော်ပြီး ဗီယက်နမ်မင်းသမီး Ninh Duong Lan Ngoc က အဓိကပါဝင်သရုပ်ဆောင်ထားသည်။

ထို့အပြင် ယင်းဇာတ်ကားသည် ယမန်နှစ်က Golden Kite ဆု၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု၊ အကောင်းဆုံးမင်းသမီးဆုနှင့် အကောင်းဆုံးဇာတ်ညွှန်းဆုတို့ကိုရရှိခဲ့သောဇာတ်ကား တစ်ကားဖြစ်သည်။

၂၀၀၉ ခုနှစ်က ကျင်းပခဲ့သည့် China Golden Rooster and Hundred Flowers ရုပ်ရှင်ပွဲတော်တွင် ဗီယက်နမ်မင်းသား Nguyen က The Legend is Alive ဇာတ်ကားဖြင့် အကောင်းဆုံး နိုင်ငံခြားရုပ်ရှင်မင်းသားဆုကို လည်းကောင်း၊ မင်းသမီး Ngoc က Floating Lives ဇာတ်ကားဖြင့် လူကြိုက်အများဆုံး နိုင်ငံခြားမင်းသမီးဆုကိုလည်းကောင်း အသီးသီး ရရှိခဲ့ကြကြောင်း သိရသည်။

သံတမန်ဆက်ဆံရေး (၄၄)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် တိုဂို-တရုတ် ရုပ်ရှင်ရက်သတ္တပတ်ကျင်းပ

တိုဂိုနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံကြားသံတမန်ဆက်ဆံရေး (၄၄)နှစ်ပြည့် အထိမ်းအမှတ်အဖြစ်ကျင်းပသည့် တိုဂို-တရုတ်ရုပ်ရှင်ရက်သတ္တပတ်ကို ပြီးခဲ့သည့် စက်တင်ဘာ ၁၉ ရက်မှစတင်ကာ ကျင်းပလျက်ရှိပြီး တရုတ်ရုပ်ရှင်ဇာတ်ကားပေါင်း ၄၀ ခန့် ပြသလျက်ရှိကြောင်းသိရသည်။

အဆိုပါ ရုပ်ရှင်ရက်သတ္တပတ်တွင် တရုတ်ဇာတ်ကား The Four Cupids နှင့် တိုဂိုဇာတ်လမ်းတို "Rhum' တို့ကို အဖွင့်ပွဲစဉ်အဖြစ် ပြသခဲ့ကြောင်းသိရသည်။

"အလွန်ကို စိတ်ဝင်စားစရာကောင်းပါတယ်။ သည်းတထိတ်ထိတ်နဲ့ ကြည့်ခဲ့ရတဲ့ ဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်ပါတယ်"ဟု တိုဂိုရုပ်ရှင်သရုပ်ဆောင် Dyann'k Djovakpo က The Four Cupids ဇာတ်ကားနှင့်ပတ်သက်ပြီး ၎င်း၏အမြင်ကို ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါဇာတ်ကားနှင့်ပတ်သက်ပြီး တိုဂို ရုပ်ရှင်ထုတ်လုပ်ရေး မန်နေဂျာတစ်ဦးဖြစ်သူ Kouelo Tsifoaka က "ဒီဇာတ်ကားဟာ စိတ်ဝင်စားစရာ ဇာတ်လမ်းဇာတ်ကွက်တွေအပြင် ဆက်တင်ပိုင်းဆိုင်ရာနဲ့ ကာရိုက်တာပိုင်းဆိုင်ရာ တွေမှာပါ အပြစ်ပြောစရာမရှိပါဘူး"ဟု ဆိုသည်။

မျိုးစန္ဒာမောင်-စုစည်းသည်

မပြီးပြတ်သေးတဲ့ အာဆင်နယ်-ဘင်ဇီမာ အပြောင်းအရွှေ့

အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၃ ရက်မှာရီးယဲလ်မက်ဒရစ်တိုက်စစ်မျှူး ဘင်ဇီမာကို ပေါင်သန်း ၄၀ နဲ့ ထပ်မံကမ်းလှမ်းခဲ့တယ်လို့ မက်ထရိုအားကစားသတင်းဌာနက ဖော်ပြပါတယ်။ ဘင်ဇီမာဟာ အာဆင်နယ်ရဲ့ ကာလကြာရှည် ပစ်မှတ်ကစားသမားဖြစ်ပြီး လွန်ခဲ့တဲ့နှစ်နှစ်တာကာလကတည်းက ခေါ်ယူဖို့ တောက်လျှောက် ချိတ်ဆက်ခဲ့တာပါ။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်ကလည်း အသင်းရဲ့ ကြယ်ပွင့်ကစားသမားတစ်ဦးကို ထိန်းသိမ်းဖို့ လိုလားခဲ့သလို ဘင်ဇီမာကိုယ်တိုင်ကလည်း ရီးယဲလ်မက်ဒရစ်မှာပဲ ဆက်လက်ကစားလိုခဲ့တာကြောင့် အပြောင်းအရွှေ့ဟာ ဖြစ်မြောက်လာခြင်းမရှိပါဘူး။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးဟာ လက်ရှိတိုက်စစ်ပိုင်းအတွက် ဂီရော့ဒ်၊ ဝဲလ်ကော့၊ အီဝိုဘီ၊ လူးကပ်စ်တို့ရှိနေပေမယ့် သွင်းဂိုးတွေရရှိဖို့ တောင်ပံတိုက်စစ်မျှူး ဆန်းချက်ဇ်ကိုသာ အားကိုးအားထားပြုနေရတဲ့ အခြေအနေကို မလိုလားဘဲ ဘင်ဇီမာလို ဂိုးသွင်းသေသပ်တဲ့ တိုက်စစ်မျှူးကို ခေါ်ယူပြီး ရှေ့-နောက်-အလယ်ဟန်ချက်ညီတဲ့ အသင်းကိုတည်ဆောက်ဖို့ ဆန္ဒပြင်းပြနေတာ ဖြစ်ပါတယ်။

စဉ်းစားကြည့်ရင် အာဆင်နယ်ဟာ ကွင်းလယ်ပိုင်းမှာ ဇာကာ၊ အိုဇေလ်၊ ရမ်ဆေး၊ ကာဇိုလာ၊ ကိုကွီလင်၊ ချိန်ဘာလိန်၊အယ်လ်နနီတို့ ရှိနေသလို ခံစစ်ပိုင်းအတွက် ဘယ်လာရင်၊ မူစတာဖီ၊ မာတီဆက်ကာ၊ ကိုစီယယ်နီ၊ ပေါ်လစ္စတာ၊ ရော့ဒ်ဟိုးဒင်း၊ မွန်ရီယယ်တို့ရှိနေတာကြောင့် တိုက်စစ်ပိုင်းထက်ဆို ခံစစ်နဲ့ ကွင်းလယ်ပိုင်း ပိုမိုတောင့်တင်းတာကထင်ရှားပါတယ်။ ဒါ့အပြင် အာဆင်နယ်ရဲ့ အဆုံးသတ်ပိုင်းအသေချာဆုံး တိုက်စစ်မျှူး ဝဲလ်ဘတ်က ကာလကြာရှည်အနားယူနေရပြီး အသင်းအတွက် ဝင်ရောက်ကစားပေးနိုင်တဲ့ ကာလထက်အနားယူနေရတဲ့ ကာလကတောင် ပိုများနေသူပါ။

ပြီးခဲ့တဲ့ နွေဈေးကွက်က ဝင်းဂါး ခေါ်ယူခဲ့တဲ့ တိုက်စစ်မျှူး လူးကပ်စ်ဟာ အဆုံးသတ်ပိုင်း ကောင်းမွန်သူဖြစ်ပေမယ့် အခြားပရီမီယာလီဂ် ပြိုင်ဘက်တွေဖြစ်တဲ့ မန်ယူရဲ့ အီဗရာဟီမိုဗစ်ချ်၊ ချယ်လ်ဆီးက ကော်စတာ၊ မန်စီးတီးက ဟီဂူအင်၊ အဲဗာတန်ရဲ့ လူကာကူတို့လို ဒေါင်ဒေါင်မြည် တိုက်စစ်ကစားသမားတော့ အာဆယ်နယ်မှာ ရှိမနေပါဘူး။ ဒါ့ကြောင့် ဝင်းဂါးဟာ သူ့ရဲ့ အာဆင်နယ်ကို ကိုင်တွယ်တဲ့ နောက်ဆုံးရာသီမှာ ပရီမီယာလီဂ်ချန်ပီယံဆုကို ရယူလိုတာကြောင့် ဘင်ဇီမာကို ထပ်မံကမ်းလှမ်းခဲ့တာ ဖြစ်ပါတယ်။

တစ်ဖက်မှာ ဘင်ဇီမာကလည်း ပြီးခဲ့တဲ့ရာသီအထိ ရီးယဲလ်တိုက်စစ်ပိုင်းမှာ ပုံမှန်ပွဲထွက် ကစားခွင့်ရနေပေမယ့် ရီးယဲလ်က တိုက်စစ်မျှူး မိုရာတာကို ပြန်လည်ဝယ်ယူခွင့် စာချုပ်ပါအချက်အရ ဂျူဗင်တပ်ကနေ ယူရိုသန်း ၃၀ နဲ့ ပြန်လည်ခေါ်ယူခဲ့တာကြောင့် အလှည့်ကျသာ ပွဲထွက်နေရတဲ့ အနေအထားပါ။ ပြီးခဲ့တဲ့ နွေဈေးကွက်တစ်ခုလုံး ရီးယဲလ်မက်ဒရစ်က မိုရာတာကို ပရီမီယာလီဂ်အသင်းတွေဆီ ကြေးကြီးကြီးနဲ့ ပြန်လည်ရောင်းဖို့အတွက် ခေါ်ယူခဲ့တာလို့ ကောလာဟလတွေ ထွက်ခဲ့ပေမယ့် တကယ်တမ်းမှာတော့ ချယ်လ်ဆီးက မိုရာတာအတွက် ပေါင်သန်း ၆၀ နဲ့ ကမ်းလှမ်းခဲ့တာတောင် ရီးယဲလ်မက်ဒရစ်အသင်းက ပယ်ချခဲ့တဲ့အတွက် ဒီအချက်က မိုရာတာဟာ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အနာဂတ်မှာ အရေးပါတဲ့ ကစားသမားတစ်ဦးအဖြစ် ဆက်လက်ရှိနေမယ်ဆိုတာကို ညွှန်းဆိုရာ ရောက်ပါတယ်။

ဘင်ဇီမာဟာ ရီးယဲလ်ရဲ့ ဩဇာကံတိုက်စစ်မှာ ဂါရတ်ဘေးလ်၊ စီရိုနယ်လ်ဒိုတို့လို ကစားသမားတွေနဲ့ တွဲဖက်ကစားနေရသူဖြစ်လို့ အာဆင်နယ်ကို ပြောင်းရွှေ့လိုခြင်းမရှိပါဘူး။ ဒါပေမယ့် အာစင်ဝင်းဂါးကတော့ အိုဇေလ်ကို ခေါ်ယူခဲ့တဲ့ ဖြစ်စဉ်အတိုင်း ဘင်ဇီမာကို ထပ်ပြီးရရှိနိုင်ဦးမယ်လို့ မျှော်လင့်ထားတာပါ။ အိုဇေလ် ဝါဒါ ဘရီမင်မှာရှိစဉ် အာဆင်နယ်၊ ရီးယဲလ်မက်ဒရစ်တို့က အပြိုင်ကမ်းလှမ်းခဲ့ကြရာ အိုဇေလ်က ရီးယဲလ်ကို ရွေးချယ်ခဲ့ပေမယ့် ဂါရတ်ဘေးလ်ရောက်ရှိလာချိန် ပုံမှန်နေရာအတွက် အာမခံချက်ရဖို့ အသင်းပြောင်းမယ်လို့ ဆုံးဖြတ်ချိန်မှာတော့ အခြားအသင်းတွေ ကမ်းလှမ်းနေတဲ့ကြားက သူ့ကို အရင်ကတည်းက ခေါ်ယူချင်ခဲ့တဲ့ အာဆင်နယ်ကို ပြောင်းရွှေ့ဖို့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ဝင်းဂါးက ဘင်ဇီမာကိုလည်း လာမယ့်ဇန်နဝါရီ စျေးကွက် ဖွင့်လှစ်ချိန်မှာ အသင့်ခေါ်ယူနိုင်ဖို့ အခုကတည်းက ပေါင် သန်း ၄၀ နဲ့ စတင်ကမ်းလှမ်းခဲ့တာဖြစ်ပြီးပေါင်သန်း ၆၀ အထက် သုံးစွဲဖို့တောင် မျှော်မှန်းထားတယ်လို့ သိရပါတယ်။ ဆိုရရင် စျေးကွက်ဖွင့်လှစ်ချိန်ရောပိတ်သိမ်းနေစဉ် ကာလတွေမှာပါ အာဆင်နယ်နဲ့ ဘင်ဇီမာ အပြောင်း အရွှေ့ဇာတ်လမ်းက အမြဲလိုရိုက်ခတ်နေပြီး တကယ်တမ်း ဖြစ်မြောက်လာမလားဆိုတာ လာမယ့်ဇန်နဝါရီလရောက်ရင်တော့ အဖြေအတိအကျထွက်လာတော့မှာ ဖြစ်ပါတယ်။ **မေလွဲသင်း-ရေးသားသည်**

ချယ်လ်ဆီးနောက်တန်းခံစစ်ပိုမိုတိုးတက်လာရေးကို ကွန်တီလိုလား



ချယ်လ်ဆီးနည်းပြ ကွန်တီက သူ၏လက်ထက်တွင် ချယ်လ်ဆီးအသင်း ပိုမိုတိုးတက်လာရေး အထူးသဖြင့် ကလပ်အသင်း၏ ခံစစ်ပိုမိုကျစ်လျစ်လာရေးအတွက် ဆန္ဒရှိသည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။ ချယ်လ်ဆီးအသင်းသည် မကြာသေးခင်ကာလအတွင်း ပရီမီယာလီဂ်တွင် ဆွမ်ဆီးအသင်းအား သရေသာ ကစားနိုင်ခဲ့ပြီးနောက် လီဗာပူးအား အိမ်ကွင်းတွင်အရေးနိမ့်ခဲ့သလို အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲတွင်လည်း လက်စတာအသင်းအား အချိန်ပိုမိနစ် ၃၀ သွင်းဂိုးနှစ်ဂိုးဖြင့်သာ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

သို့သော် ကွန်တီက ချယ်လ်ဆီးအသင်း လမ်းကြောင်းမှန်ပေါ်ရောက်ရှိလာပြီး ယခုထက်မျှားစွာတိုးတက်လာဦးမည်ဟု ယုံကြည်ထားသည်။ ကွန်တီ၏ စိတ်ကြိုက်နည်းစနစ်အရ နောက်တန်းခံစစ်တွင် ကစားသမားသုံးဦးကိုသာ အသုံးပြုလေ့ရှိသဖြင့် အသစ်ခေါ်ယူထားသည့် ဒေးဗစ်လုဇီနှင့် အလွန်ဆိုတို့ နှစ်ဦးမှာလည်း အဆိုပါ ကွက်လပ်ကိုဖြည့်ဆည်းရန် ပြီးပြည့်စုံသည့် နောက်ခံကစားသမားများအဖြစ် သတ်မှတ်ရန် လိုအပ်ချက်များရှိနေခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင်ပေးဂိုး ၅၃ ဂိုးအထိ ခွင့်ပြုခဲ့ရပြီး ယခုနှစ်ရာသီတွင်လည်း ဘန်လေနှင့် ကစားခဲ့သည့် ပရီမီယာလီဂ်ပွဲစဉ်(၃)မှအပ ကျန်ပွဲစဉ်များတွင် ပေးဂိုးမဲ့ ပွဲမရှိခဲ့ခြင်းကြောင့် ယခုထက်ပို၍ နောက်တန်းခံစစ်ကြောင်း ကျစ်လျစ်လာစေရန် ကွန်တီက လိုလားနေခြင်းဖြစ်သည်။

မက်ဆီမပါသော ဘာစီလိုနာတိုက်စစ်ပိုင်းအားနည်းသွားပြီဟု ဇီဒန်းရှုမြင်

ဘာစီလိုနာတိုက်စစ်မျှူး မက်ဆီ ဒဏ်ရာပြဿနာကြောင့် သုံးပတ်တာ အနားယူရမည်ဖြစ်ရာ ဘာစီလိုနာ၏ တိုက်စစ်ပိုင်းအားနည်းနိုင်ခြင်းကြောင့် ရလဒ်ပိုင်းပါ ကျဆင်းသွားနိုင်သည်ဟု ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက ရှုမြင်သုံးသပ်ခဲ့သည်။ မက်ဆီမှာ အက်သလက်တီကိုအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် လာလီဂါပွဲစဉ်၌ ပေါင်ခြံဒဏ်ရာရရှိခဲ့ရာ အာဒါတူရန်နှင့် လူစားလဲ ကစားခဲ့ရသည်။ မက်ဆီမှာ သုံးပတ်ကြာ အနားယူရမည်ဖြစ်ခြင်းကြောင့် လာလီဂါပွဲစဉ်များဖြစ်သည့် စပို့တင်ဂီဂျန်၊ ဆယ်လ်တာဗီဂိုနှင့် ဒီပို့တီဗိုတို့နှင့်ပွဲစဉ်များနှင့် မိုချန်ဂလာဘတ်နှင့် ကစားမည့်ချန်ပီယံလီဂ်ပွဲစဉ်ကိုပါ လွဲချော်မည်ဖြစ်သည်။

မက်ဆီပါသော ဘာစီလိုနာနှင့် မက်ဆီမပါသော ဘာစီလိုနာတို့ လုံးဝကွဲပြားခြားနားသည့်အတွက် ဘာစီလိုနာအသင်း၏ လာလီဂါ ချန်ပီယံဘွဲ့ကာကွယ်ရေးအတွက်ပါ ခက်ခဲလာနိုင်သည်ဟု ဇီဒန်းက သုံးသပ်သည်။ လက်ရှိတွင် ရီးယဲလ်မက်ဒရစ် အသင်းသည် ဘာစီလိုနာအထက် သုံးမှတ်အသာ ရမှတ်၁၃ မှတ်ဖြင့် လာလီဂါ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နေပြီး ၂၀၁၂ ခုနှစ် နောက်ပိုင်း ဝေးကွာနေသည့် လာလီဂါ ချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးနိုင်ရန် ရည်မှန်းထားသည်။

ဒဏ်ရာပြဿနာကြောင့် တရုတ်အိုးပင်းပြိုင်ပွဲမှ ဆရီနာဝီလျံ နုတ်ထွက်

ဆရီနာဝီလျံသည် ပခုံးဒဏ်ရာကြောင့် လာမည့်အပတ်တွင်စတင်မည့် ဝူဟန်အိုးပင်းနှင့် တရုတ်အိုးပင်းပြိုင်ပွဲ နှစ်ရပ်လုံးမှ နုတ်ထွက်သွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ အသက်(၃၄)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့် ဆရီနာဝီလျံမှာ ဂရင်းစလင်းချန်ပီယံဆု(၂၂)ကြိမ်အထိ ဆွတ်ခူးထားသည့် ထိပ်တန်းတင်းနစ်မယ်တစ်ဦးဖြစ်ပြီး အဆိုပါ ညာဘက်ပခုံးဒဏ်ရာကို ပြီးခဲ့သည့် ဇူလိုင်လအတွင်း ယှဉ်ပြိုင်ခဲ့သည့် ဝင်ဘယ်လ်ဒန်အိုးပင်း ပြိုင်ပွဲယှဉ်ပြိုင်စဉ်အတွင်း ရရှိခဲ့ခြင်းဖြစ်သော်လည်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ သို့သော် ဆရီနာက လာမည့်အောက်တိုဘာ ၂၃ ရက်တွင် စတင်မည့် ရာသီသိမ်း ဒဗလ္ယူတီအေ စင်ကာပူအိုးပင်းတွင် ပြန်လည်ယှဉ်ပြိုင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ ဆရီနာဝီလျံမှာ ယူအက်စ်အိုးပင်း အကြိုဗိုလ်လုပွဲတွင် ပြိုင်ဘက် ပလက်စ်စကိုဗာအား အရေးနိမ့်ခဲ့ခြင်းကြောင့် (၁၈၆)ပတ်ကြာ ထိန်းသိမ်းထားသည့် ကမ္ဘာ့အဆင့်(၁)နေရာကို ဂျာမန်တင်းနစ်မယ် အန်ဂျလိခ်ကာဘာအား လွှဲပြောင်းပေးခဲ့ရသည်ဖြစ်ရာ ယခုကဲ့သို့ ပြိုင်ပွဲနှစ်ရပ်လုံးမှ နုတ်ထွက်ခဲ့ရသည့်အတွက် ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူနိုင်မည့် အခွင့်အရေးပါ ဆုံးရှုံးခဲ့ရခြင်းကြောင့် ကာဘာမှာ ရာသီသိမ်းအထိ ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက်ထိန်းသိမ်းနိုင်ရန် သေချာသွားခဲ့သည်။

စက်တင်ဘာ ၂၄ ရက် အနိုင်/အရှုံးရလဒ်များ

ပရီမီယာလီဂ် ပွဲစဉ် - ၆

မန်ယူ	၄	-	၁	လက်စတာ
ဘုန်းမောက်	၁	-	၀	အဲဗာတန်
လီဗာပူး	၅	-	၁	ဟားလ်စီးတီး
မစ်ဒစ်ဘရော့	၁	-	၂	စပါး
စတုတ်စီးတီး	၁	-	၁	ဝက်စ်ဘရွန်း
ဆန်းဒါးလန်း	၂	-	၃	ခရစ္စတယ်
ဆွမ်းဆီး	၁	-	၃	မန်စီးတီး

လာလီဂါ ပွဲစဉ် - ၆

ဘက်တစ်	၁	-	၀	မာလာဂါ
အီဘာ	၂	-	၀	ဆိုစီဒက်
စပို့တင်းဂီဂျန်	၀	-	၅	ဘာစီလိုနာ

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၅

ဒေ့မွန်	၃	-	၁	ဖရိုင်းဘတ်
မိုချင်ဂလာဘတ်	၂	-	၀	အင်ဂေ့စတက်
မိန်ဇ်	၂	-	၃	လေဗာကူဆင်
ဟမ်းဘတ်	၀	-	၁	ဘိုင်ယန်မြူးနစ်
အော့စ်ဘတ်	၁	-	၀	ဒမ်စတက်
ဖရန့်ဖတ်	၃	-	၃	ဟာသာဘာလင်

စက်တင်ဘာ ၂၅/၂၆ ရက်နေ့ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

ပရီမီယာလီဂ် ပွဲစဉ် - ၆

ဝက်စ်ဟမ်း -	ဆောက်သမ်တန်	ည-၉း၃၀

လာလီဂါ ပွဲစဉ် - ၆

လီဂါနက်စ် -	ဗလင်စီယာ	ညနေ-၄း၃၀
အက်သလက် -	ဒီပို့တီဗို	ည-၈း၄၅
ဗီလာရီးယဲလ် -	အိုဆာဆူနာ	ည-၁၁း၀၀
အက်စ်ပန်ညိ -	ဆယ်လ်တာဗီဂို	နံနက်-၁း၁၅

စီးရီးအေ ပွဲစဉ် - ၆

တိုရိနို -	ရိုးမား	ညနေ-၅း၀၀
ဂျီနိုအာ -	ပက်စ်ကာရာ	ည-၇း၃၀
အင်တာမီလန် -	ဘိုလော့နာ	ည-၇း၃၀
လာဇီယို -	အမ်ပိုလီ	ည-၇း၃၀
ဆာစူအိုလို -	အူဒီးနီးစ်	ည-၇း၃၀
ဖိအိုရင်တီးနား -	အေစီမီလန်	နံနက်-၁း၁၅

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၅

ဟော့ဖန်ဟိမ်း -	ရော်ကေး	ည-၈း၀၀
ကိုလုံး -	လိုက်ပ်ဇစ်	ည-၁၀း၀၀

ပြင်သစ်လီဂူး ပွဲစဉ် - ၃

စိန့်အက်တီယန် -	လိုင်လီ	ည-၇း၃၀
နန်စီ -	နိုက်စ်	ည-၉း၃၀
မာဆေးလ် -	နန့်တက်စ်	နံနက်-၁း၁၅

မောင်မောင်ဇော်

အင်းတော်နှင့် နဘားဘူတာအကြားတွင် စာပို့လူစီးရထားစက်ခေါင်း တံတားအောက်သို့ထိုးကျ

အင်းတော် စက်တင်ဘာ ၂၄ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အင်းတော်ဘူတာနှင့် နဘားဘူတာအကြား တံတားအမှတ် ၄၃၁ တွင် မန္တလေး-မြစ်ကြီးနား အမှတ် ၄၁ အဆန် စာပို့လူစီးရထား၏ စက်ခေါင်းသည် တံတားအောက်သို့ ထိုးကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခန့်က စက်ခေါင်းမောင်း ဦးတင်မောင်ဇော်၊ ဂါတ်ဘို(ရထားထိန်း)ဦးဇော်ဝင်းတို့မောင်းနှင်လိုက်ပါလာသော စက်ခေါင်းအမှတ် DD-၉၆၁ မန္တလေး-မြစ်ကြီးနား အမှတ် ၄၁ အဆန်စာပို့လူစီးကုန်ရထားသည် အင်းတော်ဘူတာနှင့် နဘားဘူတာအကြား မိုင်တိုင်အမှတ် ၅၈၇/၆ နှင့် ၇ အကြား တံတားအမှတ် ၄၃၁ အရောက်တွင် အဆိုပါစက်ခေါင်းသည် တံတားအောက်သို့ တစောင်းကျပြီး ရိုးရိုးတန်းတွဲ(၁)၏ ဘီးအမှတ် ၅၊ ၆၊ ၇၊ ၈ သည် သံလမ်း၏အတွင်းသို့ကပ်ကျပြီး ဘီးအမှတ် ၁၊ ၂၊ ၃၊ ၄ သည် သံလမ်း၏ အပြင်ဘက်သို့ ကပ်ကျမှု ဖြစ်ပွားခဲ့ရာ ခရီးသည်များ ထိခိုက်ဒဏ်ရာ ရရှိမှု မရှိခဲ့သော်လည်း ရထားစက်ခေါင်းမောင်း ဦးတင်မောင်ဇော်သည် ဦးခေါင်းတွင် ပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအခင်းဖြစ်နေရာသို့ နဘား-အင်းတော် မြန်မာ့မီးရထားဌာနမှ တာဝန်ရှိသူများ သွားရောက်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ရထားလမ်းပိုင်းပြင်ဆင်ပြီးစီးမည့် အချိန်ကို မခန့်မှန်းနိုင်သေးကြောင်း အင်းတော်ဘူတာမှ တာဝန်ရှိသူက ပြောသည်။

ကိုမင်း(အင်းတော်)

◆

ဗမ္ဗူသီရိမြို့နယ်တွင် ဆိုင်ကယ်ချင်းကပ်၍ ဆွဲကြိုးဖြတ်လုယူ

နေပြည်တော် စက်တင်ဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ဗမ္ဗူသီရိမြို့နယ် ဆွာလမ်းဆုံတွင် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က နေပြည်တော်မြို့မစျေး လုပ်ငန်းခွင်သို့သွားရောက်သော ဆိုင်ကယ်စီးလာသူ အမျိုးသမီးထံမှ ဆွဲကြိုးဖြတ်လုယက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မစိုးစိုးနှင့် မကေကေတို့နှစ်ဦးသည် မိမိလုပ်ငန်းခွင်ဖြစ်သော မြို့မစျေး ပန်းသခင်အလှပြုပြင်ရေးဆိုင်သို့ တောင်ညို-နေပြည်တော်လမ်းမှ ဆွာလမ်းဆုံအတိုင်း ဆိုင်ကယ်ဖြင့် သွားစဉ် နောက်မှလိုက်လာသော ဆိုင်ကယ်တစ်စီးမှ ဘေးချင်းကပ်၍ မစိုးစိုး၏ လည်ပင်းတွင်ဆွဲထားသော ရွှေဆွဲကြိုးကို စိုးပိုင် (၁၉)နှစ်နှင့် အပေါင်းအပါနှစ်ဦးက လုယက်ရာ မစိုးစိုး၏ဆိုင်ကယ်မှာ လဲကျသွားခဲ့သည်။ မစိုးစိုးက ဘေးပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းသဖြင့် ခရီးသွားပြည်သူများက လိုက်လံဖမ်းဆီးရာ ကျွဲရှင်းရွာနေ စိုးလင်းနိုင်(၁၆)နှစ်နှင့် ကျော်ရဲသူ(၁၈)နှစ်တို့အား ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

သန်းဝင်း(နေပြည်တော်)

မြို့ချောင်းသစ်တောစစ်ဆေးရေးဂိတ်တွင် မောင်းနှင်ထွက်ပြေးသော တရားခံအားဖမ်းမိ

ကျောက်တံခါး စက်တင်ဘာ ၂၄ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းဒေသတွင် ဇွန် ၃၀ ရက် နံနက် ၂ နာရီက သစ်တောစစ်ဆေးရေးဂိတ်အား အတင်းဖြတ်ကျော်မောင်းနှင်ထွက်ပြေးသူများ အနက်မှ ထွက်ပြေးသူတစ်ဦးအား စက်တင်ဘာ ၂၃ ရက် ညနေ ၄ နာရီခန့်က သစ်ကားနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖဒိုနယ်မြေရဲစခန်းအပိုင် မြို့ချောင်းဒေသ မြို့ချောင်း-စိန်ကန့်လန့်ကားလမ်းမပေါ်ရှိ သစ်တောစစ်ဆေးရေးစခန်းနှင့် တစ်မိုင်ခန့်အကွာတွင် ရပ်ထားသော Corolla Van YGN/4A ------ ယာဉ်အား သစ်တော ဝန်ထမ်းများ၊ သစ်တော ရဲတပ်ဖွဲ့ဝင်များနှင့် အဖွဲ့မှ သွားရောက်စစ်ဆေးရာ ယာဉ်ပေါ်တွင် ဝင်းထွန်းအား တွေ့ရှိခဲ့ရပြီး ယာဉ်ပေါ်မှ ကျွန်း သစ်ခွဲသားဆိုက်စုံ သုည ဒသမ ၆၆၆၃၀ တန်အား ရှာဖွေတွေ့ရှိခဲ့သည်။

ဝင်းထွန်းမှာ ဇွန် ၃၀ ရက် နံနက် ၂ နာရီခန့်က လူအင်အား ၄၀ ခန့်ဖြင့် သစ်တောစစ်ဆေးရေးစခန်းရှိ မောင်းတံအား အတင်းဖြတ်၍ တားဆီးကာရံထားသော ပစ္စည်းများအား ဇွတ်အတင်းဖယ်ရှားခြင်းများ ပြုလုပ်ခဲ့ရာ သစ်တောဝန်ထမ်းနှင့် သစ်တောရဲတပ်ဖွဲ့ဝင်များမှ တားဆီးခဲ့သော်လည်း ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးခဲ့သည်။ တာဝန်ရှိ တပ်ဖွဲ့ဝင်များမှ ရပ်တန့်စေရန် ယာဉ်၏ဘီးများအား သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့သော်လည်း ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးခဲ့သဖြင့် ဖဒိုနယ်မြေရဲစခန်းမှ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆(၁) ဖြင့် အမှုဖွင့်ထားသော တရားခံဖြစ်ပြီး ဝင်းထွန်းအား ဖဒိုနယ်မြေရဲစခန်းမှ သစ်တောဥပဒေပုဒ်မ၄၃(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြိုးကိုလင်း(ညောင်ဝိုင်း)

◆

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်ထုတ်မြို့(အထက)နေ၀မတန်း (ဘသာတွဲ-၇)တွင် ပညာသင်ကြားနေသော အဘ ဦးဟုန်းကီး၏သား မောင်ကျော်ဇော်ထန်းအား မောင်အီးဇော်ကီးထန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အီးဇော်ကီးထန်း

အမည်မှန်

ဘားအံမြို့ အထက(၂)(ခွဲ)ဒသမတန်း မှ မစန္ဒာဝင်း၏ အမည်မှန်မှာ မခင်စန္ဒာဝင်း[၃/ဘအန(နိုင်)၃၆၀၉၄၂]ဖြစ်ပါကြောင်း။

မခင်စန္ဒာဝင်း

အမြန်ရောင်းမည် (ပွဲတားလိုသည်)

၁၊ သာကေတမြို့နယ်၊ (၅) ရပ်ကွက်၊ သီတာ ၄ လမ်း၊ မြေ (၁၀ x ၆၀)၂-ထပ်၊ ဟုတ်ထောင်ကိမ်(ဘုတ်ညပ်) အဝိစိရေ၀ ဂရန်ပေါက်၊ ဝေးနှုန်း (ညှိနှိုင်းဈေး)
၂၊ မြောက်ဝဂ်ကုန်မြို့နယ်၊ (၃၈) ရပ်ကွက်၊ သီဟလမ်း၊ မြေ (၁၀ x ၆၀)၊ တစ်ထပ်၊ ဘုတ်ညပ်၊ ကျိုးပြေရေ၀ အဝိစိရေ၀ ဂရန်အမည်ပေါက်၊ ဝေးနှုန်း (ညှိနှိုင်းဈေး)
ဆက်သွယ်ရန်ဖုန်း-၀၉ ၇၃၁၂၆၃၁၁၊ ၀၉ ၄၃၁၂၅၅၂၂။

မွေးသက္ကရာဇ်အမှန်

ဦးမြင့်ကြည်၏သား မောင်သန့်ဇင်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၁-၁၉၈၂ဖြစ်ပါသည်။

မောင်သန့်ဇင်ဦး

GOLDEN RICH TRAVELS
ဘန်ကောက် (၂)ညပ၊ ပတ္တယား၊ အယုဒ္ဓယ၊မဲစောက်Oct -13
ဘန်ကောက် (၂)ညပ၊ ပတ္တယား၊ ကမ္ဘောဒီယား Nov-11
09 450587933, 09 250366279,09 786674066

M.Sc. (Maths). Final.
၈၊ ၉၊ ၁၀တန်း ဘာသာရပ်(၅)လုံးပြတ် ဦးနှင့် "ဟော်ဒါ" ရိုးရိုးဝိုင်း-၆၀၀၀၀/-၊ အထူးဝိုင်း(သင်၊ ကျက်၊ စစ်)-၁၀၀၀၀၀/-
"ဟော်ဒါ"(နေ့စားသင်ကျက်စစ်)(၁၅)သိန်း (၃-၁၀-၂၀၁၆)မပြည်
မဟာကျော် ဒုရဲဒုတိုပ်(ဌာနတွင်း) (ကျူးဗ)ဝင်ငွေ
အထူးသင် ပြီးရာအနီးကပ် (၁.၁၀.၂၀၁၆)စမည်
အမှတ်-၁၅၃၊ဒုတပ်မဟာမန္တလေးလမ်း(သိပ်ကမ်းသာလမ်းနှင့်ဘုရားလမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁ အနော်မာ၊ မြေကွက်အမှတ်(၁၆၄၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၆၄၈/ခ)၊ လမ်းသစ်(၂)လမ်း၊ ၁ အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ (၁)ဦးဆန်းထွေး(TKA-၀၀၀၈၈၁)၊ (၂) ဒေါ်သန်းဆင့်[၁၂/အလန(နိုင်)၀၁၇၅၈၈]၊ (၃) ဒေါ်သန်းမြင့် (CI-၀၄၇၅၈၃)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဆန်းထွေး(၁၈ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအဝေးတွက် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စန်းရီ[၁၂/သကတ(နိုင်)၀၄၈၃၄၉]မှ ကျန်အမည်ပေါက်များဖြစ်ကြသော (၁)ဒေါ်သန်းဆင့်[၁၂/အလန(နိုင်)၀၁၇၅၈၈]၊ (၂)ဒေါ်သန်းမြင့်(CI-၀၄၇၅၈၃)တို့နှင့် ပူးတွဲလျက်သေစာရင်း၊ ပုဂ္ဂနိတောင်မြို့နယ်တရားရုံး၏ (၆-၄-၂၀၁၆)ရက်စွဲပါကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၃၃၂၂/၂၀၁၆) ဂရန်ပေရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်အရောင်း(Portion)စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဗြိုလ်ချုပ်မင်းကိုနိုးနှင့်မြေဝိုင်းမခန့်ခွဲရုံးချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တော်မြို့နယ်၊ မာလာကျေးရွာ၊ အဘ ဦးစိန်သန်းအောင်၏သား မောင်ခိုင်မောင်[၁၁/ကတန(နိုင်)၀၆၉၁၉၄]အား သန်းခေါင်စာရင်းအရ မောင်ခင်မောင်ဟု ပြောင်းလဲခေါ်ပါရန်နှင့် မွေးသက္ကရာဇ် အမှန်မှာ ၅-၃-၁၉၈၆ဖြစ်ပါကြောင်း။
မောင်ခင်မောင်[၁၁/ကတန(နိုင်)၀၆၉၁၉]

အမြန်ရောင်းမည်

အင်းစိန်၊ အရှေ့ကြို့ကုန်း ပေ(၄၀x၆၀)၊ ၁ထပ်RC၊ ပါ၀ါမီတာ+ရိုးရိုးမီတာ၊ ဂျိုးဖြူရေ ၂ လိုင်း+အဝိစိရေ၀ ဂရန်အမည်ပေါက်၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ သိန်း ၂၅၀၀

ဖုန်း-၀၉-၂၅၀၀၄၅၂၂၆၊ ၀၉-၂၅၄၁၄၀၃၇၀

သင့်သွေးဖြင့် အသက်ကယ်ပါ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၃၇၁/က)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ အလျား ၆၀ ပေ × အနံ ၂၀ ပေရှိ နှစ်(၆၀)ဂရန်မြေဖြစ်သည့် အိမ်အမှတ်-၃၇၁/က၊ ရွှေဘိုလမ်း(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အိမ်မြေဥပစာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်သန်းဆွေ[စ/ဆပ၀(နိုင်)၀၁၇၂၉၄]ထံမှ ဦးစိုးလှိုင်[၁၂/မဂတ(နိုင်)၀၃၆၄၂၆]က အပြီးအပိုင်လက်ရောက် လွှဲပြောင်း၀ယ်ယူရန် စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေ ဥပစာနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့် တစ်စုံတစ်ရာရှိပါက ခိုင်လုံသည့် အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက ဝယ်ယူသူအမည်ပေါက်ဂရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမော် B.Sc(Maths) P.G.D.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၇၄)
တိုက်(၆/၁/၃)၊ ဆရာများရိပ်သာ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။ E-mail:myomaw2007@gmail.com 09-5156683

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဖ၂)၊ မြေကွက်ကွက်အမှတ်(ဖ၂)၊ မြေကွက်တည်နေရာအမှတ်(ဖ၂)၊ (မြေနံ(၄)လမ်း၊ ဂ)အရှေ့ဘက်ရပ်ကွက်သာကေတမြို့နယ်ဦးရွှေဆေးအမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးရွှေဆေး(မခင်)၊ ဒေါ်ကျင်ယုံ(မိခင်)၊ သားအာဒီဖြစ်သူဦးသန်းထိုက်(ဇင်ပွမ်း)ကွယ်လွန်သည်ဖြင့် ကွန်သမီးနှင့်ချေးမတောင်ပေသူများ ဖြစ်သော ၁။(သမီး)ဒေါ်ညွှန့်ညွှန့်ဆင်(၁၂/လကန(နိုင်)၀၃၇၉၁၇)၊ ၂။(သမီး)ဒေါ်ညွှန့်ညွှန့်ရီ(၁၄/အမန(နိုင်)၀၃၇၆၉၅)၊ ၃။(ချေးမ)ဒေါ်လှမြိုင်(၁၂/သကတ(နိုင်)၀၁၆၇၁၄)တို့မှ ဂရန်ရှုရှင်းမျှောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်ရရှိခေါ်ဆောက်ခံ ရှာဖွေပေးရာ ဘရင်းရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ (၂၅-၅-၂၀၁၅)ရက်စွဲပါကျမ်းကျိန်လွှာအမှတ် ၈၁(ခရမ/၂၀၁၅)တို့တင်ပြခဲ့ကြရာ ဂရန်ပျောက်ပြီးပိုင်ဆိုင်ကြောင်းစာချုပ်ချက်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဗြိုလ်ချုပ်မင်းကိုနိုးနှင့်မြေဝိုင်းမခန့်ခွဲရုံးချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"မော်ဘီကားလမ်းမကြီးဘေး၊ အချက်အချာကျ နေရာကောင်းတွင်ရှိသော မြေကျယ်ကျယ် ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်"

မော်ဘီမြို့နယ်၊ အစိုးရအုတ်စက်ရုံအနီး၊ မြို့ကျောင်းလမ်းမကြီးဘေး၊ မြေအကျယ်(၂၈)ဧက၊ ဘုန်းကြီးကျောင်းမြေကျယ်ကျယ် စုပေါင်းဝယ်ယူလျှုဒါန်းလိုသူများနှင့်တရားရိပ်သာဖွင့်လိုသူများအတွက် စျေးလျှော့ပေးမည်။ စိုက်ပျိုးရေး၊ အုတ်စက်ရုံ၊ အထည်ချုပ်စက်ရုံလုပ်ကိုင်လိုသူများ အထူးအဆင်ပြေသည်။ ရေကောင်းသည်။ မီးပါသည်။ စိန်တလုံးသရက်ပင်၊ ကီလိုမာလကာပင်၊ သံပရာပင်များစိုက်ပျိုးထားသည်။ မြေပြင်ညီသည်။ ခြံမျက်နှာ၀ကျယ်သည်။ ကားလမ်းမကြီးဘေး၊ သွားရေးလာရေးလွယ်ကူသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။

ကျပ်သိန်း(12000)

ဆက်သွယ်ရန် ဖုန်း - 09-5178979, 09-420301091, 09-43022828, 09-250165519, 09-43292929

လမ်းခင်းကျောက်ထုတ်လုပ်မှုနှင့် မူလတန်းကျောင်းများ ကွင်းဆင်းစစ်ဆေး

မောက်မယ် စက်တင်ဘာ ၂၄

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းစေရေး၊ အလုပ်အကိုင်ရရှိစေရေးနှင့် လူမှုဘဝတိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းကြောင့် ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးချစ်ဇော်တို့အဖွဲ့သည် စက်တင်ဘာ ၂၁ ရက်က ဟိုနမ့်ကျေးရွာအုပ်စု လွိုင်ခွမ်ကျေးရွာအနီးရှိ လမ်းခင်းကျောက်ထုတ်လုပ်သည့် လုပ်ကွက်နှင့် ဟိုလွိုင်ကျေးရွာအုပ်စု ပန်တောင်ကျေးရွာ လမ်းခင်းကျောက်ထုတ်လုပ်သည့်လုပ်ကွက်သို့ လျှောက်ထားသော ကျောက်ထုတ်လိုင်စင်ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် ရွှေမောက်မယ်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်မည့် ပေ ၃၀၊ ပေ ၉၀ ဖာစန်းကျေးရွာ မူလတန်းကျောင်းဆောင်သစ် တည်ဆောက်မည့်မြေနေရာနှင့် ကျောက်မနွဲ့ကျေးရွာ မူလတန်းကျောင်း၊ နောင်ဘိုကျေးရွာမူလတန်းကျောင်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရွှေဘို စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁۶ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီက ရန်ကြီးအောင် အားကစားကွင်း၌ပြုလုပ်ခဲ့ရာ ပထမဆုကို ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ကလည်းကောင်း၊ ဒုတိယဆုကို ရွှေဘိုမြို့နယ်ကလည်းကောင်း၊ တတိယဆုကို တန့်ဆည်မြို့နယ်ကလည်းကောင်း အသီးသီးဆုများရရှိခဲ့သည်။

ဆုရအသင်းများကို တစ်ဦးချင်းစီ ဆုတံဆိပ်များပေးအပ်ခြင်း၊ နေရာအလိုက်အကောင်းဆုံးဆုများကို ပေးအပ်ခြင်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုပေးအပ်ခြင်း၊ အနိုင်ရ ခင်ဦးမြို့နယ်အသင်းကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက တံခွန်စိုက်ဒိုင်းဆုပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးသီဟ(ပြန်/ဆက်)

စောမဲချောင်း ကမ်းပါးပျက်စီးမှုပြုပြင်နိုင်ရေး ကွင်းဆင်းစစ်ဆေး

ရေဦး စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် ပေ ၄၀၀ ခန့်အကျယ်ရှိ စောမဲချောင်းရေလျှံမှုကြောင့်(RMC/DY-4 လက်ယာမြောင်းရေငုတ်အနီးရေတိုက်စားခဲ့မှုအခြေအနေများကို ခရိုင်အုပ်ချုပ်ရေးမှူးဦးမောင်ထူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလွင်ဦး၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် စောမဲချောင်းကမ်းပါး RMC/DY-4 ပျက်စီးမှုနှင့် ပတ်သက်၍ ဒေသခံတောင်သူများ၊ ချောင်းပတ်ဝန်းကျင်ရှိတောင်သူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပြီး လိုအပ်သည့် အကြီးစားပြင်ဆင်မှုများ အချိန်မီဆောင်ရွက်သွားနိုင်ရေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် စက်တင်ဘာ ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စောမဲချောင်းရေလျှံကာ ညောင်လယ်၊ အုတ်ဖို၊ ကွမ်းအုံ၊ နေပူကုန်းကျေးရွာအုပ်စုရှိ ကွင်း ၆ ကွင်း၊ တောင်သူ ၃၉ ဦး၊ ဦးပိုင် ၄၈ ဦးတွင် မိုးစပါး ၂၃ ဒသမ ၅ ဧက၊ မတ်ပဲစိုက်ခင်း ရေလွှမ်းမိုးခဲ့ပြီး မတ်ပဲ ၃၇ ဧကနှင့် မိုးစပါး ၃ ဧက ထိခိုက်ပျက်စီးခဲ့သည်။ အလားတူ တန့်ဆည်မြို့မှစီးဆင်းလာသော ရွှေဂူချောင်းရေမျှားစီးဝင်မှုကြောင့် အင်တောကျေးရွာအုပ်စုရှိ မိုးစပါး ဧက ၃၀ ရေလွှမ်းမိုးမှုခံခဲ့ရသော်လည်း ပျက်စီးဆုံးရှုံးမှုမရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

သန်းထိုက်(ရေဦး)

ဒုတိယရက်(၁၀၀)သစ္စာစီမံချက်ဖြင့်အခြေခံပညာကျောင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

လောင်းလုံး စက်တင်ဘာ ၂၄

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သကျက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမောင်မောင်နှင့်ဝန်ထမ်းများသည် (NRC)အဖွဲ့နှင့်ပူးပေါင်း၍ စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီမှ စ၍ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ-၅ နှင့် အကျုံးဝင်သော ကျောင်းသူ၊ ကျောင်းသား အသက် ၁၀ နှစ်ပြည့်သူများအား ဌာန၏ ဒုတိယရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးခဲ့ရာ ကျောင်းသား ၂၄ ဦး၊ ကျောင်းသူ ၄၃ ဦး စုစုပေါင်း ၆၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ရေးချပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပထမရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ပြုလုပ်ပြီးဖြစ်သော်လည်း ကျန်ရှိနေသောအသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများကို ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

စိုးထွန်း(ပြန်/ဆက်)

ရပ်ကွက်ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား တီဘီရောဂါ အခမဲ့စစ်ဆေးကုသ

မန္တလေး စက်တင်ဘာ ၂၄

ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား တီဘီရောဂါ အခမဲ့စစ်ဆေးကုသခြင်းကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ အကွက် ၆၈၂၊ ၃၅ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား ကဉ္စနားဘုရားကျောင်း၌ ပြုလုပ်ခဲ့သည်။

တီဘီရောဂါအခမဲ့စစ်ဆေးကုသရာတွင် အထက်မြန်မာပြည် တီဘီရောဂါအထူးကုဆရာဝန်ကြီးများ၊ ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ သူနာပြုများပါဝင်သောအဖွဲ့သည် တီဘီရောဂါစမ်းသပ်စစ်ဆေးခြင်း၊ သလိပ်စစ်ဆေးခြင်း၊ ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်း၊ ရောဂါပိုးတွေ့ရှိလူနာများအား အစွမ်းထက်တီဘီဆေးများဖြင့် အခမဲ့ကုသပေးခြင်းများဆောင်ရွက်ခဲ့ကြသည်။

တီဘီရောဂါလက္ခဏာများမှာ ချောင်းဆိုးခြင်း၊ တင်ငွေ့ငွေ့ဖျားခြင်း၊ အကျိတ်ထွက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပိန်ချုံးခြင်းနှင့် ညဖက်တွင် ချွေးထွက်ခြင်းများဖြစ်ပါက အထက်မြန်မာပြည် တီဘီတိုက်ဖျက်ရေးဌာနခွဲ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် အခမဲ့ စစ်ဆေးကုသမှုခံယူနိုင်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ထိုင်းနိုင်ငံမှ ငလျင်ပညာရှင်များက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တာချီလိတ်၌ အသိပညာပေး

တာချီလိတ် စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များက စီစဉ်ကျင်းပသည့် ငလျင်ဘေး၊ ရေဘေး စသည့်သဘာဝဘေးအန္တရာယ်ကြောင့် အသက်၊ အိုးအိမ်၊ ပစ္စည်းများ ထိခိုက်ဆုံးရှုံးမှုမဖြစ်စေရေးရည်ရွယ်ကာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးသရုပ်ပြဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီမှ ညနေပိုင်းအထိ အောင်မြတ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံမှ ငလျင်ကျွမ်းကျင်ပညာရှင် Mr. Sutisak Soralump နှင့် ပညာရှင်များက ငလျင်ဖြစ်ပေါ်လာမှု၊ ကမ္ဘာနှင့်အဝှမ်း၊ မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် ငလျင်များ၊ ကြိုတင်ကာကွယ်နည်းများ၊ ငလျင်ဒဏ်ခံနိုင်မည့် အဆောက်အအုံဆိုင်ရာများ စသည်တို့ကို လက်တွေ့သရုပ်ပြ အသိပညာပေး ဟောပြောခဲ့သည်။

ယင်းနောက် ဟောပြောပွဲသို့တက်ရောက်လာသည့်ဌာနဆိုင်ရာများ၊ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ သိလိုသည်များ၊ ကြိုတင်ကာကွယ်နည်းများကို မေးမြန်းဆွေးနွေးရာ ပညာရှင်များက ပြန်လည်ဖြေကြားပြီး လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)



စက်တင်ဘာ ၂၅၊ ၂၀၁၆

ဓာတုဗုံး ထယ်သွားသို့ ပြောင်းလဲရေး ပြည်သူသိန်းသန်းတို့ မျှော်တွေး

ကိုရင်ညြ koyinau.mirrordaily@gmail.com

ယနေ့ကမ္ဘာတွင် အစိမ်းရောင်နည်းပညာ မြှင့်တင်ရန်လိုအပ်နေသည်။ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ကုလသမဂ္ဂ အေဂျင်စီ ကိုးခုတို့၏ ရုံးများတည်ရှိရာ UN City ခေါင်မိုးပေါ်ရှိ နေစွမ်းအင်ထုတ်လုပ်ရေးစခန်းကို ကုလသမဂ္ဂအကြီးအကဲ ဘန်ကီမွန်း လေ့လာကြည့်ရှုနေသည့် မှတ်တမ်းပုံ။ ဓာတ်ပုံ– http://www.un.org

တစ်နှစ်တစ်ခါ ကျင်းပလေ့ရှိသည့် ရွှေထီးဆောင်းမင်းတို့၏ ညီလာခံမှာ ခမ်းနားကြီးကျယ်လှ၏။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၏ အထွေထွေညီလာခံ အစည်းအဝေးခန်းမ ဆောင်ကြီးမှာ ခန်းလုံးပြည့်မျှ လူသူပရိသတ်တို့ တစ်သိုက်တစ်ဝန်းရှိနေကြပြီး လျှင် ကမ္ဘာနှင့်ချီသော ဆွေးနွေးငြင်းခုံစရာ အကြောင်းရပ်များမှာ တစ်တလျှဉ်ရှိနေ၏။ ဤသည်ကား ကမ္ဘာ့မိသားစုအဖွဲ့ကြီး၏ ၇၁ ကြိမ်မြောက် မူဝါဒရေးရာ ဆွေးနွေးပွဲကြီးပင်ဖြစ်လေ၏။

ဇာတ်သမားလာလျှင် မှတ်သားစရာပါသည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်သည် ဟူဘိသို့ပင် ရွှေထီးဆောင်းမင်းတို့ ကုလသမဂ္ဂ အထွေထွေညီလာခံသို့လာလျှင် ကမ္ဘာနှင့်ချီ အခွင့်ကျယ်လှသည့် ပြဿနာကြီးများ၊ အရေးကိစ္စများပါရှိလေသည်။ သို့စင်လျက် ယင်းပြဿနာကြီးများ အတွက် အဖြေရှာကြသည့်အခါ သိမ်မွေ့ခက်ခဲ နက်နဲလှသည်ဟူလို။

သမ္မတများ၊ ဝန်ကြီးချုပ်များ၊ သံတမန်များစုဝေးရာ အထွေထွေညီလာခံကြီးတွင် ကမ္ဘာ့ဟဲဗီးဝိတ် နိုင်ငံရေးသမားကြီးများ အင်အားပြကာ ယှဉ်ပြိုင်ထိုးသတ်လေ့ရှိကြပုံမှာလည်း အဖန်ဖန်တလဲလဲတွေ့မြင်နိုင်သော မြင်ကွင်းပေတည်း။

ကမ္ဘာ့လူသားများအတွက် အမြော်အမြင်ကြီးကြီး ဆွေးနွေးရမည့် ကိစ္စရပ်များ အဖြစ် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုမှ သည် ကမ္ဘာ့ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး လုပ်ငန်းအထိ၊ နျူကလီယလက်နက် ဖျက်သိမ်းရေးမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်များအထိ အမြီးပြန်ခေါင်းပြန် အပြန်ပြန်အလှန်လှန် ဆွေးနွေးစရာများရှိနေလေ၏။

အထွေထွေညီလာခံ၌ ခပ်သိမ်းသော အရာတို့ကို ဆွေးနွေးငြင်းခုံရန်ရှိနေစဉ်မှာပင် ဘွားကနဲပေါ်လာသော အကြောင်းခြင်းရာများသည်ကား မြောက်ကိုရီးယား နျူကလီယ စမ်းသပ်မှုနှင့် ဆီးရီးယားအစိုးရ စစ်သည် ၆၂ ဦးထက်မနည်း သေဆုံးခဲ့ရသော အမေရိကန်လေကြောင်းထိုးစစ်တစ်ရပ်တို့နှင့် ပတ်သက်နေသည်။ ဆီးရီးယားနိုင်ငံ၌ လှုပ်လီလှုပ်လဲ့ အပစ်အခတ်ရပ်စဲရေး ပြိုလဲကာ ပြန်လည် စစ်ပြုကြမည်လောဟု စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာကြရပြီး လျှင် အရေးတကြီး ဆွေးနွေးစရာများအဖြစ် ကျွက်ကျွက်ညံခဲ့ရသည်ဟု ကျွန်ုပ်ကြားသိရလေသောအခါ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ကမ္ဘာ့အရေးအရာများ တစီစီ ပေါ်ထွက်လာတတ်သည်ကို ကျွန်ုပ် သတိပြုမိလေသည်။

စည်းဝေးတိုင်ပင်စရာများ မနေမနားထွေပြားလှသည့် ကုလသမဂ္ဂပလက်ဖောင်း (စင်မြင့်)တွင် ယခုနှစ်အတွက် အထူးတလည်ညှိနှိုင်းအပ်သည်ကား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အသစ် ရွေးချယ်တင်မြှောက်နိုင်ရေး ဖြစ်ပြီးလျှင် အမေရိကန်၊ ရုရှား၊ တရုတ်စသည့် ကုလသမဂ္ဂ ဟဲဗီးဝိတ်များ အကျေအလည် ဆွေးနွေးနိုင်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်စောင့်စားမိ၏။

ကမ္ဘာ့ရေးရာ အလွဲအတိမ်းအစောင်းများကို တည့်မတ်ပေးရသူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အသစ်အဖြစ် မည်သူမည်ဝါ ပေါ်ထွန်းလာမည်နည်းဟူ၍ ကမ္ဘာသူ၊ ကမ္ဘာသားများက မျှော်လင့်စောင့်စားနေသော လမ်းခုလတ်သို့ ရောက်ရှိနေချိန်လည်းဖြစ်၏။ လက်ရှိ အကြီးအမှူး ဘန်ကီမွန်းမှာ ယခုနှစ်ကုန်တွင် သူ၏ရာထူးသက်တမ်း ကုန်ဆုံးတော့မည်လည်းဖြစ်၏။

ယခုနှစ်တွင် ကုလသမဂ္ဂက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးသော ထိပ်သီးဆွေးနွေးပွဲ တစ်ရပ်သည်ကား ဒုက္ခသည် အရေးနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေး တို့နှင့် ပတ်သက်နေပြီး နိုင်ငံရေးကြေညာစာတမ်း တစ်ရပ်ကို ယင်းဆွေးနွေးပွဲက ထုတ်ပြန် ခဲ့ကြလင့်ကစား ယင်းကြေညာစာတမ်း သည် မိုးလွန်မှ ထွန်ချသည့်သဘောသက်ရောက်နေသည်ဟု ဝေဖန်သံများကို ကျွန်ုပ် ကြားသိရလေသည်။

အရေအတွက် ၂၁ သန်းရှိ ကမ္ဘာ့ဒုက္ခသည်များအတွက် ကမ္ဘာ့နိုင်ငံကြီးများက မစ္စီမပို့သာ အကူအညီပေးနိုင်ပြီး ဘေးအန္တရာယ်နွံအတွင်း သက်ဆင်းနေကြရရှာသော ဒုက္ခသည်များအတွက် တာဝန်ယူမှု၊ တာဝန် ခံမှု နည်းပါးလှ ချေသည် ဟူ၍ Church World Service အဖွဲ့က ဝေဖန်ခဲ့သည်ဟု ကျွန်ုပ်ကြားသိရပြန်သည်။ ဒုက္ခသည်များအား ကူညီရေးမှာ အပြောလွယ်သလောက် အလုပ်ခက်လှပြီး သူတို့အားကယ်တင်ပေးရုံ မျှမက လူတစ်လုံးသူတစ်လုံးဖြစ်အောင် စောင့်ရှောက်ပေးရမည့် ဝန်ထုပ်ဝန်ပိုးမှာ ကြီးမားလှပေသည်။

ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအရေးကို ပိုမိုကိုင်တွယ်ဆောင်ရွက်ကြရန် ကုလသမဂ္ဂအကြီးအကဲက တိုက်တွန်းခဲ့ပြီး ပဋိပက္ခဖြစ်ပွားနေသော နိုင်ငံများအတွက် အကူအညီတိုးပေးရန်၊ ဒုက္ခသည်ကလေးများ ပညာသင်ခွင့်ရစေရန်၊ လူသားချင်း စာနာမှု ရန်ပုံငွေတိုးမြှင့်ရန် နယူးယောက် ထိပ်သီးဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြလေသည်။

အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲကြီးတွင် နောက်ဆုံးအကြိမ် မိန့်ခွန်းပြောကြားသူ အမေရိကန်သမ္မတ အိုဘားမား၏ မိန့်ခွန်းကို ကမ္ဘာသူကမ္ဘာသားများက စိတ်ဝင်တစား စောင့်စားနားထောင်ခဲ့ကြလေသည်။

ကမ္ဘာ့နိုင်ငံများ ပေါင်းစည်းမှုကို လက်ခံကြပြီးလျှင် နိုင်ငံတကာတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ကြဖို့ သမ္မတအိုဘားမားက တိုက်တွန်းခဲ့လေသည်။

သမ္မတအိုဘားမား၏ မိန့်ခွန်းမှာ ကျယ်ပြန့်လှပြီး ကမ္ဘာ့ရေးရာများကို စေ့စေ့ငုငုဆွေးနွေးခဲ့လေသည်။ ကမ္ဘာ့စီးပွားရေး တိုးတက်မှု ပြန်လည်ဦးမော့လာစေရေးအတွက် သူ၏အမြင်ကို တင်ပြခဲ့သလို နျူကလီယမပြန့်ပွားရေး အရေးကြီးပုံနှင့် ပတ်သက်၍ သူက ရှင်းလင်းတင်ပြခဲ့ပြန်သည်။

ရှစ်နှစ်တာ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အမေရိကန်အစိုးရအဖွဲ့၏ သံတမန်ရေးရာ အောင်မြင်မှုများကို သူက ဂုဏ်ယူဝင့်ကြွားစွာ ဖွင့်ဟခဲ့သေးသည်ကို ကျွန်ုပ် သတိပြုမိလေသည်။

ကျူးဘားနှင့် သံတမန်ဆက်ဆံရေး ထူထောင်နိုင်မှု၊ လက်တင်အမေရိက၏ အကြီးဆုံး ပြည်တွင်းစစ်ဖြစ်ပွားရာ ကိုလံဘီယာနိုင်ငံ၌ ငြိမ်းချမ်းရေး တည်ဆောက်နိုင်အောင်စွမ်းဆောင်နိုင်မှု၊ မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်း နှင့်အညီ ရွေးချယ်တင်မြှောက်ခံရသူ ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂ စင်မြင့်ထက်သို့ လာရောက်နိုင်မှု စသည့်စသည့် အကြောင်းခြင်းရာများနှင့် ပတ်သက်၍ သမ္မတအိုဘားမားက သူ၏သံတမန်ရေး လှုပ်ရှားမှုများနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားခဲ့လေသည်။

ထို့ပြင် နယ်စပ်ဖြတ်ကျော်ဒုက္ခသည် ပြဿနာမှသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံတကာပြဿနာအထိ သမ္မတအိုဘားမားက သူ၏အမြင်ကို ထုတ်ဖော်ခဲ့ပြန်သည်။

ပါရီ မူဘောင် သဘောတူညီချက်နှင့် အတူ အာမဝန်ခံခဲ့ကြသည့် ကတိကဝတ်များထက် ပိုမိုကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ပုံကို အိုဘားမားက ထောက်ပြခဲ့ပြီးလျှင် အစိမ်းရောင်နည်းပညာများ မြှင့်တင်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများ သုတေသနပိုမိုလုပ်ဆောင်ကြရန်၊ အစိမ်းရောင်နည်းပညာထုတ်ကုန်များအတွက် စျေးကွက်မက်လုံးပေးနိုင်မှု မြှင့်တင်ကြရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေ တိုးတက်ရရှိရေးအတွက် အလေးပေးကြရန် သူကတိုက်တွန်းခဲ့သည်ဟု ကျွန်ုပ်အမှတ်ထင်ထင် ရှိနေလေသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုအရေးမှာ နိုင်ငံများ၏ အမျိုးသားလုံခြုံရေးကို ထိပါးနှောင့်ယှက်လာနိုင်သည့် အရေးအဖြစ် ကျွန်ုပ်မှတ်သားရ၏။

နှစ်ပေါင်း ၈၀ ကာလအတွင်း ဂရင်းလန်ရေခဲချပ်ကြီး အရည်ပျော်ဆင်းသွားနိုင်ပြီး ကမ္ဘာ့ပင်လယ်သမုဒ္ဒရာတွင် နောက်ထပ် ၃ ဒသမ ၃ ပေခန့်အထိ ရေမျက်နှာပြင် မြင့်တက်လာမည်ဟု သိပ္ပံ ပညာရှင်တို့က ခန့်မှန်းထားလေရာ အချိန်မလင့်မီ ပြင်ဆင်သင့်သည်တို့ကို ပြင်ဆင်ကြဖို့ လိုအပ်နေလေပြီ။

ရာသီဥတု ပြောင်းလဲမှုကြောင့် ပိုးမွှားကျရောက်မှု ပြင်းထန်လာကာ ကမ္ဘာ့ဆန်၊ ကျဲ၊ ပြောင်းထုတ်လုပ်မှု ထိခိုက်စေနိုင်ပြီး အစာရေစာ ခေါင်းပါးမှုနှင့်အတူ လူ့အသိုက်အဝန်းအတွင်း ပဋိပက္ခများ ကြီးထွားလာနိုင်ပေရာ ငြိမ်းချမ်းသော ကမ္ဘာကြီးအဖြစ်သို့ အချိန်မီ တည်ဆောက်ကြဖို့ ကမ္ဘာ့နိုင်ငံများ ကြိုးပမ်းကြရန် အချိန်တန်နေပြီဟု ကျွန်ုပ်တွေးတောမိလေသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ခန့်က လွန်ခဲ့သော ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်ကို ရရှိခဲ့ကြပြီး ကုလသမဂ္ဂ အထွေထွေညီလာခံ ကျင်းပစဉ်ကာလအတွင်း စက်တင်ဘာ ၂၁ ရက်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ထက်မနည်းတို့က ယင်းသဘောတူညီချက်ကို အတည်ပြုခဲ့ကြသည်ဟု ကျွန်ုပ်သိရလေသည်။ ကမ္ဘာ့ကာဗွန်ထုတ်လွှတ်မှု၏ ၅၅ ရာခိုင်နှုန်းကို ကိုယ်စားပြုသော နိုင်ငံပေါင်း ၅၅ နိုင်ငံထက်မနည်းတို့က အတည်ပြုရန် လိုအပ်ချိန်တွင် သာမန်ထက်ထူးကဲ၍ အတည်ပြုနိုင်ခဲ့ကြခြင်းမှာ ဝမ်းမြောက်ဖွယ် သတင်းဖြစ်ရလေသည်။

ယခုနှစ် အထွေထွေညီလာခံကြီး၏ စင်မြင့်ပေါ်သို့ ကြွားကြွားဝင့်ဝင့်တက်လာနိုင်သူတစ်ဦးမှာ ကျွန်ုပ်တို့နိုင်ငံ၏ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖြစ်လေသည်။

ဒေါ်အောင်ဆန်းစုကြည်က-

"ဓားသွားမှ ထယ်သွားအဖြစ် ပြောင်းလဲရေး သို့တည်းမဟုတ် ပိုမိုခေတ်မီတဲ့ အသုံးအနှုန်းနဲ့ ပြောရမယ်ဆိုရင် အဖျက်လက်နက်တွေကို စိုက်ပျိုးရေးယန္တရားတွေ အဖြစ် ပြောင်းလဲရေးဆိုတဲ့ မျှော်မှန်းချက်ဟာ ကျွန်မတို့ ပြည်သူတွေရဲ့ မျှော်မှန်းချက်ဖြစ်ပါတယ်။ ဒီပဋိပက္ခတွေကြောင့် အိပ်ခွင့်မသာဘဲ လယ်ယာမြေတွေကိုလည်း ဆုံးရှုံးခဲ့ရတဲ့ ကျွန်မတို့ပြည်သူတွေဟာ ပြောင်းလဲဖို့ လိုအပ်တယ်ဆိုတာကို စိတ်ထဲ၊ နှလုံးသားထဲမှာ စွဲစွဲမြဲမြဲ နားလည်ထားကြပါတယ်။ မိမိတို့ရဲ့ နေအိမ်ထဲမှာ လုံခြုံမှုရှိဖို့၊ မိမိတို့ရဲ့ စွမ်းရည်အပေါ်မှာ ယုံကြည်မှုရှိပြီး အပြည့်အဝအကောင်အထည်ဖော်နိုင်ဖို့၊ လူငယ်တွေရဲ့ အနာဂတ်အလားအလာအတွက် စိတ်ချပျော်ရွှင်မှု ရရှိနိုင်ဖို့၊ သက်ကြီးရွယ်အိုများဘဝ လုံခြုံဖို့၊ ငြိမ်းချမ်းပြီးကြွယ်ဝတဲ့ ပြည်ထောင်စုသားတွေရဲ့ ရပိုင်ခွင့်နဲ့တာဝန်ကို အပြည့်အဝ ထမ်းဆောင်နိုင်ဖို့တို့ပဲဖြစ်ပါတယ်။ ဒီရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်ဖို့ တစ်ခုတည်းသော လမ်းကြောင်းကတော့ ငြိမ်းချမ်းရေးလမ်းကြောင်းပဲ ဖြစ်ပါတယ်။ ဒီလမ်းကြောင်းကို မျှော်လင့်ချက်နဲ့ ပြတ်သားတဲ့ သန္ဓိဋ္ဌာန်ချမှတ်ပြီး လျှောက်လှမ်းကြရပါလိမ့်မယ်" ဟု၍ မြွက်ကြားခဲ့သည်ကို ကျွန်ုပ်သတိပြုမိရင်း 'ဓားသွားမှ ထယ်သွားသို့ ပြောင်းလဲရေး ပြည်သူ သိန်းသန်းတို့မျှော်တွေး' ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

လက်တွေ့အသုံးချဆေးနည်းတိုများ(၁၀)

ကြည်လွင်မြင့်(မုန်ရာ)

ဆရာခင်ဗျား တက်နေတဲ့သူတွေ့ရင် ဘယ်လိုကူညီပေးရင် အတက်ပျောက်နိုင်ပါသလဲ။

တက်နေတဲ့သူရဲ့ နားရွက်နောက်ချိုင့်ခွက်လေးထဲကို လက်ညှိုးနဲ့ထောက် ဘယ်ညာ နှစ်ဖက် စုံနှိပ်ပေးပါ။ လက်ညှိုးထိပ်နဲ့ဖိပြီး ထောက်ထားပေးရင် ပြန်သတိရပါတယ်။ ဝက်ရူးပြန်တတ်ရင်တော့ ခြေမခွကြားနှိပ်ရပါတယ်။ ခြေမချိုးရပါ။ လူကြီးတွေ ထမင်းစားရင်း ရေသောက်ရင်း သီးပြီးတက်ရင် ငုတ်တုတ်ထိုင်ပြီး ဦးခေါင်းငယ်ထိပ်ကို မှုတ်ပေးရပါတယ်။

ကျွန်မအသက် ၂၇ နှစ်ပါ။ ကလေးမွေးပြီးမှ ညှင်းပေါက်နေလို့ ကူညီပေးပါ။ မျက်နှာပေါ်မှာ ပေါက်နေလို့ပါ။

ဒန့်ကျွဲစေ့ကို မီးနဲ့အကျွမ်းလှော်ပြီး အုန်းဆီနဲ့လိမ်းပါ။ တမာရွက်ခြောက်ကို သနပ်ခါးနဲ့စပ်လိမ်းရင်လည်း သက်သာနိုင်ပါတယ်။

သမီးညီမလေး ညာဘက်ခြေမျက်စိမှာ ရောင်နေပါတယ်။ ယားပြီး လမ်းလျှောက်ရင် နာပါတယ်။ သက်သာဖို့ ဘာဆေးသောက်ပြီး ဘာဆေးလိမ်းရမလဲရှင့်။

ခြေထောက်ကို ဆားရည်နွေးနွေးစိမ်ပေးပါ။ သင်္ဘောရွက်မီးကင် ခြေမျက်စိမှာကပ်ပြီး ပတ်တီးစည်းပေးပါ။ လေးနာရီကြာစည်းပြီး ဖြေပေးပါ။ ပြီးရင် နလင်ကျော် (ဒါမှမဟုတ်) ကရမက်သွေးလိမ်းပါ။ ခြေလေးချောင်းသား၊ ကလီစာ၊ ပဲပင်ပေါက်တွေကို ရှောင်စားပါ။

ဝမ်းသွားရင် သွေးပါပြီးနောက် စအိုနာကျင်နေလို့ ဆေးနည်းလမ်းညွှန်ပေးပါ။

ထောပတ်ထမင်းချက်စားရင် ဝမ်းသွေးပါ သက်သာပါတယ်။ ထောပတ်နဲ့ ဖီးကြမ်းဌက်ပျောသီးအမှည့်ကို ကြော်စားရင်လည်း ရပါတယ်။ ကျားမနိုင်မြစ် (ဒါမှမဟုတ်) နလင်ကျော်တုံးကိုသွေးပြီး စအိုဝမှာ လိမ်းပေးပါ။ အပူအစပ်စာနဲ့ ကောက်ညှင်းရှောင်စားပါ။

ကျွန်တော် အသက် ၅၀ ကျော်ပါပြီ။ ဆီးသွားတဲ့အခါ ဆီးကတော်တော်နဲ့မထွက်ပါဘူး။ သိပ်သွားချင်ရင်တောင် အတော်ကြာမှ ထွက်ပါတယ်။ အောင့်ကျင်တာကတော့ မရှိပါဘူး။ ကူညီပါဆရာ။

ဆီးကျိတ်ကြီးလာတဲ့ လက္ခဏာပါ။ ကြက်သွန်နီဥကိုထောင်း အရည်ညှစ်ယူပြီး တစ်ဇွန်းကို ပျားရည် (ဟင်းစားဇွန်း)နဲ့ တစ်ဇွန်းစပ်သောက်ပါ။ မနက်၊ ည တစ်နေ့ နှစ်ကြိမ်သောက်ပါ။ မြင်းခွာရွက်ကို နေရိပ်မှာ အခြောက်လှန်းပြီး လက်ဘက်ခြောက်နဲ့ ရောသောက်ပါ။ ညအိပ်ရာဝင်ရင် ဗာဒံရွက်နုကို မီးကင်ပြီး ဆီးခုံမှာ ကပ်ပေးရင် ဆီးကျိတ်ရောင်သက်သာပါတယ်။

ဆရာ သမီးအသက် ၁၈ နှစ်ရှိပါပြီ။ သမီးရဲ့အောက်သွားတစ်ချောင်းကနဲ့ပြီး ထိလိုက်ရင် နာသလိုဖြစ်နေပါတယ်။ သွားနုတ်ရင် ပြန်စိုက်ရမှာကြောက်လို့ သွားပြန်ခိုင်မယ့်နည်းရှိရင် ပြောပေးပါရှင့်။ သွားတွေဖြူမယ့်နည်းရှိရင်လည်း ပြောပြပေးပါရှင့်။ သမီးသွားတွေက ဝါသလိုဖြစ်နေလို့ပါ။

သွားနဲ့ရင် တမာရွက် (ဒါမှမဟုတ်) ပုဏ္ဏရိတ်ရွက်ပြုတ် ငုံပေးပါ။ ဆားအနည်းငယ်ထည့်ပြုတ်ရင် ပိုကောင်းပါတယ်။ အချိုတွေ အလွန်မစားပါနဲ့။ သွားဖြူအောင် တမာရွက်ကိုပြာချ၊ မီးသွေးနဲ့ ဆားကိုရောထောင်း အမှုန့်ပြုလုပ် ရောစပ်ပြီး သွားတိုက်ပေးပါ။ သွားများဖြူဖွေးလာပါလိမ့်မယ်။

ကလေးက တစ်နှစ် ရှစ်လရှိပါပြီ။ ကိုယ်အလေးချိန်က ၂၄ ပေါင်ရှိပါတယ်။ နောက်ကျော၊ ဗိုက်တွေမှာ မိတ်တွေပေါက်ပြီး အပူကန်သလိုဖြစ်နေလို့ ဘယ်လိုလုပ်သင့်တယ်ဆိုတာ ကူညီပေးပါ။

ကလေးအပူများရင် နံနက် ၉ နာရီကနေ ၁၁ နာရီအတွင်းမှာ ဦးခေါင်းကနေ ရေလောင်းချိုးပေးပါ။



မိတ်က ခရေပွင့် အကောင်းဆုံးပါ။ ခရေပွင့်အစိုကို ကြိတ်ပြီးဖြစ်စေ၊ ခရေပွင့်အခြောက်ကို အမှုန့်ပြုပြီးဖြစ်စေ သနပ်ခါးနဲ့ရောစပ်လိမ်းပေးပါ။ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ အကင်းဆယ်ပါးဆေးကို သနပ်ခါးနဲ့စပ်လိမ်းရင်လည်း ပျောက်ပါတယ်။

ရေယုန် အကြောင်းနဲ့ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်နဲ့ ဆေးနည်းတွေ တင်ပြပေးပါဦးခင်ဗျာ။

ရေယုန်က ပိုးကြောင့်ဖြစ်တာပါ။ ကူးစက်တတ်ပါတယ်။ အာရုံကြောရောင်လို့ နာတတ်၊ ဖျားတတ်ပါတယ်။ နေရောင်ခြည်နဲ့ လေမဝင်တဲ့ အတွင်းပိုင်းမှာ ပေါက်ရင် ပိုပွားတတ်ပါတယ်။ ရေမချိုးရပါ။ ကင်းပုံရွက်အရည်ညှစ်ပြီး လိမ်းပေးရင် သက်သာပါတယ်။ တမာရွက်ပြာချပြီး အုန်းဆီနဲ့လိမ်းရင်လည်း သက်သာပါတယ်။

လက်စွယ်ငုပ်ပြီး လက်သည်းပြည်တည်နေလို့ ဆေးနည်း သိပါရစေ။

ဒန်းကြီးပင်အရွက်ကို ထောင်းပြီးအုံပေးပါ။ တစ်နည်း လက်ဖက်အစိုကို ဆားခါးနဲ့နယ် (ဆားခါးကပြည်ကိုစုပ်ပါတယ်) အုံပေးရင်လည်း ရပါတယ်။ လက်စွယ်ငုပ်တာ ပြည်မတည်သေးရင် ဖယောင်းစက်ချပေးရင်လည်း ပျောက်နိုင်ပါတယ်။

ဆီးသွားပြီးရင် အဖြူရည်တွေ နည်းနည်းကျပါတယ်။ ဘယ်လိုလုပ်ရပါမလဲ။ ဆေးနည်းပေးပါ။

ကျောက်ဖရုံသီးဟင်းချိုချက် သုံးရက်ဆက်သောက်ပါ။ တောဆီးဖြူပင် ပဉ္စင်းပါးပြုတ်ပြီး မတ်ခွက်တစ်လုံးစာသောက်ပါ။ အပူအစပ်ရှောင်ပြီး ရေကျက်အေးများများသောက်ပါ။ တပတ်ကြာမှ မပျောက်ရင် ဆီးမှာ ပိုးရှိ၊ မရှိ စစ်ဆေးဖို့လိုပါမယ်။

မှိုရလို့ ချက်စားတဲ့အခါ အဆိပ် ရှိ-မရှိ ဘယ်လိုသိနိုင်ပါသလဲဆရာ။

မှိုရဲ့ အရောင်မည်းရင် အမည်းစင်းတွေပါရင် စိတ်မချရပါ။ မှိုရဲ့အမြစ်အရင်းမှာ ခြေချင်းကဲ့သို့ အကွင်းပါလျှင်လည်း အဆိပ်ရှိမှုဖြစ်နိုင်တဲ့အတွက် စားသုံးဖို့မသင့်ပါ။ မှိုချက်စားလျှင် အဆိပ်ပြေစေတဲ့ ကန်စွန်းရွက်နဲ့ တွဲဖက်စားသုံးသင့်ပါတယ်။ မသက်သာလျှင် မှိုကို ဆားဖြင့်ပက်ကြည့်ပါ။ ခေတ္တစောင့်ကြည့်ပါ။ အရောင်ပြောင်းသွားလျှင် မစားသုံးသင့်ပါ။

ကျွန်တော့ အစ်မတစ်ယောက် သင်္ဘောရွက်စားနေတာ ခုနစ်လခန့်ရှိပါပြီ။ ရည်ရွယ်ချက်က ကင်ဆာကာကွယ်တယ်ဆိုပြီး စားနေတာပါ။ အခုရက်ပိုင်းမှာ ရင်ခေါင်းကနေ အပေါ်ကနေ အပေါ်အထိ အပူခိုးတွေတက်လာပါတယ်။ လေပူထပြီး မျက်စိမှာလဲ အခိုးတွေဝေလာပါတယ်။ ဆက်သောက်ရမလား။ ရပ်လိုက်ရမလား။ သူက အရွက်ကို ပြုတ်လဲစားတယ်။ တစ်ခါတစ်ရံ အရွက်ကိုကြိတ် အရည်ညှစ်ပြီးတော့ လည်း သောက်ပါတယ်။ အကြံပေးပါဦးဆရာ။

သင်္ဘောရွက်အစိမ်းမှာပါတဲ့ အစေးက တေဇောဓာတ်များပါတယ်။ လက်ခြားရှိတဲ့အတွက် (လက်ပုံသဏ္ဌာန်အရွက်) အာကာသရှိတဲ့အရွက်လည်း ဖြစ်ပါတယ်။

သမီး ညီမလေးက ပေါင်ကနေ ခြေသလုံးထိ အကြောတွေ ပြတ်ပါတယ်။ အကြောပြတ်ရာတွေကြောင့် စိတ်ဆင်းရဲရပါတယ်။ တချို့ဆရာဝန်တွေက အိမ်ထောင်သည် ကိုယ်ဝန်ဆောင်တွေမှာ ဖြစ်တယ်လို့ ပြောပါတယ်။ သူက အပျိုလေးပါ။ အကြောပြတ်ရာတွေက ညီမလေး ခြောက်တန်းကျောင်းသူကတည်းက နည်းနည်းချင်းစီ ပေါ်လာတာပါ။ မျိုးရိုးလိုက်တာလား မသိပါ။ မေမေ့မှာလဲ အကြောပြတ်ရာ နည်းနည်းရှိပါတယ်။ သူ့လောက် မများပါ။ သံလွင်ဆီ လိမ်းရတယ်ပြောလို့ လိမ်းတာလဲ မပျောက်ပါဘူးဆရာ။ ဆေးနည်းရှိရင် ညွှန်ပြပေးပါ။

သံလွင်ဆီလိမ်းတာ မှန်ပါတယ်။ ဒါပေမယ့် ရိုးရိုးလိမ်းလို့ မရဘူး။ မီးနဲ့ ရွေးပြီးလိမ်းရပါမယ်။ အားကစားလုပ်လို့ အကြောပြတ်တာတွေ သက်သာပါတယ်။ မြန်မာဆေးနည်းကတော့ ရှားစောင်းလက်ပပ်ကို မီးအုံးပြီး အပြင်ခွံခွာပါ။ အတွင်းက အနှစ်သားနဲ့ ပွတ်ပေးပါ။ ရေမချိုးခင် နေ့စဉ်ရက်ဆက် ၁၄ ရက်လောက် ပြုလုပ်ပါ။

နောက်တစ်နည်းက ကွမ်းသီးခြမ်း(အခြောက်)သွေးလိမ်းရင်လဲ အကြောပြတ်ရာတွေ၊ အမည်းစင်းတွေ သက်သာတယ်ပြောပါတယ်။ တမာရွက် ခြောက်တွေကို နေလှန်းပြီး အမှုန့်ထောင်းပါ။ သနပ်ခါးနဲ့ ရောစပ်လိမ်းပါ။ ဗိုက်ကြောပြတ်တာတော့ လက်တွေ့သက်သာတာ တွေ့ဖူးပါတယ်။

မူကြိုကျောင်းသို့သင်ထောက်ကူ ပစ္စည်းများလာရောက်ထောက်ပံ့

မြင်းမူ စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့ရှိ မူကြို ကျောင်းသို့ စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနမှ မူကြိုကျောင်းနေ ကလေးငယ်များအတွက် သင်ထောက်ကူပစ္စည်းများကို စက်တင်ဘာ ၂၂ ရက်က လာရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

လာရောက်ထောက်ပံ့ ပေးအပ်ခြင်းအပေါ် ကျောင်းသား မိဘတစ်ဦးဖြစ်သူ ဦးအောင်မျိုးသူက "ကလေးတွေအတွက် အခုလိုလာရောက်ထောက်ပံ့ ပေးအပ်တာ အလွန်ကောင်းပါတယ်။ ဆော့ကစားစရာ သပ်သပ်မဟုတ်တော့ဘူး။ ကလေးတွေရဲ့ ဉာဏ်ပညာနဲ့ အတွေးတွေကိုပါ သုံးရတဲ့ကစားစရာလေးတွေ ပါတာတွေ့ရတော့ စာမသင်သေးပေမဲ့ သင်ပေးသလိုပါပဲ"ဟု သုံးသပ်ပြောသည်။

ထောက်ပံ့ပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး၊ တိုင်းဒေသကြီးရုံးဦးစီးအရာရှိ ဒေါ်သိန်းသိန်းမြင့်က သင်ထောက်ကူပစ္စည်း ၃၅ မျိုးကို ပေးအပ်ရာ မူကြိုကျောင်းတာဝန်ခံ ဆရာမ ဒေါ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။ ယင်း ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းတွင် ကျောင်းသူ၊ ကျောင်းသား ၃၀ ရှိပြီး အများစုမှာ ဝန်ထမ်းများ၏ ကလေးငယ်များဖြစ်ကြောင်း သိရသည်။ **အောင်စိုးဝေ (IPRD)**

ပိုင်းငေါ့တွင် တပ်မတော်ဆေးကုသရေး အဖွဲ့မှ အခမဲ့ကွင်းဆင်းကုသပေး

ကျောက်မဲ စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့တွင် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့မှ စက်တင်ဘာ ၂၁ ရက်က ပြည်သူများအား အခမဲ့ကွင်းဆင်းကုသပေးလျက်ရှိကြောင်း သိရသည်။

တပ်မတော်စစ်မြေပြင်တပ်ရင်း(၁၀)မှ ခွဲစိတ်ပါရဂူ ဗိုလ်ကြီးရန်နိုင်စိုးနှင့် ဗိုလ်လှမင်းဦး ဦးဆောင်သော တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့သည် မိုင်းငေါ့မြို့ဈေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ခေတ္တဆေးခန်းဖွင့်လှစ်၍ မိုင်းငေါ့မြို့ပေါ်နှင့် အနီးရှိကျေးရွာများမှ မိဘပြည်သူများအား အထွေထွေရောဂါများ စစ်ဆေးကုသပေးပြီး ခွဲစိတ်ရန်လိုအပ်သော လူနာများအား အခမဲ့ခွဲစိတ်ပေးခဲ့သည်။ အပတ်စဉ် ဗုဒ္ဓဟူးနှင့် စနေတို့တွင် နယ်လှည့်ကွင်းဆင်း၍ သွေးတိုး၊ နှလုံး၊ ဆီးချို စသော ရောဂါများအား စစ်ဆေးကုသပေးနေကြောင်း သိရသည်။ **ကျောက်မဲခရိုင်ပြန်/ဆက်**

အမှိုက်သိမ်းစနစ်သစ် ကမာရွတ်(၁)ရပ်ကွက်တွင်စတင်ဆောင်ရွက်မည်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် ၁ ရပ်ကွက်တွင်နေထိုင်ကြသည့် မိဘပြည်သူများ၏ ကျန်းမာရေးအတွက်ပဲ ဆိုဆို၊ ပတ်ဝန်းကျင်သန့်ရှင်း သပ်ရပ်စေရေးအတွက်ပဲ ပြောပြော မိဘပြည်သူများအတွက်အကျိုးရှိစေမည့် အမှိုက်စွန့်ပစ်မှုနည်းစနစ်များကို ခေတ်စနစ်နှင့်အညီ တီထွင်ဆောင်ရွက်ကြရာတွင် မိဘပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကမာရွတ်မြို့နယ် ၁ ရပ်ကွက်ကို စံပြအနေဖြင့် အမှိုက်စွန့်ပစ်သည့်နေရာမှာ စည်းကမ်းအရှိဆုံး၊ အမှိုက်နှင့်ပတ်သက်၍ စီမံခန့်ခွဲမှုအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ လမ်းညွှန်မှုနှင့်အညီ ကမာရွတ် ၁ ရပ်ကွက်ကို စံထားပြီး အောင်မြင်သည်နှင့် တစ်မြို့နယ်လုံးအနေအထားဖြင့် ဆောင်ရွက်သွားရန်ရှိကြောင်း မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးရဲမင်းထွန်းက ရှင်းပြသည်။

"မိဘပြည်သူတွေနဲ့ ဌာနဆိုင်ရာ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြမယ်။ ပြည်သူတွေကလည်း တစ်ဖက်တစ်လမ်းကနေပြီး ကူညီလုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်မှာပါ။ သန့်ရှင်းရေးဌာနက စေတနာထားသလို ရပ်ကွက်သူ ရပ်ကွက်သားတွေကလည်း စည်းကမ်းရှိဖို့လိုပါတယ်။ အရင်က အမှိုက်ကန်မှာ အမှိုက်တွေကို ဖြစ်သလိုသွားသွန်ခဲ့ကြပါတယ်။ အမှိုက်ကန်ဝန်းကျင်မှာ အနံ့တထောင်းထောင်းနဲ့ဆိုတော့ အမှိုက်ကန်အနီးအနားက မိဘပြည်သူတွေ ကျန်းမာရေးထိခိုက်မှာပါ။ ဒီလိုနဲ့အမှိုက်ကန်ဖျောက်ပြီး နိုင်ငံခြားကမှာယူတဲ့ အမှိုက်ပုံးကြီးတွေချပြီး အမှိုက်စွန့်ပစ်ဖို့လုပ်ပေးပေမဲ့လည်း အမှိုက်ပုံးအဖုံးကို မဖွင့်ချင်လို့ အမှိုက်ပုံးဘေးမှာ အမှိုက်ပုံ ဖြစ်သွားတာကလွဲပြီး သိပ်မထူးခြားပါဘူး။ နောက်တစ်မျိုးအနေနဲ့ ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်နဲ့ လုပ်ပေးပြန်တော့လဲ မိဘပြည်သူတွေအနေနဲ့ အဆင်မပြေပြန်ဘူး။ သတ်မှတ်အချိန်မှာ အမှိုက်ပစ်ဖို့ ခေါင်းလောင်းတီးသွားပေမယ့် အမှိုက်ပစ်ချင်မှ လာပစ်ကြတာ။ ညဘက်ကျမှ လူမသိ သူမသိ တွေ့ရာနေရာမှာ အမှိုက်ပစ်ကြပါတယ်။ အခုကတော့ စနစ်တစ်မျိုးနဲ့ သတ်မှတ်ထားတဲ့ အမှိုက်အိတ် အမှိုက်အစိုကိုအပြာရောင်၊ အမှိုက်အခြောက်ကို အစိမ်းရောင်အိတ်တွေသုံးပြီး လုံခြုံစွာချည်နှောင်ကာ ကိုယ်အိမ်ရှေ့ကိုယ့် အမှိုက်ထုပ် ချပေးထားရမှာဖြစ်ပါတယ်။ အမှိုက်ထုပ်ချရမဲ့ အချိန်ကတော့ နေ့စဉ်ညနေ ၄ နာရီမှ ၅ နာရီ သိမ်းမှာက ညနေ ၅ နာရီကနေ ၆ နာရီအထိ အပြီးသိမ်းပေးမှာပါ။ အမှိုက်ထုပ်ချရမဲ့အချိန် မမီရင်လည်း အခုလောလောဆယ်တော့ အမှိုက်ကန်နဲ့ အမှိုက်ပုံးရှိတဲ့နေရာမှာ သွားရောက်စွန့်ပစ်နိုင်ပါတယ်။ တခြားလမ်းဘေးနေရာတွေမှာ အမှိုက်မပစ်ဖို့တော့ မိဘပြည်သူတွေက တာဝန်ယူရမှာပါ။ နောက်ဆိုရင်အမှိုက်ကန်နဲ့ အမှိုက်ပုံးတွေဖျောက်တဲ့စနစ်ကို ဆက်လက်ကျင့်သုံးသွားမှာပါ"ဟုတာဝန်ခံကရှင်းပြသည်။

ကမာရွတ် ၁ ရပ်ကွက် မိုးစန္ဒာလမ်းအမှတ် ၁၀၁ နေ မတင်သီတာလုကလည်း "ဒီအမှိုက်စွန့်ပစ်မှုစနစ်ကို အကြိုက်ဆုံးပါပဲ၊ လက်တွေ့လဲဆန်တယ်၊ ကိုယ့်အိမ်ရှေ့ ကိုယ့်အမှိုက်ထုပ်ချတာ ဘာမှအခက်အခဲမရှိပါဘူး။ သတ်မှတ်တဲ့အချိန်မှာ သတ်မှတ်ထားတဲ့ အမှိုက်အိတ်တွေနဲ့ လုံခြုံစွာချည်နှောင်ပြီး ချထားပေးဖို့က မိမိတို့ရဲ့တာဝန်ပါ။ အချိန်မှန်မှန် လာသိမ်းပေးဖို့ကလည်း တာဝန်ရှိသူတွေရဲ့တာဝန်ဖြစ်ပါတယ်"ဟု ပြောသည်။

စံပြအနေဖြင့် ၁ ရပ်ကွက်ကို ဩဂုတ်လနောက်ဆုံးပတ်မှစတင်ပြီး အမှိုက်သိမ်းစနစ်သစ်အား မိဘပြည်သူများ သိရှိစေရန်အသံချဲ့စက်ဖြင့် ရပ်ကွက်အတွင်း လှည့်လည်နှိုးဆော် အသိပေးထားကြောင်း၊ အစီအစဉ် အသေးစိတ်ကိုလည်း လက်ကမ်းစာစောင်များရိုက်နှိပ်ပြီးဖြန့်ဝေပေးထားကြောင်း၊ လမ်းဆုံလမ်းခွနှင့် အမှိုက်ထုပ်စုသည့်စုရပ်များတွင် မိဘပြည်သူများ၊ လမ်းသွား၊ လမ်းလာများသိရှိစေရန် ဗီနိုင်းများရိုက်နှိပ်ပြီး ချိပ်ဆွဲပေးထားကြောင်း၊ ကမာရွတ်မြို့နယ်တွင် ရပ်ကွက်ကြီး ၁၀ ရပ်ကွက်ရှိရာ ၁ ရပ်ကွက်ကို စံပြနမူနာထားပြီး ၆၊ ၇၊ ၈ ရပ်ကွက်တို့ကိုလည်း အချိန်လွဲပြီး အမှိုက်ထုပ်ချ၊ အမှိုက်ထုပ်ကောက်သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ၈၀ ရာခိုင်နှုန်း အောင်မြင်ကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

ယင်းအမှိုက်သိမ်းစနစ် ရာခိုင်နှုန်းပြည့် အောင်မြင်စေရန် ပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေးကြရမည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။

မောင်မောင် ❑

၅၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့.နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် ၂ လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့.မှူး ရဲမှူးချုပ်မြေဝင်း၊ အမှတ် (၃) လုံခြုံရေးကွပ်ကဲမှု အဖွဲ့.ခွဲမှူး ရဲမှူးကြီး ကျော်ကျော်မင်းတိုကြီးကြပ်၍ အမှတ် ၇ လုံခြုံရေးရဲတပ်ဖွဲ့.ခွဲမှ တပ်ဖွဲ့.ခွဲမှူး(ယာယီ)ဒုတိယရဲမှူးကြီး ကျော်စင်ဦး ဦးစီးသော တပ်ဖွဲ့.ဝင် ၄၁ ဦးနှင့် တပ်ဖွဲ့.ဝင် မိသားစု ၄၂ ဦးတို့သည် စက်တင်ဘာ ၂၂ရက်က ရန်ကုန်တိုင်းဒေသကြီးမြောက်ဥက္ကလာပ ဆေးရုံကြီးတွင်စုပေါင်းသွေးလှူ ဒါန်းခဲ့ကြသည်။

သတင်းနှင့်ဓာတ်ပုံ- ၆၈၉

ကျား၊မ အခြေပြု အကြမ်းဖက်မှု (GBV)နှင့် စပ်လျဉ်းသော အသိပညာပေးဆွေးနွေးပွဲ သင်တန်းလားရှိုးတွင် ပြုလုပ်

လားရှိုး စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့.မှူးရုံးတွင် ကျား၊မ အခြေပြု အကြမ်းဖက်မှု (GBV)နှင့်စပ်လျဉ်းသော အသိပညာပေးဆွေးနွေးပွဲ သင်တန်းတစ်ခုကို စက်တင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းအစီအစဉ်ကို မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)နှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) တို့မှ ကြီးမှူးပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၈ နာရီက စတင်ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး (လားရှိုး) ရဲမှူးကြီးအောင်မြတ်မိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အငြိမ်းစားရဲမှူးကြီး သိန်းကြည်နှင့် MANA ရှမ်းပြည်မြောက်ပိုင်းဥက္ကဋ္ဌ အငြိမ်းစား ဒုတိယရဲမှူးကြီးအောင်ကျော်မိုးတို့က ယင်းသင်တန်းပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဖွင့်ပွဲအမှာစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ UNFPA rS Gander Based Violdnce (GBV) ဥက္ကဋ္ဌ Mr.Lion က အသိပညာပေး ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာထင်လင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သင်တန်းကို စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင်ပြုလုပ်ခဲ့ပြီး ရဲတပ်ဖွဲ့.ဝင် ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **လင်းလင်း(လားရှိုး)**

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများအတွက် မျိုးများထောက်ပံ့ပေးအပ်

ညောင်ရွှေ စက်တင်ဘာ ၂၄

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် မျိုးထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေဦးစွာ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလှက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် မျိုးထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့် တောင်သူများအား မျိုးများထောက်ပံ့ပေးသည်။

အဆိုပါ မျိုးထောက်ပံ့ပေးအပ်ပွဲတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရွာသာကျေးရွာအုပ်စုမှ တောင်သူ ၃၀၊ စိုက်ကေ ၆၅ ကေအတွက် မျိုးစပါး ၆၅ တင်းနှင့် တိလောကျေးရွာအုပ်စုမှ တောင်သူ တစ်ဦး၊ စိုက်ကေ ၁၄ ကေအတွက် မျိုးစပါး ၁၄ တင်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြော်ငြာ

IT COMPUTER TRAINING CENTER အိုင်တီကွန်ပျူတာ သင်တန်း HOT LINE - 395353, 253293, 0949290778

GRAPHIC DESIGN
လုပ်ငန်းခွင် သင်ခန်းစာများ ဖြစ်သော Magazine, Journal, Pamphlet,Vinyl,CDi VCDi DVD Cover, Calendar, Wallsheet, Sticker , Logo, Silk Screen နီနိုင်းများ၊ ရေးဆွဲခြင်း၊ကုန်ပစ္စည်းအမှတ်တံဆိပ်များ၊ဓာတ်ပုံရိုက်ခြင်း၊ဘူးခွံဒီဇိုင်း၊ မိတ်ပုံပြုပြင်ခြင်း အပြေး ကာလာသိအိုမီများ၊အကြောင်း အပြေး အရောင်များ၊အကြောင်း အလင်းအမှောင်၊ အရောင်အနုအရင့်နီနိုင်း အထားအသို၊ CTP ခွဲခြင်း ပုံနိပ်ထင်ကဲလာသွေးခြင်း ပုံနိပ်မိုက်နိပ်ပြင်ခြင်းများ အကြောင်းကို သင်ကြားပေးပါမည်။

AutoCAD-3ds Max
AutoCAD-3ds Max တွင် Civil Drawing Interior Project တစ်ခု နှင့် Exterior Project တစ်ခုကို Lighting, Texture, Exterior, Interior Concept များနှင့်တကွ Finalized သင်ကြားပေးမည်။ Construction Fields များတွင် လုပ်ကိုင်နေသော Civil Engineer များ၊ Design Fields များတွင် ဝင်ရောက်လုပ်ကိုင်လိုသော Archi Engineer များ၊ မိမိ၏ Design ကို Finalized ချပြုလိုသော Design Engineer များ၊ Home Decoration Designer အမြင် သွားရောက်လေ့လာ ဆည်းပူးလို သူများအထူးတက်ရောက်သင့်သော သင်တန်းဖြစ်ပါသည်။

Service Technician
Comp TIA A+, N+ Book ကို သင်ခန်းအဖြစ်ထားရှိပြီး သင်ကြားပေးသည်။Computer တစ်လုံး၏ Software,Hardware အပိုင်းများကို သင်ကြားပေးမည်အပြင် အင်တာနက်ဆိုင်၊ ဂိမ်းဆိုင်၊ ဖုန်း၊ ကုမ္ပဏီများတွင် Network ချိတ်ဆက်မှု အပိုင်း Server အပိုင်းများကိုကျွမ်းကျင်ပြီး Professional Service Technician တစ်ယောက် ဖြစ်အောင် သင်ကြားပေးသော တန်းခွဲ ခြောက်ပါသည်။ တစ်ရက်လျှင် (၃) နာရီမှတစ်ပတ်(၆)ရက်၊ သင်တန်းကာလ (၃လ) ကြာမြင့်မည်။ သင်တန်းပြီးဆုံး၍ ကျွမ်းကျင်မှုမမှီပါက နောက်တန်းခွဲသို့ အခမဲ့ ကျွမ်းကျင်သည်အထိ တက်ရောက်သင်ကြားနိုင်ပါသည်။

MOBILE PHONE
မိုဘိုင်းလေးကတ်၊ နာမည်အကြီးဆုံး နှင့် အသုံးပြုကျယ်ပြန့်ဆုံး Apple ၏ IOS နှင့် Google ၏ Android OS ပြင်ကို ကျွမ်းကျင်ပွင့်လင်းအောင်ပို့ အသုံးပေါင်းချလေကျင့်ပြင်Software လိုင်းအားသင်ကြားရုံသာ။ Hardware အတန်းတွင် Electronic ကျွမ်းကျင်ရုံကို့ဆေးသင်ကြားမြဲ အင်အားနက်ကုန်းမျှတောက်ပြင်း အခြေခံ အသုံးပြုနည်းများကို သင်ကြားပေးသည်။ သင်တန်းပြီးဆုံး၍ မကျွမ်းကျင်ပါကတန်းခွဲသစ်ကိုအခမဲ့တက်ရောက်နိုင်ခြင်း နည်းပညာနဲ့လိုက်နေသောလမ်းများအသေးကျည်ပေးခြင်း ဆိုတဲ့ဂုဏ်ပုံပန်းနှင့် အပ်ပေးထားတဲ့ကြေးဆင်ကမ်းလျှောရောင်ပယ်သူများ၊ဆိုင်ဖွင့်ထားကပေးပြီး ခြင်းများအားလုပ်ငန်းခွင်သုံးလေကျင့်ဝန်းပုံစံများဖြင့် သင်ကြားပေးမည်။

ADVANCED EXCEL
စာရင်းသင်းများအတွက် ကွန်ပျူတာခြင်းစာရင်းခွင်းစာတွင်အခြေခံကျသော Microsoft Excel သည်ကုမ္ပဏီများ၊ ဌေးများတွင်အသုံးများသော Software တစ်ခုဖြစ်သည်။ စာရင်းသွင်းခြင်းအခြေမှစ၍ စာရင်းများ အား ကွန်မြင်ကွာ အသုံးပြုနိုင်သည်အထိ လေးကျင့် သင်ကြားပေးမည်။ Adv Excel တွင် Table များ၊ တည်ဆောက် စာရင်းသွင်းခြင်းမှ စ၍ Formula များ၊ Function များ၊အသုံးပြုနိုင်တွက်ချက်ခြင်း၊Database များ၊ ရေးဆွဲခြင်း၊ လေ့ကျင့်စာရင်း ပြုလုပ်ခြင်း လုပ်သင့်စာများတွက်ချက်ခြင်း၊ ပြုလုပ်ခြင်း၊ စာစီစာရိုက် အသုံးပြုလိုသူများ အတွက် မြန်မာစာ အင်္ဂလိပ်စာကိုကျွမ်းကျင်ကျင့်ဝိုက်ဘတ်ဇရေးသင်ကြားပေးသည်။

Computer Basic
ကွန်ပျူတာ ဓာတ်လေ့လာလိုသူများအနေဖြင့် အခြေခံရဲ့သုံး Software များ ဖြစ်သည့် Word, Excel, Power Point, PageMaker များကို လုပ်ပုံ၊ လိုအပ်သူက်အတိုင်း ရေနှစ်တကျ အသုံးပြုနိုင်ရန် သင်ကြားပေးပါသည်။ ကုမ္ပဏီများ နှင့် ဝန်ထမ်းများတွင် ဝန်ထမ်းများရိုက်ခြင်း၊ စာရင်းပေးသားများ ဆွဲခြင်း၊ လေ့ကျင့်စာရင်းတွက်ခြင်း၊ နှင့်Power Point ခြင်းလုပ်ပုံ၊ Project များကို Presentation ပြုလုပ်ခြင်း၊ စာစီစာရိုက် အသုံးပြုလိုသူများ အတွက် မြန်မာစာ အင်္ဂလိပ်စာကိုကျွမ်းကျင်ကျင့်ဝိုက်ဘတ်ဇရေးသင်ကြားပေးသည်။

ဖခင်အမည်မှန်

ဟသ်ၦတမြို့နယ်၊ အထက ဒူးယား၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်စောဝေထူး၏ ဖခင်အမည်မှန်မှာ စောစဲဒေး[၁၄/ဟသတ(နိုင်)၀၇၂၂၀၃] ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဇလွန်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (F)မှ မပပလှိင်၏ ဖခင်အမည်မှန်မှာ ဦးဖိုချို [၁၄/ဇလန(နိုင်)၁၆၅۶۶]နှင့် ဦးဖိုးဝင်းချိုမှာ တစ်ဦးတည်း ဖြစ်ပါသည်။

အမည်မှန်

ဟသ်ၦတမြို့နယ်၊ အထက-ဒူးယား၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်စောဝေထူး၏ အမည်မှန်မှာ စောဝေထူးဒေး[၁၄/ဟသတ(နိုင်)၃၃၄۶၁၁] ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဇလွန်မြို့နယ်၊ ကူးတို့ဆိပ်ကျေးရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင် အောင်မျိုးသန်း၏ ဖခင် ဦးနေစိုးဦး[၁၄/ဇလန(နိုင်)၁၀၈၉ ၀၀]နှင့် ဦးစိုးဦးမှာ တစ်ဦးတည်းဖြစ်ပါသည်။

GOLDEN STAR
ကျိုက်ထီးရိုး (နေ့ဝင်)
ချောင်းသာ (နေ့ဝင်)
ငွေဆောင် (နေ့ဝင်)
Ph: 209200, 544383, 430480

ဗုဒ္ဓ ခမ္ဘာ သံယော
Super Cool
Air Con ရေခဲသေတ္တာ၊ အာတင်ရှေ့ချ်ဖက် တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အနီးဆုံးဆိုင်ခွဲဘဲ့)
(၁) မ/ဒဂုံမြို့နယ် -09-5418836, 09-400407575
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာကေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည်မြင့်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) မ/ဥက္ကလာပမြို့နယ် -09-450013581, 09-49316140
(၆) မန္တလေး -09-49252181, 09-444042912
(၇) မရမ်းကုန်းမြို့နယ် -09-5079115, 09-73066696
(၈) လှိုင်မြို့နယ် -09-256223396, 09-47054581
Hot Line : 01-706356
မှတ်ချက်-Air Con Brand New အမျိုးမျိုးကို ကုမ္ပဏီမူရင်းဈေးအတိုင်း အာမခံပြင့် ရောင်းချပေးနေပါသည်။

Big Promotion!
Spend Smarter, Save More.
HYUNDAI NEW THINKING. NEW POSSIBILITIES.
GRAND i10 Saving up to 1,400 $
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၃၇)၊ သုံးလွှာ(ဘီ)နေ (ဦးသောင်းမြင့်)၏ ဇနီးသည် ၂၃-၉-၂၀၁၆ (သောကြာနေ့) ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ဓမ္မာရုံ၊ ဇရပ် ဒါယကာကြီး
ဦးခိုင်ကျော်ဦး (၈၇)နှစ်
(ပေါက်တောမြို့)
(မိုးကုတ်ယောဂီ)

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နေ (ဦးသာကျော်-ဒေါ်အောင်မခိုင်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ မနောဟရလမ်း၊အမှတ်(၁၀)၊ လေးလွှာနေ ဒေါ်လှမိုးသူ၏ခင်ပွန်း၊ ဦးထွန်းဦး-ကျော်-ဒေါ်စောအေးခင်၊ ဦးကျော်ဇံ(မိုးကုတ်ယောဂီ)၊ ဦးကျော်သိန်းမောင်-ဒေါ်လှညွှန့်စိန်၊ ဦးမြသိန်း-ဒေါ်ခင်စောသိန်း၊ ဦးကျော်သန်း-ဒေါ်လှဲလှဲဝင်း၊ ဦးခင်မောင်သန်း-ဒေါ်မြသီတာနွယ်၊ ဦးလှမောင်သန်း-ဒေါ်ငွေးငွေးမြင့်၊ ဦးဌေးဝင်း-ဒေါ်သက်စုနိုင်၊ (ဗိုလ်မှူး ဘုန်းကျော်)-ဒေါ်ခိုင်မိုးထွေးတို့၏ မွေးသဖခင်၊ မြေး ၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသျှင်သည် ၂၃-၉-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂း၂၅ နာရီတွင် ရွှေဟတ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်ဟများ သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလွှာတ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်မေသိန်း(စစ်တွေ)
အသက်(၇၉)နှစ်

စစ်တွေမြို့နေ အင်ဂျင်နီယာ ဦးကာဆိမ်း-ဒေါ်စောဦးတို့၏သမီး၊ [ဦးခင်ဇော်ဝေ (လ/ထ အင်ဂျင်နီယာ-ငြိမ်း)]၏ဇနီး၊ ဦးသိန်းဇော်၊ ဒေါ်ခင်မေလွင်၊ ဒေါ်သီသီ၊ ဦးသက်ဇော်-ဒေါ်စောမေ၊ ဦးမဲအောင်-ဒေါ်စိုးစိုး (အလယ်တန်းပြဆရာမ)တို့၏ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်မေသိန်းသည် ၂၄-၉-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အလွှာတ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၂၅-၉-၂၀၁၆ရက် နံနက် ၁၀နာရီတွင် အမှတ်(၃၈/၁၁၉)လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဒါဖွဲ့နာမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Nu Thang Man Cing (Phaaitu)
B.A(Hist-Q)
အကောက်ခွန်ဦးစီးဌာန(ငြိမ်း)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ တိုက်အမှတ်(၁၁၆)၊ အခန်း(၆)၊ နီလာလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏနေ (Pu Hau Za Cin-Pi Nieng Kho No)တို့၏သမီး၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Tuolmu ကျေးရွာနေ (Pu Sein Khan Hau)-Pi Ciin Lien Mang တို့၏ သမီးချွေးမ၊ Pa Cin Suon Pau-(Nu Vung Zam Cing) USA၊ Rev.Cin En Thang-Nu No Kho Dim-(USA) တို့၏ညီမ၊ Pa Hau Suon Dal (ခေတ္တာ-မလေးရှား)၏ချစ်ဇနီး၊ Lie Mang Neih Nuom (ခေတ္တာ-မလေးရှား)၊ Tg. Hau Sien Lien [ဒုတိယနှစ် B.Sc (Phy)၊ ဒဂုံတက္ကသိုလ်]၊ Tg. Pau Sien Khai [ပထမနှစ် B.Sc(Bio-Che) ဒဂုံတက္ကသိုလ်]တို့၏ မွေးသမိခင်သည် ၂၀-၉-၂၀၁၆(အင်္ဂါနေ့) နံနက် ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုကိုးကွယ်၍ ဂုဏ်သင်္ဂြိုဟ်ပါမည်။ [နေအိမ်၊ မြောက်ဒဂုံ၊ (၇/၈ လမ်းဆုံ)၊ ယုဇနဥယျာဉ်မြို့တာ၊ မောနွေလဘုရားကျောင်းရှေ့တို့မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဦးအောင်ခင် (၉၈)နှစ်
မော်ကွန်းဝင်(ဒုတိယဆင့်)၊ ကိုယ်ပိုင်အမှတ်(၄၇၂၄၃)

လှည်းကူးမြို့နယ်၊ သနပ်ပျဉ်ကျေးရွာနေ (ဦးဖိုးခက်-ဒေါ်စိန်းရင်)တို့၏သား၊ ရမည်းသင်းခရိုင်၊ တပ်ကုန်းမြို့၊ ပေါက်ပင်သာရွာနေ (ဦးဖိုးသာ-ဒေါ်လှမ္ဘေ)တို့၏ သားသမက်၊ ဦးစိန်ထွန်း-ဒေါ်ကြွေ၊ ဦးတင်ဝင်း-ဒေါ်တင်လှ၊ ဦးလှငွေ-ဒေါ်ငွေ၊ ဦးခင်မောင်ဝင်း-ဒေါ်ဝင်းဝင်းကြည်၊ ဦးတင်လှ-ဒေါ်ပြုံး၊ ဦးဝင်းရွှေ-ဒေါ်မိမိခိုင်၊ ဦးပြည်သိမ်း-ဒေါ်သီသီဆွေ၊ ဦးတင်ထွေး-ဒေါ်မိုးမိုးကြည်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၂၃ယောက်၊ မြစ် ၂၂ယောက်တို့၏အဘိုး(ဒေါ်ခင်စိန်)၏ခင်ပွန်း ဦးအောင်ခင်သည် ၂၃-၉-၂၀၁၆ (သောကြာနေ့) ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၂၉-၉-၂၀၁၆ (ကြာသပတေးနေ့)တွင် (၁၈၉-B)၊ ပထပ်၊ အပိုင်း(၃)၊ (၈)လမ်း၊ ငမ်းရိပ်ရပ်ကွက်၊ သယ်နီးကျွန်းမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်ဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
ဒေါ်သန်းမြင့်(၁)ဒေါ်ငယ်လေး
(ဇီးကုန်းမြို့)
အသက်(၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ ကျွန်းတောလမ်းနေ (ဦးသိန်း-ဒေါ်ကျင်)တို့၏သမီး၊ (ဒေါ်စန်းမြင့်)၏ညီမ၊ ဒေါ်ချိုချိုငွေး (ကျောင်းအုပ်)၊ အထက-ခွဲ၊ ရှမ်းကွင်းမော်ဘီ)၊ ဦးကိုကိုငွေး၊ ဒေါ်ယုယုမော်၊ ဦးဝင်းနိုင်ထွန်း-ဒေါ်တင်တင်လတ် (လယ်ပြ)တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွား၊ တူ/တူမ လေးယောက်တို့၏ အဒေါ် ဒေါ်သန်းမြင့်(၁) ဒေါ်ငယ်လေး (ဇီးကုန်းမြို့)သည် ၂၄-၉-၂၀၁၆ (စနေနေ့) နံနက် ၁၁း၄၀နာရီတွင် လျိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ တိုက် (၇၂)၊ အခန်း (၆) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာကြီး
ဦးတင်လှိုင်(ခ)ဦးကုလား
(မြို့နယ်ကျန်းမာရေးမှူး-ငြိမ်း)
အသက်(၇၉)နှစ်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြို့နယ်နေ (ဦးမောင်ထော-ဒေါ်တင်ကြည်)တို့၏သား၊ အမှတ် (H-2)၊ စိန်ပန်းမြိုင်လမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးမြင့်ကို-ဒေါ်အေးအေးလှိုင်၊ ဦးစိုးလှ-ဒေါ်မိမိခိုင်၊ ဦးမောင်မောင်မြင့်-ဒေါ်တင်တင်လှ၊ ဦးဝဏ္ဏစိုး-ဒေါ်နီနီလှိုင်၊ ဦးမြင့်ဇော်-ဒေါ်မိမိလှိုင်ဦးဝင်းနိုင်-ဒေါ်မေသကြန်၊ ဦးအောင်မြင့်လှိုင်-ဒေါ်တင်တင်မော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၄-၉-၂၀၁၆ (စနေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ (သောကြာနေ့) နံနက် ၁၀နာရီမှ ၁နာရီအထိ (H-2)၊ စိန်ပန်းမြိုင်လမ်း၊ (၂၅) ရပ်ကွက်၊ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်မြကြည် (၇၂)နှစ်
သံဖြူဇရပ်၊ မော်လမြိုင်မြို့

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ (၁၉)လမ်း၊ အမှတ်(၁၃၁)နေ (ဦးငွေလုံး-ဒေါ်လှတင်)တို့၏သမီးကြီး၊ (ဦးဘိုးခင်-ဒေါ်စိန်ပင်)တို့၏ သမီးခွေးမ၊ ဦးအောင်ထိန်၏ဇနီး၊ ဦးသက်လွင်-ဒေါ်ဆွေဆွေဝင်း၊ ဦးထိန်ဝင်း-ဒေါ်အေးကသီဝင်း၊ ဒေါ်ရီရီမွန်၊ ဦးမင်းဇော်-ဒေါ်ကြွယ်ကြွယ်ထွန်း၊ ဦးခိုင်ဇော်ထွန်း-ဒေါ်အေးမြတ်မွန်၊ မင်းရာဇာထွဋ်-မိပညာတို့၏မွေးသမိခင်၊ မောင်အောင်ကောင်းမြတ်၊ မကြည်စင်သန့်၊ မောင်မိုးသစ်ကျော်၊ မိဘကဏ်ချမ်း၊ မဇင်ရတနာဦး၊ မိသဇင်နှင်း၊ မောင်လွင်ဘုန်းအောင်၊ မောင်ခေနွဲဦးလိုင်၊ မောင်ညီခလင်းတို့၏ ဘွားဘွားသည် ၂၃-၉-၂၀၁၆(သောကြာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မော်လမြိုင်မြို့ပိန့်ကန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်ဟအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၅း၃၀ နာရီတွင် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်မြမြ(ခ)ဒေါ်ကြည်(ထားဝယ်) (၇၂)နှစ်

ထားဝယ်မြို့၊ ကျောက်မော်ရပ်နေ (ဦးထွန်းသီး-ဒေါ်အွတ်)တို့၏သမီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ သုခလမ်းနေ (ဦးကျင်ထိုင်-ဒေါ်သီးညွှန့်)တို့၏ သမီးချွေးမ၊ ထားဝယ်မြို့၊ သုခလမ်း၊ အမှတ်(၂၅၃)နှင့် ရန်ကုန်မြို့၊ (၅၄)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးဟုတ်လွင်၏ဇနီး၊ ဦးမျိုးလွင်-ဒေါ်သက်သက်လွင်၊ ဦးမျိုးလွင်-ဒေါ်စန်းစန်းလွင်၊ (ဦးမြတ်သာ)-ဒေါ်တင်တင်ခိုင်၊ ဦးဝင်းဇော်-ဒေါ်သင်းသင်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွား ဒေါ်တင်ကြည်(ခ)ဒေါ်ကြည်သည် ၂၄-၉-၂၀၁၆(စနေနေ့) နံနက် ၇း၁၀ နာရီတွင် ရန်ကုန်မြို့ ခုတင်(၅၀၀)ဆံ့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၉-၂၀၁၆(တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၅၄ လမ်း နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ (စနေနေ့) ညနေ ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျော်မင်း (၇၇)နှစ်
(လ/ထ မန်နေဂျာရွှေလိပ်မြာဟိုတယ်)
ယခင်အမှတ်(၉၇)၊ ၄စုလမ်း၊
ဗိုလ်တထောင်မြို့နယ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (တည်းကုန်း)၊ တိုက်(၆)၊ အခန်း(၁၀၂)၊ ပုလဲရိပ်မွန်အိမ်ရာ၊ ဝက်မစ္စတ် ဝန်ထောက်လမ်းနေ (ဦးအေးမောင်)-ဒေါ်မြရှင်းဦးတင်ဝင်း-(ဒေါ်စန်းရီ)တို့၏ သားကြီး၊ ဦးကျော်ဝင်း-ဒေါ်ကြည်ကြည်မြ၊ ဦးထွန်းကြည်-ဒေါ်အေးသန်း၊ ဦးယဉ်အေး - ဒေါ်ကြူကြူဝင်း၊ (ဦးအောင်စိုး)၊ ဦးမောင်မောင်ချစ်-ဒေါ်စမ်းစမ်းအေး၊ ဦးဇော်ဝင်း(ဆန်ဂီ)၊ ဒေါ်သီသီဝင်း၊ ဦးကျော်ကျော်အောင်-ဒေါ်နီနီဝင်း၊ ဒေါ်နီနီအေး၊ ဦးရဲသွေး-ဒေါ်သီသီအေး၊ ဦးအေးသိန်း-ဒေါ်မီမီအေးတို့၏ ချစ်လှစွာသောအစ်ကိုကြီး သည် ၂၄-၉-၂၀၁၆ ရက် နံနက် ၇း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်စန်းရီ (၆၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀) ရပ်ကွက်၊ အမှတ် (၄၄-B)၊ မလိခ လမ်းနေ ကိုမျိုးခိုင်-မဝင်းသန်းနု၊ မည္ဗွန့် ညွှန့်ဝင်း၊ မောင်တင်ထွန်းအောင်၊ ကိုယန်စော-မဆွေရီမြတ်၊ မဝင်းမြတ်သင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ ဦးတင်ခိုင်၏ဇနီးသည် ၂၃-၉-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးဝေပုလ္လ (ခ) ဦးဝင်းနိုင်
သိက္ခာတော်(၁၃)၀၊ သက်တော်(၆၁)နှစ်
ရွှေအင်ကြင်းတောရ၊ လှည်းကူးမြို့နယ်

ရန်ကုန်မြို့နေ (ခမည်းတော် ဦးခင်မောင်-မယ်တော် ဒေါ်မြမြ)တို့၏ သားတော်၊ (ဦးမြင့်အောင်)-ဒေါ်လှလှမြင့်၊ (ဒေါ်တင်တင်ဝင်း)၊ ဦးခင်လတ်-ဒေါ်နွယ်နွယ်ဦး၊ ဦးကြည်ဝင်း-ဒေါ်သင်းသင်းရွှေတို့၏ ညီတော်/မောင်တော်၊ ဦးလှဟန်-ဒေါ်ကြည်ကြည်ဆွေ၊ ဦးလှိုင်မြင့်-ဒေါ်မျိုးသန္တာအောင်၊ ဦးအောင်သိန်း-ဒေါ်ခင်မြင့်ဝေ၊ ဒေါ်လဲ့လဲ့ဝင်းတို့၏အစ်ကိုတော်၊ တူ/တူမ ၂၀ ယောက်တို့၏ ဦးရီးတော်၊ ဒေါ်ခင်အေးဝင်းညိုဇော်ခင်ပွန်း ဦးဝေပုလ္လ(ခ)ဦးဝင်းနိုင်သည် ၂၃-၉-၂၀၁၆ (သောကြာနေ့) ည ၇း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်ဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးဝေပုလ္လ (ခ) ဦးဝင်းနိုင်
သိက္ခာတော်(၁၃)၀၊ သက်တော်(၆၁)နှစ်
ရွှေအင်ကြင်းတောရ၊ လှည်းကူးမြို့နယ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ်(၆၀၁/A)၊ ညောင်တစ်ပင်လမ်းနေ (ဦးတင်ဝင်းညို-ဒေါ်ခင်ဌေးဖြူ)တို့၏ သားသမက်၊ ဒေါ်ခင်အေးဝင်းညို၏ခင်ပွန်း၊ ဦးဇေယျာထွန်းညို-ဒေါ်နင်းနန္ဒာလှိုင်၊ မခိုင်ခင်ဖြူ(မေဖြူ)ဖြူ)တို့၏ဖခမည်းတော် ဦးဝေပုလ္လ(ခ)ဦးဝင်းနိုင်သည် ၂၃-၉-၂၀၁၆ (သောကြာနေ့) ည ၇း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၅-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေ

မိတ္ထီလာတပ်နယ်၌ ပြုလုပ်သော ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်မတော်(ကြည်း)၊ (လေ)၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်

အားနည်းချက် အားသာချက်များကို ဖော်ထုတ်၍ တပ်ဖွဲ့ အလိုက် ပြင်ဆင်ဖြည့်စွက်ရန် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှာကြား

နေပြည်တော် စက်တင်ဘာ ၂၄

အချိန်၊ ဌေ၊ လုပ်အားများစွာ အကုန်အကျခံပြီး လေ့ကျင့်နေခြင်းသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းရည်ပြည့်ဝစွာ ထမ်းဆောင်နိုင်ရန်ဖြစ်ကြောင်း၊ ယခုပြုလုပ်သည့် လေ့ကျင့်ခန်းသည် ပြည်ပရန် ကာကွယ်ရေးအတွက် သမားရိုးကျစစ်ဆင်ခွဲနိုင်ရန် အဓိကရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ကာကွယ်ရေး၊ စစ်ရေးဆိုသည်မှာ ကောက်ကာင်ကာလုပ်၍ မရဘဲ ကြိုတင်ပြင်ဆင်မှု၊ လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း တစ်ဖွဲ့ချင်းအလိုက် လေ့ကျင့်သားပြည့်ဝအောင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

မန်ယူအသင်း လက်စတာစီးတီးအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူ

စာမျက်နှာ ၁၁ ၊ ၁၇

ပရိသတ်များ စိတ်ဝင်စားနေသည့် MMA ပြိုင်ပွဲ အောက်တိုဘာ ၇ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

စာမျက်နှာ ၁၁

မျိုးဆက်သစ်ရုပ်ပြမဂ္ဂဇင်း

ကြေးမုံ
အထူးကဏ္ဍ

စက်တင်ဘာ ၂၅၊ ၂၀၁၆ (တနင်္ဂနွေနေ့)

မိုးလွန်မှချမိသည့်ထွန်

မိုးယံဝင့်ထည်
B.Sc (Zoology)

အမေတားနေသည့်ကြားမှ အဖေ့ကိုအရွဲ့တိုက်ချင်တဲ့ စိတ်ရဲ့အလိုအတိုင်း နှင်းမြရွက်လွှင့်ခဲ့ပြီ။ "အားတင်းထားနှင်းမြ" ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးလိုက်တယ်။ အဖေ့ရဲ့ အထင်အမြင်သေးမှုတွေကို ခုချိန်ထိနှင်းမြပြန်မြင်နေဆဲ။

"ပိုက်ဆံပေါနေလို့ ကျောင်းထားပေးတာမဟုတ်ဘူး၊ နှင်းမြ၊ ငါတို့လိုမဖြစ်စေချင်လို့ ညည်းကိုပညာတတ်အောင် သင်ပေးနေတာ။ မိဘတွေ ဒီလောက်ကုန်းရုန်းရှာနေတာ နားလည်စမ်းပါသမီးရယ်"

"သမီးလည်း အလေလိုက်နေတာမဟုတ်ဘူး။ ဆယ်တန်းအောင်ဖို့ ဘယ်လောက်ကြိုးစားရသလဲ။ အဖေတို့မှ မသိဘဲ။ တမင်ကျအောင်လုပ်တာမှမဟုတ်တာ"

ဆယ်တန်းကျလို့ အဖေက ဆူဆူပူပူ။ အမေကတော့ ဘာမှမပြောပေမယ့် အဖေ့ဘက်ပါချင်ချင်။ နှင်းမြက လည်း နဂိုကတည်းက ကြွေပ်ဆတ်ဆတ်။

"သမီးရယ် ကိုယ့်အဖေအကြောင်းလည်းသိသားနဲ့။ ဒီနှစ်အောင်မြင်အောင်ကြိုးစားပြလိုက်စမ်းပါကွယ်"

"အမေ့ယောကျ်ားဘက်က လိုက်ပြောမနေနဲ့အမေ၊ တစ်နေ့လာလည်း နားပြီး။ နှစ်နေ့လာလည်းဆူပူ စိတ်ကုန်တယ်"

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ် သမီးအဖေကြားလို့ စိတ်မကောင်းဖြစ်ရဦးမယ်"

"အဖေလားစိတ်မကောင်းဖြစ်မှာ ဝေးသေး၊ သမီးမရှိလေကောင်းလေတွေးနေမှာမျှား"

မထားသင့်တဲ့မာန။ မစူးစမ်းမဆင်ခြင်ဘဲ ထွက်လာမိတဲ့ နှင်းမြ ဘယ်ကိုသွားရမှန်းမသိ။ ရန်ကုန်က အမျိုးတွေဆီ သွားဖို့ဆုံးဖြတ်လိုက်မှ နှင်းမြအသက်ရှူဝသလိုလို။ ပုဂံ-ရန်ကုန် အမြန်ရထားကြီးရဲ့ ဂျွန်းဂျွန်းဂျက်ဂျက်အသံတွေက နှင်းမြရဲ့ရင်ခုန်သံတွေကိုပင် မဖုံးလွှမ်းနိုင်ဟု ထင်မိတယ်။ နူတ်ဆက်ခဲ့တယ် မွေးရပ်မြေအင်းကန်ရွာရေ။ နှင်းမြကို သတိရနေပေတော့။

တောင်တွင်းကြီးဘူတာရောက်တော့ နှင်းမြရဲ့ ဘေးခုံမှာ အဒေါ်ကြီးတစ်ယောက်ရောက်လာတယ်။ ဥပဓိရုပ်ကလည်း ခပ်ချောချောမို့ အဖော်တော့ရပြီလို့ တွေးလိုက်မိတယ်။ ယောကျ်ားလေးနဲ့အတူထိုင်ရမှာနဲ့စာရင် မိန်းမသားချင်းဆိုတော့ စိတ်ချလက်ချထိုင်နိုင်ပြီလေ။ အဒေါ်ကြီးက ပြီးပြတော့ နှင်းမြလည်း လှိုက်လှိုက်လှဲ့လှဲ့ပြန်ပြီးပြလိုက်မိတယ်။ ခရီးဝေးကို တစ်ယောက်တည်းထွက်လာမိတာဆိုတော့ အဖော်ကောင်းရဖို့လိုတယ်မဟုတ်လား။ အဒေါ်ကြီးကလည်း နှင်းမြအမေအရွယ်မို့ စိတ်ချရမယ် ထင်မိတယ်။

"သမီးနာမည် ဘယ်လိုခေါ်လဲကွဲ့"

"နှင်းမြပါအဒေါ်၊ အဒေါ်နာမည်ကရော"

"အဒေါ့်နာမည်က မခင်လှပါ။ ဒါနဲ့ သမီးက ဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ"

"သမီးက အင်းကန်ရွာကပါ ရန်ကုန်က အမျိုးတွေဆီ သွားမလို့"

"သြော် အင်းကန်ရွာကကိုး၊ အဒေါ်ရောက်ဖူးတယ်။ ဘူတာအမည်က ပင်းချောင်းလေ။ ဟုတ်တယ်မလား"

"ဟုတ်ပါတယ်အဒေါ်။ အဒေါ်ကဘယ်သွားမှာလဲ"

"အဒေါ်က မော်လမြိုင်သွားမှာသမီး။ သမီးက အဖော်လည်းမပါဘူးဆိုတော့ အိမ်ကထွက်ပြေးလာတာလား"

"ဆိုပါတော့အဒေါ်ရယ်။ အမေကတားတဲ့ကြားက အဖေယာထဲသွားတုန်း ထွက်လာခဲ့တာ။ ရန်ကုန်မှာ အလုပ်လုပ်ဖို့လေ"

"အဒေါ်ကလည်း မော်လမြိုင်ကို အလုပ်သမား သွားပို့မှာသမီး။ ဟိုဘက်ခုံက ကောင်မလေး နှစ်ယောက်ကို တွေ့တယ်မလား။ သူတို့ကို သွားပို့မှာလေ"

"ဟင် တကယ်လားအဒေါ်။ သမီးရောလိုက်လို့ရလား"

"အဒေါ်က မိဘတွေသိမှ ခေါ်တာကွယ့်။ ခုခေတ်က သိတယ်မဟုတ်လား။ လူကုန်ကူးသူတွေက ပေါပါဘိနဲ့"

"လုပ်ပါ အဒေါ်ရယ်။ သမီး အလုပ်ရှာဖို့ ထွက်လာတာမို့ ကူညီပါ အဒေါ်ရယ်နော်"

"သမီး သေချာစဉ်းစားပါဦး။ ရန်ကုန်ရောက်မှ ဆုံးဖြတ်ဟုတ်ပြီလား"

နှင်းမြက ဆုံးဖြတ်ပြီးပြီ အဒေါ်ရေလို့ ပြောလိုက်ချင်ပေမယ့် ဟန်ကိုယ့်ဖို့လုပ်လိုက်တယ်။ ကံမျှားကောင်းချင်တော့ အလုပ်ရတော့မယ်။ အမျိုးတွေဆီရောက်ရင်လည်း အဆူခံထိဦးမှာ။ အဒေါ်ခင်လှနဲ့ပဲ လိုက်သွားတော့မယ်။ အမြတမ်းလိုလို အော်ငေါက်နေတဲ့ အဖေ့ကို အလုပ်လုပ်နိုင်တယ်ဆိုတာပြရမယ်။ အဖေ့သမီး နှင်းမြက ဆယ်တန်းမအောင်လည်း အလုပ်လုပ်နိုင်တယ်ဆိုတာကို အဖေသိစေရမယ်။ အတွေးတွေနဲ့ပဲ တစ်ညတာ လွန်မြောက်လာခဲ့တယ်။ နှင်းမြ ကောင်းကောင်းအိပ်မပျော်။ အဒေါ်ခင်လှနဲ့ ဟိုနှစ်ယောက်ကတော့ အိပ်လိုက်တာမှ ဆင်တက်နင်းရင်တောင် သိမယ့်ပုံမပေါ်။ နှင်းမြသာ အပူအပင်တွေနဲ့မို့ အိပ်မပျော်တာထင်ပါရဲ့လေ။ ရန်ကုန်ရယ် မြန်မြန်ရောက်ပါတော့။

"အဒေါ်တို့နဲ့လိုက်ခဲ့ဖို့ သမီးဆုံးဖြတ်ပြီးပြီအဒေါ်"

"တားမရတော့လည်း လိုက်ခဲ့ပေါ့သမီးရယ်။ အဒေါ် အားလုံးစီစဉ်ပေးပါ့မယ်"

"ကျေးဇူးပါအဒေါ်ရယ်။ တကယ့်ကိုကျေးဇူးတင်မိပါတယ်နော်"

"သမီးတို့ခဏနားကြဦး။ အဒေါ် အောင်မင်္ဂလာ အဝေးပြေးသွားဖို့ ကားသွားဌားဦးမယ်"

"ဟယ်လို ကျော်နီလား။ ငါခင်လှပါ။ နှစ်ယောက်မဟုတ်တော့ဘူး။ သုံးယောက်ဖြစ်သွားပြီ။ အဲဒါနင့်ကို ကြိုပြောထားတာ။ ရထားပေါ်မှာဆုံလာတာ။ အေး . . . ဒါပဲနော် ဖုန်းချလိုက်တော့မယ်"

နှင်းမြတို့ အောင်မင်္ဂလာအဝေးပြေးရောက်လာခဲ့တယ်။ အဒေါ်ကတော့ ဖုန်းတစ်လုံးနဲ့မအားရှာဘူး။ အလုပ်ရှင်တွေနဲ့ဆက်နေတယ်လို့ နှင်းမြထင်မိတယ်။ ဟိုကောင်မလေးနှစ်ယောက်ကတော့ တစ်လမ်းလုံး စကားဟုတ်တိပတ်တိမပြောကြ။ သူတို့လည်းမွေးရပ်မြေကို ခွဲခွာလာရလို့ စိတ်မကောင်းဖြစ်နေတယ်ထင်ပါ့။ နှင်းမြကတော့ မိဘအိမ်နဲ့ ပထမဆုံးခွဲခွာလာမိလို့ ရင်ထဲက ဟာတာတာ။ ခုထိကို ချီတုံချတုံဖြစ်နေတယ်။

"ထွက်လာခဲ့မှတော့ ဘာလို့နောက်ပြန်လှည့်ရမှာလဲ။ အလုပ်ပေးမယ့်သူကလည်း အဆင်သင့်ရှိနေတဲ့ဟာ။ အားတင်းထားနှင်းမြ" ဟုတ်တယ်။ စိတ်ညစ်စရာတွေ မစဉ်းစားတော့ဘူး။ နှင်းမြ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားမှန်းမသိ။ စစ်ဆေးရေးဂိတ်တစ်ခုရောက်မှ နိုးတော့တယ်။ ဒေါ်ခင်လှကြည့်ရတာလည်း ပျာယာခတ်နေပုံမျိုး။

"ကြိုတင်သတင်းရထားလို့ပါ လူကုန်ကူးမှုတားဆီးရေးအဖွဲ့ကပါ"

နှင်းမြတို့သုံးယောက် ကံကောင်းခဲ့တယ်။ ဒေါ်ခင်လှက လူကုန်ကူးမှုတရားခံဖြစ်သွားခဲ့ပြီ။ ဘယ်လိုမှ ထင်စရာမရှိ။ နှင်းမြလိုက်မယ်ပြောတုန်းကလည်း မခေါ်ချင်ဟန်ပုံကဖမ်းလိုက်သေး။ ဒါအယုံသွင်းတာပေါ့လေ။ ခုမှ အတူပါလာတဲ့သူချင်း သိရတော့တယ်။ သူတို့မိဘတွေက ပိုက်ဆံကြိုယူထားပြီးထည့်လိုက်တာတဲ့။ မလိုက်ချင်ဘဲ လိုက်လာရတာတဲ့။ နှင်းမြကတော့ ကိုယ့်သဘောနဲ့ကိုယ် ထွက်လာတဲ့သူ။ တကယ်လို့မျှားစစ်ဆေးရေးနဲ့မကြုံခဲ့ရင်။ နှင်းမြဆက်တောင်မတွေးဝံ့တော့။

အချိန်မတန်ခင် မိဘရင်ခွင်ကို ခြေစုံကန်ထွက်လာခဲ့မိတဲ့အမှား။ သမီးကို ပညာတတ်ဖြစ်စေချင်တဲ့အဖေ။ သမီးမိုက်အတွက်နဲ့ ခုချိန်ဆို အမေ့ကိုမျှား ရန်ရှာနေမလား။ သမီးပြန်လာခဲ့မယ်အဖေ။ သမီးမိုက်ကို ခွင့်လွှတ်ပေးပါ အဖေရယ်။ သမီးပညာတတ်ကြီးဖြစ်အောင် ကြိုးစားပါ့မယ်နော်။ နှင်းမြရင်ထဲကတော့ ရွာကမိဘနှစ်ပါးကို မှန်းဆပြီး ရှိုခိုးဦးချကန်တော့လျက်။ ။

အဖေတို့ ထန်းသမားဘဝ

မနက်တုန်းဆီက
ဘုန်းကြီးကျောင်းဆီက အုန်းမောင်းမြည်တော့
အဖေပြုံးပြီးပြီးနဲ့ကျွန်တော့်ကိုနမ်းပြီး
မိသားစုတာဝန်ထမ်းဖို့ ခင်တန်းကိုကျော်
အဖေဟာ
တေးဟစ်အော်လို့ထန်းပင်ပေါ်သို့
ပျော်ပျော်ကြီးတက်နေတယ်။
အညာနွေရဲ့အလယ်
ဖွေရှာဝမ်းရေးမောပြေအေးဖို့
အဖေဟာ နွေနေဒဏ်ကိုအာခံ
ကဗျာဆန်တဲ့တေးသွားတွေသီဆိုရင်း
ထန်းလီးထန်းတက်ရှာဖွေကျွေးခဲ့တယ်။
အညာမြေ အညာစရိုက်
အညာမြေ၌ပျော်တဲ့အဖေ
ကျွန်တော်တို့မိသားစုအတွက်
နေထွက်မှနေဝင်
ထန်းပင်ပေါ်တွင် ပျော်ရွှင်ခဲ့တဲ့အဖေ။
အညာထန်းသမားတွေရဲ့ လူနေမှုဘဝ
နေရတော့တဲ့ပုတ် စားရပြန်တော့ပဲပြုတ်
အလုပ်လုပ်တော့နေပူထဲ
မိုးတွေသည်းလည်းမနေရ
အညာမြေထန်းသမားတွေရဲ့ဘဝ
ကလေးကစ လူကြီးအဆုံး တစ်နေကုန်ရုန်းလို့
ထန်းသမားအဖေတွေက ရှာဖွေကျွေးခဲ့ရ။
ထန်းပင်တွေဟာ အဖေရဲ့အရှင်သခင်တဲ့
ထန်းပင်တွေဟာ အဖေရဲ့ကျေးဇူးရှင်တဲ့
ကျွမ်းကျင်ရာလိမ္မာလို့ မိသားစုတွေအတွက်
အသွားထက်ထက် ဓားတစ်လက်နဲ့
အဖေကထန်းတက်ကျွေးခဲ့လို့
အခုတော့သားသမီးတွေလည်း
ခေတ်ပညာတတ်ကြီးတွေဖြစ်ခဲ့ကြပြီလေး။
ထန်းသမားအဖေ မိသားစုတွေအဆင်ပြေစေဖို့
ထန်းလျက်ကုန်သည်ပွဲစားတွေဆီက
ထန်းလျက်ဖိုးငွေအကြိုယူသုံး
ထန်းရာသီတုံးသွားပေမယ့်
အကြိုယူသုံးငွေတွေကတော့
အဖေ့ကျောကုန်းပေါ်မှာတင်နေတုန်း။
ကျတ်တီးကုန်းနဲ့ကျောက်စရစ်မြေ
အဲဒါ ထန်းတောမှာပျော်နေတဲ့
အဖေ့ရဲ့မွေရှာတွေပေါ့။
မိသားစုတွေအတွက်
ထန်းတက်လို့ ရှာဖွေကျွေးမွေးခဲ့တဲ့အဖေ
သူချစ်တဲ့ထန်းတောမြေမှာ
အဖေဟာ မိသားစုတွေအတွက်
ပင်ရှည်မြင့်မတ်ထန်းပင်ထက်မှ
အသက်ခန္ဓာပံသုလွှာသို့
အဖေဟာပေးဆပ်လို့သွားလေပြီ။

ဇော်လင်း(မြို့သာ)

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

မြင့်မြတ်သည့် စိတ်ထား

အောင်ဖေမြင့်
B.Sc (Chemistry)

သူနှာမည်က ဂျပု။ နာမည်နဲ့လိုက်အောင် လူပုံစံက လည်း ပုပုကွက္ခ ဂင်တိုတို။ မနက် ၇ နာရီဆို အိမ်ကထွက်။ ရပ်ကွက်ထိပ်က ရေဘုံပိုင်မှာ ရေသွားဖြည့်ပြီး ရပ်ကွက်ထဲက အိမ်တွေရဲ့ သောက်ရေသုံးရေအတွက် ရေလှည်းလေးတွန်းပြီး ရေလိုက်ပို့ရတာ။ ဒါသူ့ရဲ့ နစ္စဝူဝအလုပ်။

"ဂျပု . . အန်တီမြတို့အိမ်ကို ရေ နှစ်ပုံးလောက် ပို့ပေးဦးနော်"

"ဟုတ်. . . အဒေါ်. . . လာပို့လိုက်ပါမယ်"

ဂျပု ခုလတ်တလော အရင်ထက်ပို၍ ပိုက်ဆံလိုနေ တာကြောင့် အလုပ်ကိုနှစ်ဆတိုးလုပ်ရမည်။ ဂျပုရဲ့မိန်းမက ကိုယ်ဝန်အရင့်အမာကြီးနဲ့မဟုတ်လား။ ဆရာဝန်ပြောထား တဲ့ မွေးရက်အတိုင်းဆို ဒီရက်ပိုင်းအတွင်းပဲမွေးမှာ။ ရပ်ကွက်ထဲက ရေလိုအပ်တဲ့အိမ်တွေကို ရဲဘော်ရဲဘက် တွန်းလှည်းလေးနဲ့ ရေလိုက်ပို့ပြီးတဲ့အချိန်က နေ့လယ် ၁၁ နာရီဝန်းကျင်ခန့်။ ဂျပုရေပို့လို့ ရလာတဲ့ငွေစအနည်းငယ် ကို လက်ထဲမှာကျစ်ကျစ်ပါအောင်ဆုပ်လျက် အိမ်သို့ပြန် လာခဲ့သည်။

သူနှာမည်က မိအေး။ နာမည်ကသာ မိအေး၊ လူက တော့ အမြဲတမ်းရှုန်းကန်နေရသူ။ အေးအေးဆေးဆေး နေရတယ်လို့မရှိ။ အခုလည်းကြည့်လေ၊ လင်ယောက်ျား ဖြစ်သူက မီးဖွားခါနီး အေးအေးဆေးဆေးနေပါလို့ ပြောထားတာမရ။

လင်ယောက်ျားဖြစ်သူ ရေလှည်းလေးတွန်းထွက်သွား ပြီး မကြာပါဘူး လမ်းထဲက အဝတ်လျှော်ဖို့ခေါ်ထားတဲ့ အိမ်တွေဆီပြေးရပြန်ပြီမဟုတ်လား။ မိအေးသိတာတစ်ခုပဲ။ မမြင်ရသေးတဲ့ ရင်သွေးလေးအတွက် ငွေလိုတယ်လေ။

"ဒေါ်လေးရေ. . . အဝတ်တွေအားလုံး လျှော်ပြီး လှန်းပြီးသွားပြီ"

"ညြော် . . အေး မိအေးရေ၊ ရော့ဟေ့. . . ဒီမှာ ပိုက်ဆံ"

မိအေး နဖူးကဆွေးကို လက်ခုံနဲ့သပ်လျက် အိမ်အပြန် လမ်းခပ်သွက်သွက်လျှောက်ပြန်ရပြန်ပြီ။ ယောက်ျား ပြန်မရောက်ခင် မိအေး အိမ်ပြန်ရောက်ဖို့လိုတယ်လေ။

ဂျပု ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ မည်သူမျှ မရှိ။ လမ်းပေါ်မှာ မည်သူကျကျန်ခဲ့သည်မသိသော ဖုန်း လေး တစ်လုံး။ ဂျပု ခပ်သွက်သွက်ကောက်ယူလိုက်သည်။ အဟောင်းစျေးတောင်မှ ၉၀၀၀ လောက်ရနိုင်မည် ထင် သည်။ ငွေလိုနေတဲ့ ဂျပုအတွက်တော့ ဒါအခွင့်အရေး ကြီးတစ်ခု။ စဉ်းစားနေတုန်း လက်ထဲမှဖုန်းက တုန်ခါလာ သည်။ ကြည့်လိုက်တော့ ဖုန်းနံပါတ်တစ်ခုက ခေါ်နေတာ။ ဂျပု ဖုန်းကိုမကိုင်။ ကမန်းကတန်း ဖုန်း၏ပါဝါခလုတ်ကို ပိတ်လိုက်သည်။

"ယောက်ျား"

နောက်မှ အသံလာရာကို လှည့်ကြည့်လိုက်တော့

"မိအေး နင်ဘယ်ကပြန်လာတာလဲ။ အိမ်မှာ အေးအေးနေဖို့ ပြောထားရက်နဲ့ကွာ"

"ကျွန်မ ဘယ်ကပြန်လာတာလဲက အဓိက မဟုတ်ပါ ဘူး။ ရှင်အခု ဘာလုပ်တာလဲ"

ဂျပု မိအေးရဲ့အကြည့်ကို နားလည်လိုက်သည်။

"ငါ . . . ငါ. . . "

"ဘာမှ ငါမနေနဲ့။ အခုချက်ချင်း ဖုန်းကိုပြန်ဖွင့်ပြီး ခုနဝင်လာတဲ့ဖုန်းကို ပြန်ခေါ်ပေးလိုက်ပါ ယောက်ျားရယ်"

"ကျွန်မတို့ဘဝက နဂိုကမှ အနေဆင်းရဲ၊ အစားဆင်းရဲ တာ။ ကိုယ်ကျင့်တရားတွေတော့ ထပ်ပြီးမဆင်းရဲပါရစေ နဲ့ ယောက်ျားရယ်"

"တူ. . . တူ. . . . တူ. . . . တူ"

"ဟယ်လို"

"ဟုတ်ကဲ့ ကျွန်တော်ဖုန်းကျပျောက်သွားလို့ပါ ခင်ဗျာ"

"ညြော်. . . ဟုတ်ကဲ့. . ကျွန်တော်ကောက်ရထားပါ တယ်ခင်ဗျာ။ အမှတ် (. . . .) မေတ္တာ ၂ လမ်းကို လာယူ ပါ။ ရေလှည်းတွန်းတဲ့ ကိုဂျပုနဲ့ အဝတ်လျှော်တဲ့ မိအေးတို့ လင်မယားအိမ်လို့ပြောလိုက်ရင် လူတိုင်းသိပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးပါခင်ဗျာ"

သူ့မိန်းမရဲ့လက်အစုံကို ဆုပ်ကိုင်ထားသော ဂျပု ချွေးသံတရဲရဲနဲ့ ညစ်ပတ်လျှင်ညစ်ပတ်နေလိမ့်မည်။ သို့သော် လိပ်ပြာကတော့ သန့်နေပါသည်။ ။

အထင်နှင့် အမြင်

ဆုဆုတာ
B.Sc (Microbiology)

ကောင်းကင်က ညို့တက်လာလေပြီ။ အရှေ့မြောက် ထောင့်မှ ရိုက်ခတ်လာသောလေကိုခံစားမိတော့ မိုးရွာ တော့မည်ဆိုတာ သေချာပြီ။ အချိန်က ညနေခင်းစောစော ဆိုပေမယ့် မိုးကကျနေပြီဆိုတော့ မှောင်ရီချင်နေပြီ။ မိုးရွာ နေပြီဆိုပေမယ့်လည်း သွားရမယ့်ခရီးကတော့ သွားရမည်။

ဆေးရုံမှာပိုက်ခွဲထားသောအမေက မျှော်နေတော့ မယ်။ မိုးကတော့ရွာလိုက် ဖွဲဖွဲကျလိုက်ဖြင့် သူ့တာဝန်သူ ကျေပွန်စွာထမ်းရွက်နေပါတယ်။ မိုးကာအင်္ကျီကို အမြန် ဝတ်၊ ဆိုင်ကယ်ဦးထုပ်ဆောင်းကာ ထွက်လာခဲ့ပါတယ်။

မိုးဖွဲဖွဲကြား ကျွန်တော့်စိတ်ထဲမှာတော့ ရှေ့နားက မီးပွိုင့်မှာ အလျှုံခံတွေရှိမလားမသိဘူး။ အဲဒီလူတွေက မိုးရွာ လည်း မရှိနိုင်ဘူးလို့မပြောနိုင်ဘူး။ အရင်တစ်ခါကလည်း ကျွန်တော့်ဆီက ပါလာသမျှတွေ အကုန်သမသွားတာ။ ဒီတစ်ခါတော့ အမေ့ဆေးဖိုးတွေ သူတို့နဲ့တွေ့လို့မဖြစ်။

အဲဒီငနဲတွေကို ရှောင်မှဖြစ်မယ်။ မိုးအေးအေး အောက်မှာ ထိုလူတွေနဲ့တွေ့မှာကို ရင်ပူနေမိပါတယ်။ ဆိုင်ကယ်ကိုဖြည်းဖြည်းစီးရင်း မျက်နှာပြင်ပေါ် ရိုက်ခတ် လာသော မိုးရေတွေကိုသုတ်ဖယ်ရင်း ရှေ့ကိုလှမ်း ကြည့်မိတော့ "ဟာသွားပြီ အရှေ့မှာဟိုလူတွေ" ပါးစပ်ကို ဟရင်း . . . ငတ်ချက်ကတော့ မိုးရွာတာတောင် အလွတ် မပေးဘူး။ ဘယ်လိုလုပ်ရပ့ါ။

အတွေးစဖြင့် ဘေးလမ်းတစ်ဖက်ကိုချိုးမယ်လုပ် ပြန်တော့လည်း ငနဲကြီးတွေက သုံးလေးယောက်ရပ်နေ ပြန်တယ်။ ဘေးတခြားကိုသွားစရာမရှိ။ ဒီမီးပွိုင့်ကသွားမှ ရတော့မည်။ ဆိုင်ကယ်ကိုခဏထောက်ကာ ရပ်စဉ်းစားရင်း "မတတ်နိုင်ဘူး။ တခြားဆိုင်ကယ်တွေနဲ့ ရောပြွမ်းသွားရ မှာပဲ၊ ခပ်တည်တည်ပေါ့"

စိတ်ကိုဖြည့်တင်းရင်း ပြစ်မှုလုပ်ထားခြင်းမရှိဘဲ ထိတ်လန့်စိတ်ဖြင့် မောင်းထွက်လိုက်ပါတယ်။ ကံများ ဆိုးချက်၊ မီးပွိုင့်က မီးနီနေသေးတယ်။ မျက်နှာကို ခပ်တင်း တင်းထားကာ ဘေးဘီကိုမကြည့်ဘဲ ကျွန်တော်နေလိုက် ပါတယ်။ မိုးရွာအောက်မှာ လမ်းရှင်းနေသော အင်္ကျီအဖြူ နဲ့ ကိုဝန်ထမ်းကိုကြည့်မိတော့ ကျွန်တော့်ကို မမြင်ဘူး ထင်ပ့ါ။ သက်ပြင်းကို မသိမသာမှုတ်ထုတ်လိုက်ပါတယ်။

"ရှိ"ကြားလိုက်ရသောဝီစီသံကြောင့် လှည့်ကြည့်မိ တော့ အလှုံခံကြီး။ အဲ ယောင်လို့။ မော်တော်ပီကယ်ကြီး ကျွန်တော့်ဆီတည့်တည့်လာနေပါတယ်။ အတွေးထဲမှာ တော့ "ငါတော့သွားပြီ။ ပါသမျှ ကုန်တော့မှာပဲ။ မိုးတွေ ဒီလောက်သည်းနေတာတောင် သူတစ်ပါးဆီက မတရား ယူချင်နေတယ်။ လိုင်စင်ကတ်ကမပါဘူး။"

အတွေးနယ်ချဲ့နေစဉ် "ငါ့ညီဘယ်သွားမှာလဲ" မော်တော်ပီကယ်ဦးလေးကြီးအသံ၊ ကျွန်တော့်နားထဲကို ဝင်လာသည့် သူ့အသံမှာမသာယာလှ။ မုန်းစိတ်ကိုထိန်း၍ "ဟုတ်ကဲ့ခင်ဗျ ဆေးရုံကြီးသွားမလို့ပါ"။ ကျွန်တော့်ဖြေသံ ကိုနားထောင်ရင်း ဆိုင်ကယ်နားကပ်လာကာ ကျွန်တော့် ခေါင်းမှာ ဆောင်းထားသောဆိုင်ကယ်ဦးထုပ်ကို လာကိုင် ပါတော့တယ်။

ထိတ်လန့်စိတ်ကြောင့် ခေါင်းတွန့်သွားသော ကျွန်တော့်ကို ခေါင်းကဦးထုပ်တည့်အောင်လုပ်ပေးပြီး မေးသိုင်းကြိုးတပ်ပေးပါတော့တယ်။ ပါးစပ်ကလည်း ဖြည်းဖြည်းစီးနော်။ မိုးတွေရွာပြီး ချော်နေတယ်ဗျ့ညီ။ နောက်တစ်ခါဆိုင်ကယ်စီးရင် ဆိုင်ကယ်ဦးထုပ်ဆောင်းဖို့ မမေ့နဲ့နော်။ ပြုံးပြရင်းဖြင့် ပြောဆိုသွားသော မော်တော်ပီကယ်လူကြီးနောက်ကျောကိုကြည့်ကာ အံ့သြစိတ်ဖြင့် ငေးကြည့်နေမိပါတယ်။ မီးစိမ်းနေတာမြင်မှ အလန့်တကြား လီဗာတင်ကာမောင်းထွက်ခဲ့ပါတယ်။ စိတ်ထဲမှာလည်း ဝါးလုံးသိမ်းရိုက်ကာပြောဆိုမိသော စကားလုံးတွေကိုသတိရရင်း မေးသိုင်းကြိုးလေးကိုကိုင်ကာ "အလှုံခံကြီး မဟုတ်ဘူး။ စေတနာ့ဝန်ထမ်းကြီးပဲ"လို့ တွေးကာ အားရ ပါးရ ပြုံးမိပါတော့တယ်။ ။

> **ထိတ်လန့်စိတ်ကြောင့် ခေါင်းတွန့်သွားသော ကျွန်တော့်ကို ခေါင်းကဦးထုပ်တည့်အောင် လုပ်ပေးပြီး မေးသိုင်းကြိုး တပ်ပေးပါတော့တယ်။ ပါးစပ်ကလည်း ဖြည်းဖြည်းစီးနော်၊ မိုးတွေရွာပြီး ချော်နေတယ်ဗျ့ညီ။ နောက်တစ်ခါဆိုင်ကယ်စီးရင် ဆိုင်ကယ်ဦးထုပ်ဆောင်းဖို့ မမေ့နဲ့နော်။ ပြုံးပြရင်းဖြင့်၏ ပြောဆိုသွားသော မော်တော်ပီကယ်လူကြီး နောက်ကျောကိုကြည့်ကာ အံ့သြစိတ်ဖြင့် ငေးကြည့်နေမိပါတယ်။**

စဉ်းစားပါ

ကွမ်းယာရောင်းသူ၊ လှပျိုဖြူမှာ
လူသူလေးစား၊ ရှေ့ဆွဲပြားနဲ့
အမျှားတင့်တယ်၊ သူ့မှာကြွယ်သည်
စားဝယ်သုံးသူ၊ မျှားထိုလူနှင့်
မတူကွဲပြားခြားနားလှ၏
ဘယ်သူ့အကျိုးရှိပါအုံ့နည်း။
ဆေးလိပ်သောက်သူ၊ သုံးစွဲသူလည်း
ထိုနည်းတူစွာခြားနားပါ၏
ဘယ်သူ့အကျိုးရှိပါအုံ့နည်း။
ဘိန်းဘင်းကစော်၊ အရက်သော်လည်း
ရောင်းသူချမ်းသာ၊ သုံးသူမွဲပြာ
ထိုရာမကောင်း၊ လူငယ်ပေါင်းတို့
ကောင်းကောင်းသိစေ၊ စဉ်းစားပေတော့
ရှောင်လေဝေးဝေးမူးယစ်ဆေး။
အနာဂတ်လှပသာယာရေး။

ကိုညီ(ရှေညာမြေ)
B.A (မြန်မာစာ)

မေတ္တာကောင်းကင်

ဘုရားသခင်တွေရဲ့ ချီးမြှောက်မှုတွေမှာ
စစ်ပွဲတွေမပါဝင်ခဲ့ဘူး
လူမျိုးမတူတာကို အပြစ်မဆိုခဲ့ဘူး
အသားအရောင်နဲ့သွေးမခွဲကြဘူး
ဆင်းရဲချမ်းသာ မခွဲခြားကြဘူး
ဘာသာရေးအယူဝါဒတွေနဲ့
မှိုင်းမတိုက်ခဲ့ကြဘူး
မေတ္တာရဲ့အေးမြခြင်းတွေနဲ့
ငြိမ်းချမ်းရေးကိုပဲ အလင်းပြခဲ့ကြလေရဲ့
နိုင်ငံရေးစာမျက်နှာပေါ်မှာ
ညီမျှခြင်းတွေမညီမညာနဲ့
အတ္တနဲ့ချုတွက်လိုက်တဲ့ပုံသေနည်းမှာ
ပဋိပက္ခစစ်ပွဲတွေပဲ အဖြေထွက်တယ်
ရူပဗေဒနဲ့ ဓာတုဗေဒရဲ့ ဓာတ်ခွဲခန်းထဲက
လူသတ်လက်နက်နဲ့ အဆိပ်တွေထွက်တယ်
သူသေကိုယ်သေ
ကလေးလူကြီး အလောင်းတွေထပ်ထပ်
ခန္ဓာအကျိုးအပြတ်တွေ နေရာမလပ်
နိုင်ငံတော်ဟာ သွေးညီနှံတွေ ရှုံ့ရှိုက်ရင်း
အနာအဖျားတွေနဲ့နာလန်မထူတော့ဘူး
လာပါညီနောင်သားချင်းတွေ
ငါတို့မျိုးဆက်သစ်တွေအတွက်
လက်နက်တွေချလိုက်ပါ
သွေးစည်းခြင်းတွေနဲ့ ညီညွတ်ကြမယ်
မေတ္တာတွေပေါင်းကူးလို့
ငြိမ်းချမ်းရေးသဝဏ်လွှာတွေရေးလို့
ချိုးငှက်ကလေးတွေ
ကောင်းကင်အနှံ့ပျံသန်းကြပါစေ။ ။ ။

ငွေလမင်းလွင်

မေတ္တာ ဆန်ရေ

မောင်စောရန်နောင်
အဝေးသင် စတုတ္ထနှစ်(မြန်မာစာ)
အနောက်ပိုင်းတက္ကသိုလ်

ညဘက် ညဘက် လက်ဖက်ရည်ဆိုင်ထိုင်တတ်တဲ့ အကျင့်ကို သူငယ်ချင်းများဆုံရင်း တစ်ယောက်တစ်ပေါက် စကြနောက်ကြ ရယ်မောကြရင်း ခုံမင်နှစ်သက်လာသည်။ ဒီလိုနှင့် ညစဉ်ညတိုင်း လက်ဖက်ရည်ဆိုင်ဘက်သို့သာ ခြေဦးတည်မိသည်။

ဆိုင်ရှိ စားပွဲထိုးများနှင့်လည်း ခင်မင်ရင်းနှီးလာကြသည်။

တစ်ည . . .

ကျွန်တော်နှင့် ဝရဲ လက်ဖက်ရည်ဆိုင်သို့ စောစောရောက်နှင့်ကြသည်။ ဝရဲဟူသော အမည်သည် သူငယ်ချင်းများ စစနောက်နောက်ခေါ်သော နာမည်ဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက် ဆိုင်ထဲဝင်ထိုင်သည်ဆိုရင်ပဲ စားပွဲထိုးလေးက ကိုလေးတို့နှစ်ယောက် ပုံမှန်ပဲလားဟု လှမ်း၍မေးသည်။ ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်သည်။ လက်ဖက်ရည်နှစ်ခွက် အကျရည် နည်းနည်းကျဲမယ်ဟု အဖော်ဆရာကို အော်ပြောလိုက်သည်။

ခဏကြာတွင် လက်ဖက်ရည်နှစ်ခွက် စားပွဲပေါ်လာချလိုက်ပြီး "ကိုလေးရယ် . . . "ဟူသော ခံစားချက်ပါသည့် အသံရှည်ကိုဆွဲပြီး ကျွန်တော့်ကို စကားစသည်။

"အေး. . . ပြောလေ ဘာကိစ္စရှိလို့လဲ။"

"သားသားအဖေ နေမကောင်းဖြစ်နေတယ် ကိုလေးရယ်။"

သားသားသည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမှနေ၍ ရန်ကုန်တက် အလုပ်လုပ်သူအဖြစ် ကျွန်တော် သိထားသည်။

"မင်းမပြန်ဘူးလား။ ဘာလဲ ခွင့်မပေးလို့လား။"

"မဟုတ်ဘူး ကိုလေးရ။ သားမှာပိုက်ဆံအခက်အခဲဖြစ်နေလို့။ သားကိုပိုက်ဆံချေးပါလား။ အများကြီးမဟုတ်ဘူး။ နှစ်သောင်းထဲပါ။ ဓာတ်စာဝယ်ပေးလိုက်ချင်လို့။ ဟဲဟဲ. . . "

စကားကို အရယ်နဲ့ အဆုံးသတ်လိုက်သော်လည်း မျက်နှာချက်ချင်းဆိုသလို ပြန်ညှိုးသွားသည်။

"လောလောဆယ်မှာတော့ ငါ့ဆီမှာ အဲလောက်မပါသေးဘူးကွာ။"

"ဟေ့ကောင်ဝရဲ မင်းဆီမှရောပါသေးလား။" ဝရဲဘက်သို့ မေးငေါ့၍မေးကြည့်လိုက်သည်။

"လက်ဖက်ရည်ဆိုင်ထွက်လာတာ ငါးရာပဲပါတယ်" ဟု ပြောပြောဆိုဆိုနှင့် အကြွေအထပ်လေးထုတ်ပြသည်။

"သားသား မင်းမနက်ဖြန်မှ ယူလို့ရလား။"

"ရတယ် ကိုလေး၊ အဆင်ပြေပါတယ်။"

"အေး ဒါဆိုလည်း မနက်ဖြန်မှယူကွာနော်။"

သားသားလည်း တစ်ဖက်ဝိုင်းမှလှမ်းခေါ်သည်နှင့် ထွက်သွားသည်။

"ဟေ့ကောင် မင်း စာတော်လူမိုက် ဖတ်ဖူးလား"ဟု ဝရဲက ကျွန်တော့်ကိုမေးသည်။

ကျွန်တော်တို့နှစ်ယောက် ဆုံတဲ့အခါတိုင်းလိုလို နှစ်ယောက်သား ဖတ်ဖူးမှတ်ဖူးတဲ့ စာတိုပေစများ၊ ဝတ္ထုများ၊ ဆောင်းပါးများအကြောင်းကို စားမြုံ့ပြန်လေ့ရှိသည်။ စာတော်လူမိုက် ကျွန်တော်ကြားဖူးသရောင်။ တစ်ခုခုကို ရင်းရင်းနှီးနှီးခံစားရသလိုမျိုး။ အကြောင်းအရာကို ပြန်လည်အစပျိုးလို့ မရသော်လည်း စာရေးဆရာနာမည်ကို လွှတ်ခနဲသတိရလိုက်သည်။ ပြောချင်ဇော အားကြီး၍လားမသိ ဓာတုဦးဘုန်းဟု ယောင်ယောင်ရမ်းရမ်းပြောလိုက်မိသေးသည်။ "ဩော်" မဟုတ်ဘူး။ ဦးဘုန်းဓာတုရေးတာမလား။ မိဘနှင့် သားသမီးတို့ကြား ဖြစ်လေ့ဖြစ်ထရှိတဲ့ သား၊ သမီးတို့၏ မိဘအပေါ် သိတတ်မှု၊ မသိမှုတတ်မှုကို မီးမောင်းထိုးပြသော ပညာပေးဝတ္ထုတိုဖြစ်သည်။

ဝရဲ၏ဆိုလိုရင်းကို ကျွန်တော်နားလည်သည်။ သားသားသည် သာမန်စားပွဲထိုးလေးတစ်ယောက်ဖြစ်သည်။ အလုပ်လုပ်ရာတွင် တက်တက်ကြွကြွရှိသည်။ဖော်ရွေသည်။ စကားပြောလည်းအလွန်ကောင်းသည်။ အသက်အရွယ်၊ ကျားမမရွေး လိုက်လျောညီထွေ ပေါင်းသင်းဆက်ဆံတတ်သည်။

သူ့ရွာနှင့် သူ့မိဘအကြောင်း အခါအကြောင်းတိုက်ဆိုင်တိုင်း ပြောပြလေ့ရှိသည်။ သူ့ရွာမှာနေခဲ့စဉ် အခါက မည်မျှဆိုးကြောင်း၊ ပညာမသင် ထင်ရာကို ဇွတ်တရွတ်လုပ်တတ်ကြောင်းကို ပြောပြခဲ့သည်မှာလည်း နားရည်ဝလုဖြစ်နေ၏။ သူ့မိဘများသည် သူငယ်စဉ်အချိန်က လယ်ဧကများပိုင်ဆိုင်သော လယ်လုပ်သမားများဖြစ်သော်လည်း ယခုအခါ စီးပွားရေးကျပ်တည်းစပြုလာသည်။ သို့သော်လည်း သားသမီးကို မိဘတိုင်းက ပညာတတ်လူလိမ္မာ ဖြစ်စေချင်သည့် စိတ်ခံယူချက်သည် မိဘတိုင်း၏ ရင်ထဲကိန်းအောင်းနေသည်မှာမလွဲပေ။ ထို့အတူ သားသား၏ မိဘကလည်း သားသားကို ပညာတတ်လူလိမ္မာတစ်ဦးဖြစ်စေချင်သည်။ အလယ်တန်း ပြီးမြောက်ပြီးနောက် အထက်တန်းပညာရေးကိုလည်း ဆက်လက်၍ သင်ယူစေသည်။ အထက်တန်းကျောင်းသည် သူတို့ရွာတွင်မရှိ။ ရွာနှင့် ကိုးမိုင်ခန့်ဝေးကွာသော မြို့ပေါ်သို့ ကျောင်းတက်ပညာသင်နိုင်ရန် မြို့ပေါ်တွင် ဆွေမျိုးအိမ် (သို့) ဘော်ဒါဆောင်တွင် နေနိုင်မှသင့်တော်သည်။ ထိုသို့မဟုတ်ပါက လမ်းခရီးတွင် အချိန်ကုန်စေနိုင်သည်။ သူတို့ရွာနှင့် အနီးရှိရွာများမှ အထက်တန်းကျောင်းသားတချို့သည်လည်း ထိုနီးတူ။ မြို့ပေါ်တွင် နေထိုင်ကြရသည်။ စရိတ်မတတ်နိုင်သည့် မိသားစုများမှကျောင်းသားများသည် ဝမ်းနည်းစရာပင်။ အလယ်တန်းနှင့်ပင် ပညာရေးပြီးဆုံးသွားကြသည်။

သားသား၏ မိဘများသည် ထိုသို့မဟုတ်။ သားသမီးပညာရေးကို ချွေးနှင့်ခွန်အားနှင့် ဆက်လက်ရှင်သန်စေသည်။ ကိုးတန်းအောင်၍ ၁၀ တန်းသို့ ရောက်လာခဲ့သည်။ မိဘများ၏ စီးပွားရေးလည်းပိုမိုကျပ်တည်းလာခဲ့သည်။

သို့သော် သားသားကားပြောင်းလဲလာသည်။ အပေါင်းအသင်းစုံလာသည်။ ကျောင်းစာကို မှန်မှန်မလုပ်တော့။ အသောက်အစား အစပြုလာသည်။ ငွေကြေးအသုံးအဖြုန်းများလာသည်။ သို့သော် သူသည်မိဘနှစ်ပါးကို ညတိုင်းကန်တော့ပြီးမှ အိပ်ရာဝင်သည်။

သားသား တစ်စတစ်စဆိုးသွမ်းမိုက်မဲလာသည်။ သူ၏ အပေါင်းအသင်းများသည် မူးယစ်ဆေးသုံးစွဲနေသည်ကို သားသားမသိ။ သူကိုလည်း အသိမခံ။ သားသားသည် သူ၏ သူငယ်ချင်းများကို အမြဲလိုလို ပြောလေ့ရှိသော စကားတစ်ခွန်းရှိသည်။

"မင်းတို့ကောင်တွေ ဆိုးချင်သလိုဆိုး ငါ အပေါင်းအသင်းလုပ်နိုင်တယ်။ ငါလည်း မင်းတို့လိုလိုက်ပြီး ဆိုးနိုင်ပေနိုင်တယ်။ အေးတစ်ခုတော့ပြောမယ်. . . မူးယစ်ဆေးနဲ့ပတ်သက်လို့ကတော့ မင်းတို့လည်းမလုပ်နဲ့။ ငါလည်းမလုပ်ဘူး။ ပြောနေလျက်သားနဲ့ လုပ်ရင်တော့ မင်းတို့ကို အပေါင်းအသင်းမလုပ်ဘူး။ ခွင့်လွှတ်မှာလည်း မဟုတ်ဘူး။ ငါကိုယ်တိုင် ရဲတိုင်မှာ"ဟူသော စကားကို သူ့သူငယ်ချင်းများအား အမြဲလိုလိုပြောလေ့ရှိသည်။

သူ့သူငယ်ချင်းများ မူပျက်လာသည်ကို သူသတိထားမိသည်။ သို့သော် မူးယစ်ဆေးသုံးစွဲနေသည်ဟု မထင်ချေ။ သူငယ်ချင်းများကို ယုံပြီးရင်းယုံမိသည်။

တစ်နေ့ သားသားနေသော ဘော်ဒါဆောင်သို့ ဆိုင်ကယ်နှစ်စီးနှင့်အတူ လူသုံးယောက်ရောက်လာပြီး စနစ်တကျထုပ်ပိုးထားသော စက္ကူထုပ်တစ်ထုပ်ကို သားသားအား မင်းသူငယ်ချင်း ဇော်အောင်တို့ကို ပေးပေးပါဟုပြောသည်။ သားသားလည်း လက်ခံထားလိုက်သည်။ ကျောင်းပိတ်ရက်မို့ သားသားလည်း သူငယ်ချင်းများရှိရာ သာယာကုန်းဘက်သို့ လူကြုံပေးထားသည့်အထုပ်ကို ယူ၍ထွက်လာခဲ့သည်။ သာယာကုန်းအရောက်တွင် လုံးဝမထင်မှတ်သောအဖြစ်ကို ရင်ဆိုင်တွေ့ကြုံရသည်။

ရွာသူကြီးနှင့် ရဲဝါးယောက်ပါသောအဖွဲ့သည် သတင်းအရဟုဆိုကာ သားသားနှင့် သူငယ်ချင်းများကို ဝိုင်းဝန်းစစ်ဆေးသောအခါ သားသားလက်ထဲတွင်ရှိသော အထုပ်သည် မူးယစ်ဆေးဟုခေါ်သော စိတ်ကြွရူးသွပ်ဆေးပြားများဖြစ်နေသည်။ ဤသို့ဖြင့် သားသားနှင့် သူငယ်ချင်းများ ဖမ်းဆီးစစ်ဆေးခြင်းခံရသည်။

ဆိုင်ကယ်နှစ်စီးနှင့်အတူ ရောက်ရှိလာသော လူသုံးယောက်သည် ဖမ်းဆီးရေးလမ်းကြောင်း မရှင်းသောကြောင့် သားသားအား သယ်ဆောင်သူအဖြစ် အသုံးချခဲ့ခြင်းဖြစ်သည်။ အမှုရင်ဆိုင်နေရသောကြောင့် ၁၀ တန်းစာမေးပွဲကို ဖြေဆိုခဲ့ခြင်းမရှိချေ။

နောက်ဆုံးတွင် သားသားသည် မူးယစ်ဆေးသုံးစွဲမှုနှင့် ရောင်းဝယ်မှုတို့တွင် ပါဝင်ပတ်သက်ခြင်းမရှိသည်ကတစ်ကြောင်း၊ အသက်မပြည့်သေးသည်ကတစ်ကြောင်း စသဖြင့် အမှုမှလွတ်မြောက်ခဲ့သည်။ သူ၏သူငယ်ချင်းများသည် လူငယ်လေ့ကျင့်ထိန်းသိမ်းရေးကျောင်းသို့ ပို့ဆောင်ခြင်းခံရသည်။

သားသား၏ အဖေသည် သားသားအပေါ် အလွန်စိတ်ဒေါသဖြစ်နေသည်။ နေအိမ်ပေါ်မှပင် နှင်ထုတ်မောင်းချသည်။ အမေဖြစ်သူမှာ သားနှင့်ခင်ပွန်းကြား မျက်ရည်ကျနေရသည်။

ထို့ကြောင့် သားသားအနေဖြင့် မိဘများ၏ ယုံကြည်အားကိုးမှု ပြန်လည်တည်ဆောက်လိုသည်။ ကျောင်းဆက်လက် မနေချင်သောကြောင့် ရန်ကုန်မြို့တက်၍ စားပွဲထိုးအလုပ်ဝင်လုပ်သည်။ ရရှိသည့် လစာငွေကိုလည်း မိဘများထံသို့ သုံးလတစ်ကြိမ် မှန်မှန်ပို့သည်။ အဖေဖြစ်သူမသိ။ မိဘနှစ်ပါးအကြောင်းကိုလည်း ပါးစပ်ကမချ။

ယခု သားသားအဖေနေထိုင်မကောင်းဖြစ်၍ အိပ်ရာထဲ လဲနေသည်။ သားသားအနေဖြင့် အိမ်ပေါ်ပြန်တက်ပြီး အဖေဖြစ်သူကို ပြုစုပေးချင်သော်လည်း နေထိုင်မကောင်းသည့်ကြားက သားဖြစ်သူအား စိတ်နာနေသည်။

သားသားအပေါ်တွင် ဘေးလူတစ်ယောက်အနေဖြင့် နားလည်ပေးနိုင်စွမ်းရှိသော်လည်း မျှော်လင့်ချက်ကြီးကြီး မားမားထားခဲ့သည့် မိဘများအနေဖြင့် စိတ်နာစရာ သားဆိုးတစ်ယောက်အဖြစ် အပြစ်မြင်နေဆဲ ဖြစ်သည်။

သားသမီးနှင့်မိဘများ၏ ချစ်ခြင်းမေတ္တာသည် စုန်ရေရှိသလို ဆန်ရေလည်းရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် ဆန်တက်မလာနိုင်သော အခြေအနေမျိုးလည်း ရှိနိုင်ကောင်း၏။ ဆန်ရေ ဆန်တက်လာနိုင်ရန် စုန်ရေစီးလာသော မေတ္တာရေလမ်းတစ်လျှောက်၌ ပိတ်ပင်စေမည့် အရာများလည်း မပါရှိရန် လိုအပ်ပေသည်။

အဖေ

တစ်တောလုံး ကောင်းဖို့အတွက်
တစ်ကျောလုံး ပေးဆပ်ခဲ့
မနက်နဲ့ည အဆင်ပြေပြေ
ကျွန်တော်တို့ဘဝ အထွေထွေ
သူများအောက်ဒူးမထောက်ဖို့အတွက်
ဖိနပ်တစ်ဝက်နဲ့ လမ်းမထက်ထွက်လို့
အဖေ အခုထိမရပ်သေးဘူး။
အဖေရေ. . . လို့
ခေါ်သံညင်းညင်းလေးဟာ
သူ့အတွက်အား ခါးကြားမှာအစားထိုးဖို့
အားတိုးဆေးဆိုတာ
ကျွန်တော်တို့ရဲ့ ပုံရိပ်တွေ
နေဝင်ချိန်တိုင်း စိမ်ပြေနပြေ
သူများတွေလို ရေမစိမ်နိုင်
မနက်ပိုင်းအတွက်
ဆန်အိုးကိုင့်ဝှေ့ကြည့်လို့။
အခုလည်း. . .
သန်းခေါင်ကျော်
ကျွန်တော်တို့တစ်တွေအိပ်
အမေကတော့
မှိတ်တုတ်မှိတ်တုတ် မီးအုပ်ကလေးနဲ့မျှော်
အဖေ ပြန်မလာတာ
(၂၄)နာရီကျော်ပြီလေ. . . ။ ။

သင်းစမင်း

သမိုင်းထဲက မြို့ကလေးခစ်ကိုင်း

ဘာသာတရားရဲ့ အရိပ်အောက်မှာ
အေးချမ်းစွာ ကြီးပြင်းခဲ့တဲ့ မြို့ကလေး
ခေတ်မီဖို့ထက် စိတ်လှုဖို့သာ
ကြိုးစားခဲ့တာ ဘုရားစေတီတွေ
ဘုန်းကြီးကျောင်းတွေ ချောင်တွေကသက်သေ။
တောင်ပေါ်သို့ လှမ်းမျှော်ရည်
ပုညရှင်စေတီ ဥမင်သုံးဆယ် ကိုးဆယ်နဲ့
ပတ္တမြားစေတီ ဖူးလို့မဝပြီ
အနောက်ဘက်မှာ
ကောင်းမှုတော်လို့ အမည်တွင်တဲ့
ရာဇာမဏိစူဌာ သာလွန်မင်းကြီးဒကာပေါ့။
ရောဝတီဘေး မေးတင်ထားတဲ့
မြို့ကလေးလေ
တံတားနှစ်စင်းနဲ့အပြိုင်
အလှချင်းဆိုင်လို့
ကမ်းနားလမ်းတစ်လျှောက်
သမိုင်းခြေရာတွေကောက်ကြည့်
ခံတပ်တွေကတော့
မြို့ကလေးရဲ့အားမာန်ပေါ့
ဖြတ်သန်းမှု အနှစ်(၇၀၀)တိုင်တိုင်
သူတော်စင်တို့ရဲ့ ဌာနေ
မြို့ကလေးက ဂုဏ်ယူခဲ့မှာပါလေ။ ။

သက်နိုင်ထွန်း(M.Ed.)

သုတနှင့်ရသ မျှပါလေစ

ရတနာမိုး
B.A(Hons, English), M.A (English, YUFL), Diploma in Human Resource Management (U.K)

ယနေ့ခေတ်တွင် ရသစာပေစာအုပ်များ၏ ရောင်းအားထက် သုတစာပေစာအုပ်များ၏ ရောင်းအားသည် အဆမတန်တက်လာသည်ကို တွေ့ရပါမည်။ သင်တန်းကျောင်းမျိုးစုံတို့တွင်လည်း လူစည်ကားလျက်ရှိနေပါသည်။ သုတဆိုင်ရာစာစောင်များ၊ စာအုပ်များကိုလည်း ရောင်း၍မနိုင်၊ ထုတ်ဝေ၍ပင်မနိုင် ဖြစ်နေကြပါသည်။

စာဖတ်အားကောင်းလာသော လူဘောင်အဖွဲ့အစည်းကြီးဖြစ်လာသဖြင့် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပါသည်။ သို့ရာတွင် လူတို့၏ လောဘ၊ မာန်မာနတို့သည်လည်း ပို၍တက်လာနေကြသည်ကို တွေ့မြင်နိုင်ပါသည်။ မိမိတို့၏ စိတ်ဓာတ်ကို မကြာခဏလျစ်လျူရှုကာဖြင့် မည်သည့်နိုင်ငံတို့တွင် မည်သည်တို့ဖြစ်နေကြောင်း၊ မည်သူတို့သည် မည်သည့်အရာများကို လုပ်ဆောင်နေကြောင်း စသည်ဖြင့် အာပေါင်အာရင်းတို့ဖြင့် ဆွေးနွေးနေကြသည်ကို မြင်တွေ့ကြားသိနေရပြန်သည်။

စာမေးပွဲများနှင့် ကျောင်းဝင်ခွင့်များကို ဖြေဆိုရာတွင်လည်း ဖြေဆိုသူတို့အတွက် အဓိကအခက်အခဲသည် သုတပိုင်းဆိုင်ရာပင် ဖြစ်နေကြလေသည်။ အဓိကဘာသာရပ်ဆိုင်ရာတို့၌ မည်မျှပင်ကျွမ်းကျင်နေကြသော်လည်း မေးခွန်းလွှာတွင်ပါလာသော သုတဆိုင်ရာမေးခွန်းတို့ကြောင့်ပင် ဝင်ခွင့်ပြုတ်ခြင်း၊ ရာထူးမတိုးခြင်းတို့လည်း ဖြစ်ကြရသည်ဟူ၍ တစ်စွန်းတစ်စကြားနေရပြန်ပါသည်။ ထို့ကြောင့်ပင် သုတဆိုင်ရာစာပေများအား သူ့ထက်ငါ အပြိုင်ဖတ်ရှုလေ့လာနေကြရရှာပါသည်။ တစ်ဖက်တွင်လည်း လူတို့၏ ကျင့်ဝတ်ပိုင်းဆိုင်ရာများ၊ စိတ်နေသဘောထားများသည် တစ်ဟုန်ထိုးကျဆင်းနေပြီဖြစ်သည်။ ဤအရာတို့အတွက် တရားခံသည် မည်သူဖြစ်ပါသနည်း။

ကျွန်ုပ်တို့သည် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ပြည့်ဝသော တပည့်၊ သား၊ မြေးတို့အား မွေးမြူနေကြသည်မှာ အမှန်ပင်လော။

ငွေကြေးတတ်နိုင်သောမိဘတို့သည် သားသမီးတို့အား အတတ်ပညာများကို ဆည်းပူးစေသည်။ သားသမီးတို့သည် ရသစာအုပ်တစ်အုပ်ဖတ်နေခြင်းထက် နိုင်ငံရေးစာစောင် သို့မဟုတ် စီးပွားရေးစာစောင်တို့ကို ဖတ်စေလိုကြသော မိဘတို့မှာ ပို၍များပြားလာလေသည်။ ရသစာပေတစ်အုပ်ဝယ်ပေးရန်အတွက် ပူဆာနေရခြင်းသည် ဘာသာစကား လေ့ကျင့်ရေးစာအုပ်တစ်အုပ် သို့မဟုတ် တိုးတက်ရေးကျမ်းတစ်အုပ်ကို ပူဆာရသည်ထက် သားသမီးတို့အဖို့မှာ ခက်ခဲနေရလေသည်။ ဤသည်မှာလည်း အောင်မြင်စေချင်သော မိဘ၊ ဆရာသမားတို့၏ စေတနာပင်ဖြစ်သည်။

သို့ရာတွင် အစကောင်းမှ အနှောင်းသေချာ ဟူသော ဆိုရိုးစကားအတိုင်းပင် လူငယ်တို့အား မည်သည့်အရာများဖြင့် အချိန်ကုန်ဆုံးကြရန် အားပေးနေကြပါသနည်း။ သေချာကြသည်မှာ စက်ရုပ်များအား အရည်အသွေးမီလာစေရန် လုပ်ဆောင်မှုတိုးတက်စေရန်သာ ရည်ရွယ်ထားကာ စိတ်ခံစားချက်ကို ထည့်၍မစဉ်းစားပေးကြသကဲ့သို့ ဖြစ်နေကြပါပြီ။

ကလေးတစ်ယောက်အား ကျောင်းနေအရွယ်ရောက်လာပါက အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ကျောင်းသင်ခန်းစာလေ့ကျင့်ပေးသောသင်တန်း စသည်တို့ဖြင့် အချိန်ကုန်စေကြသည်။ သူတို့အား ရသစာအုပ်တစ်အုပ်မျှပင် ဖတ်ကြပါရန် သင်တိုက်တွန်းဖူးပါပြီလား။ စာရေးသူဆိုလိုသည်မှာ စိတ်ကူးယဉ်ဝတ္ထုများ၊ အချစ်စာအုပ်များကိုသာ ဖတ်ကြရန်အတွက် တိုက်တွန်းပေးကြရန်မဟုတ်ပါ။ သူတို့အတွက် စိတ်အပန်းပြေစေရန်၊ အတုယူအားကျစေရန် သူတို့ထံမှ ကိုယ်ပိုင်ဆုံးဖြတ်မှု၊ ကိုယ်ပိုင်ခံစားမှုဖြင့် သုံးသပ်တတ်ရန်အတွက် ဖတ်ခိုင်းရန် ဆိုလိုပါသည်။ လူမှုရေးဆိုင်ရာတို့တွင်လည်း သူတို့၏သုံးသပ်ဝေဖန်မှုကိုလည်း ကြားဖူးကြပါပြီလော။ လူတိုင်းသည် ဆိုင်ရာအလုပ်ကိုဖြင့် လုပ်ကိုင်နေကြရပါသည်။

အောင်မြင်သည်ထက် အောင်မြင်အောင်လည်း လုပ်ဆောင်နေကြရသည်။ သို့ဖြစ်၍ စိတ်ထွက်ပေါက်တို့မရှိဘဲ ဖြစ်လာကြလေသည်။ မိမိ၏ စဉ်ဆက်မပြတ်ကြိုးစားနေရမှုနှင့် ပင်ပန်းနေရမှုတို့အတွက် ကြာရှည်တွင် မွန်းကျပ်လာလေသည်။ ထွက်ပေါက်တို့ကို ရှာကြရပေတော့မည်။ အဘယ်သို့ရှာ၍ရကြပါမည်နည်း။

စာရေးသူသည် သာမန်မိသားစုမှ ပေါက်ဖွားကြီးပြင်းလာရသူသာ ဖြစ်ပါသည်။ စာရေးသူ၏ဘဝတွင် အကြိမ်ပေါင်းများစွာသော စိတ်ဓာတ်ကျဆင်းမှုများရှိခဲ့ရပါသည်။ စာရေးသူ၏ဘဝအတွက် ခွန်အားဖြစ်စေခဲ့သော အရာများသည် ရသစာအုပ်များဟုဆိုရလျှင် မမှားနိုင်ပါပေ။ ရုန်းကန်နေရသောမိဘ၊ ချို့တဲ့သောဘဝတို့သည် အားပျက်ချည့်နဲ့စရာများဖြင့်သာ ပြည့်နှက်နေခဲ့ရပါသည်။

ဆရာမကျူး၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၊ ဆရာကောင်းသန့်၊ ဆရာမင်းလူ၊ ဆရာမကြီးဒေါ်ခင်မျိုးချစ်၊ ဒေါ်မာမာအေး၊ ဆရာမဝင်းဝင်းလတ်၊ ဆရာမလွန်းထားထား၊ နိုင်းနိုင်းစနေ၊ ဆရာကြီးဦးအောင်သင်း၊ ဆရာဖေမြင့် စသည်ဖြင့် ထိုဆရာကြီး ဆရာမကြီးများ၏ စာပေမှပေးသော သုတနှင့် ရသများကြောင့်ပင် အသက်ရှူချောင်ကာ ရှင်သန်ခွင့်ရခဲ့ရသောဘဝ၊ လန်းဆန်းလာရသောဘဝဟုပင် စာရေးသူ၏ဘဝအား တင်စားပြပါရစေ။

ငါ့ထက်အခြေအနေဆိုးကို ကြုံနေရသူတွေလည်း ရှိသေးတာပဲ။ ဒီလိုကြိုးစားနေထိုင်လို့ သူအောင်မြင်တာပဲ။ သူ့စိတ်ထားက နူးညံ့သိမ်မွေ့လိုက်တာ။ ဟုတ်ပြီ ငါလည်းကြိုးစားရင်ရတာပဲ။ ငါသာဆို အဲလိုလုပ်ပါ့မလား။ ဟယ်.. ရိုင်းလိုက်တာ။ ရက်စက်လိုက်တာ။ လုပ်ရက်တယ်။ ငါလည်း သူ့လိုအဖြစ်ဆိုးမျိုးနဲ့မကြုံအောင် ဆင်ခြင်ရမယ် စသည်ဖြင့် တွေးတောသုံးသပ်တတ်လာပါသည်။

များသောအားဖြင့် ဆရာကြီး ဆရာမကြီးတို့သည် ရသပိုင်းဆိုင်ရာများအားပေးစွမ်းရင်း သုတပိုင်းဆိုင်ရာကိုလည်း ရေးသားဖော်ပြသွားတတ်ကြပါသည်။ မြို့ကြီးများ၏အကြောင်း၊ လူမျိုးစုများ၏အကြောင်း၊ တက္ကသိုလ်များ၏အကြောင်း၊ အရေးအခင်းများ၏အကြောင်း၊ အလုပ်အကိုင်များ၏အကြောင်း၊ အတတ်ပညာများ၏အကြောင်း၊ ရာသီဥတုအကြောင်းနှင့် အရောင်စုံလှသော လူမှုရေးအကြောင်းများကိုပါ ထည့်သွင်းရေးသားပေးကြပါသည်။

မည်သည့်နေရာတွင် မည်သို့သောအပြုအမူ၊ အပြောအဆိုတို့သည် ကောင်းမွန်သည်။ ဆိုးရွားသည် စသည်တို့ကိုလည်း ဇာတ်ကောင်တို့၏အခြေအနေကို ရေးသားပြကြရင်း ပညာပေးထားတတ်ကြလေသည်။ ကျင့်ဝတ်စည်းကမ်းများကိုလည်း အလိုအလျောက် သင်ကြားပေးသွားကြပါသည်။

ထို့ကြောင့် သုတများကိုသာ ရှာဖွေဆည်းပူးနေသူများ၏ဘဝသည် အလုပ်ရုံတစ်ခုတည်းတွင် တစ်ဦးတည်း လုပ်ကိုင်နေရသူများနှင့်သာ တူနေတတ်ကြပြီး မသိမသာ အထီးကျန်မွန်းကျပ်လာကာ ထွက်ပေါက်မရှိဖြစ်နေတတ်ကြပါသည်။ ထိုသူများအဖို့ ရသစာပေတစ်အုပ်လောက်အား စာရေးသူထံမှ ပေး၍ပင်ဖတ်စေချင်မိသော ရင်တွင်းမှ စေတနာဖြစ်လာမိပါသည်။ "ငါ"ဆိုသော အတ္တမာနများ၊ အထီးကျန်မှုများ၊ မိုက်မဲမှုများကို ပြေပျောက်စေချင်သော စေတနာကြောင့်သာပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် မိမိတို့၏မျိုးဆက်သစ်များအား မွေးမြူပေးကြရာတွင် သုတစာပေများကိုသာမက ရသစာပေများကိုလည်း ပေးဖတ်ခွင့်ပြုခြင်းအားဖြင့် သူတို့၏ စိတ်ထွက်ပေါက်များကို ဖွင့်ပေးသင့်ပါသည်။ ဤသို့သော နည်းလမ်းဖြင့် သူတို့၏ဘဝအား စာနာမှုရှိသော၊ သဘောထားပြည့်ဝသော၊ ပညာပြည့်ဝနှလုံးလှသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာတို့ဖြင့် ပြည့်စုံကြသော ဘဝများဖြစ်လာကြစေရန် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးသင့်ပါသည်ဟု အကြံပြုရေးသားလိုက်ပါသည်။

■

မြန်မာလူငယ်တွေကို စာဖတ်စေလိုလျှင်

အောင်ပြည်သူကျော်(တောင်ပေါ်သား)

ဤစာကိုရေးရန်တွေးထားတာ ကြာပါပြီ။ ရေးသင့်မရေးသင့် စဉ်းစားတွေဝေနေမိခဲ့သည်။ ဤစာကိုရေးလိုက်လို့ တခြားသူကိုထိပါးသလိုဖြစ်နေမလားဟု တွေးပူနေမိသည်။ ဒါပေမယ့် ဆုံးဖြတ်ချက်ချပြီးရေးလိုက်ပါသည်။ ခုလိုရေးလိုက်ခြင်းဟာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်တိုက်ခိုက်လိုခြင်း မရည်ရွယ်ပါ။ ဒီဆောင်းပါးအပေါ် ဝေဖန်လာမှုကိုလည်း လေးလေးစားစားဖြင့် နာယူလက်ခံပါမည်။ လူငယ်တစ်ယောက်၏ အတွေးအမြင်ကို ရေးချပြသလိုက်ခြင်းဖြစ်၍ တကယ်သိတကယ်တတ်ဟူသော သဘောထားဖြင့် ရေးထားသည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။ တစ်စုံတစ်ဦးကို ထိခိုက်သလိုဖြစ်သွားပါက ဤနေရာကနေ ကြိုတင်တောင်းပန်အပ်ပါသည်။

ခုခေတ်အနေအထားမှာ လူငယ်တွေစာမဖတ်ခြင်းကို အထူးတလည်ပြောနေကြသည်ကို တွေ့မြင်ကြားသိရပါသည်။ စာဖတ်ရှိန်မြင့်တင်ရန်ကိုလည်း လုပ်ဆောင်နေကြသည်ကိုလည်း တွေ့ရပါသည်။ ထိုအထဲမှာ လူငယ်တွေ စာမဖတ်ဘူးဆိုတာကို အပြစ်သဘောပြောနေကြသည်ကိုလည်း တွေ့မြင်နေရသည်။ လူငယ်တွေ စာမဖတ်တာ နည်းပညာတွေကြောင့် ဥပမာ-ဖုန်း၊ ဂိမ်း၊ ဖေ့ဘွတ်ခ်တွေကြောင့်လို ပြောဆိုနေကြသည်ကိုလည်း တွေ့ရသည်။ ထိုအချက်တွေကို ကျွန်တော်အပြည့်အဝမထောက်ခံပါ။

လူငယ်တွေစာမဖတ်ဘူးဆိုပြီး အပြစ်ပြောရုံနှင့် လူငယ်တွေစာဖတ်မလာနိုင်ပါဟု ကျွန်တော်မြင်ပါသည်။ လူငယ်တွေကို စာဖတ်စေချင်လျှင် စာဖတ်စေချင်အောင် လုပ်ရပါလိမ့်မည်။ လူငယ်တွေရဲ့စိတ်ကို နားလည်အောင် လုပ်ရပေလိမ့်မည်။ ခုခေတ်လူငယ်အတော်များများက မိမိကို ဩဇာပေးခြင်း၊ ဆရာလုပ်ဆုံးမခြင်းမျိုးကို မလိုလားကြ။ ထိုအရာများသည် သူတို့အားအပြစ်ပြောသည်ဟု တွေးထင်ကြသည်။

လူငယ်တွေကိုတကယ်စာဖတ်စေချင်ရင် စာသင်ကျောင်းများတွင် စာကြည့်တိုက်ကို ကျောင်းအဆင့်အလိုက်ဖွင့်ပေးလျှင် ပိုကောင်းမည်ထင်ပါသည်။ အများအားဖြင့် လူငယ်အတော်များများမှာ ကျောင်းနေသည့်ကလေးများပါသည်။ စာသင်ကျောင်းမှာသာ စာကြည့်တိုက်ကို အသုံးပြုတတ်သည့်အကျင့်ရှိခဲ့လျှင် လူငယ်တွေ စာမဖတ်စရာ အကြောင်းမရှိဟု ထင်မြင်မိပါသည်။ နေ့ထူးနေ့မြတ်နေ့တွေကိုလည်း ကျောင်းပိတ်ခြင်းဆိုတာထက် ထိုနေ့တွေရဲ့အကြောင်းသိရှိအောင် ဟောပြောပွဲများ၊ ပြိုင်ပွဲများ ပြုလုပ်ပေးပါလျှင် ပိုကောင်းမည်ဟုမြင်မိပါသည်။ စာစီစာကုံးပြိုင်ပွဲတွေမှာ ရေးပြီးသားတွေကို လေ့လာတာထက် ပြိုင်ပွဲခေါင်းစဉ်နှင့်ပတ်သက်သည့် စာအုပ်များချပြပြီး ဖတ်စေကာ ကိုယ်ပိုင်အတွေးဖြင့် ပြန်လည်ရေးသားယှဉ်ပြိုင်စေလျှင် ကလေးတစ်ယောက်စာဖတ်ခြင်းကို ဖြစ်စေနိုင်မည်ဟု ထင်ပါသည်။

တချို့ကဆိုပါသည်။ နည်းပညာတိုးတက်လာသောဖုန်း၊ ကွန်ပျူတာဂိမ်းတွေကြောင့် လူငယ်တွေ စာဖတ်အားနည်းလာသည်ဟု ဆိုကြပြန်သည်။ ထိုအချက်ကို သေချာစဉ်းစားလျှင် ကျွန်တော်တို့နိုင်ငံထက် နည်းပညာတိုးတက်တဲ့နိုင်ငံတွေက စာမဖတ်ကြဘူးလားဟု မေးရန်ရှိပါသည်။ ကျွန်တော့်အမြင်အရ နည်းပညာတိုးတက်လာမှုကြောင့် လူငယ်တွေ စာမဖတ်တာထက် လူငယ်တွေ စာဖတ်ချင်လာအောင် ကျွန်တော်တို့မလုပ်နိုင်လို့ လူငယ်တွေ စာမဖတ်တာဟုထင်ပါသည်။ လူငယ်တွေ ဒီနည်းပညာပစ္စည်းတွေကို ဘယ်လိုအသုံးချရမည်ကို ကျွန်တော်တို့ မပြောပြနိုင်ဘဲ ဒီပစ္စည်းတွေကို အသုံးပြုနေသော လူငယ်တွေကိုသာ အပြစ်ပြောနေသည်က များနေခြင်းသည် လူငယ်တွေကို စာဖတ်စေချင်သော နည်းလမ်းမှားလမ်းပြခြင်းဖြစ်သည်ဟု ထင်ပါသည်။

စာသင်ကျောင်းမှာသာ စာကြည့်တိုက်ကို အသုံးပြုတတ်သည့်အကျင့်ရှိခဲ့လျှင် လူငယ်တွေ စာမဖတ်စရာ အကြောင်းမရှိဟု ထင်မြင်မိပါသည်။ နေ့ထူးနေ့မြတ်နေ့တွေကိုလည်း ကျောင်းပိတ်ခြင်းဆိုတာထက် ထိုနေ့တွေရဲ့အကြောင်းသိရှိအောင် ဟောပြောပွဲများ၊ ပြိုင်ပွဲများ ပြုလုပ်ပေးပါလျှင် ပိုကောင်းမည်ဟုမြင်မိပါသည်။

တကယ်လို့သာ လူငယ်တွေကို စာဖတ်စေချင်လျှင် လူငယ်တွေကို စာမဖတ်ရကောင်းလားဆိုပြီး အပြစ်ပြောတာထက် လူငယ်တွေကို စာဖတ်လာအောင်သူတို့ အကြိုက်ဖြင့် မျှားလျှင်ကောင်းမည်ထင်ပါသည်။ ဥပမာ-လူငယ်ကြိုက်သီချင်းတွေကို ဘာဖြစ်တယ်၊ ညာဖြစ်တယ် ဆိုပြီး အပြစ်ပြောမည့်အစား ထိုသီချင်းများထဲမှ အဓိပ္ပာယ်နှင့်အတွေးပါသော စာသားတွေကို ချပြပြီး တွေးတတ်လာအောင် ပြောပြခြင်းသည် စည်းရုံးနည်းတစ်မျိုးဖြစ်လာနိုင်မည်ထင်ပါသည်။ ကျွန်တော် နားထောင်ဖူးသော လူငယ်အဆိုတော်သီချင်းတချို့၏ စာသားကို ချပြချင်ပါသည်။ အဆိုတော် ဂျောက်ဂျက်၏သီချင်းထဲက "လူတော့လူ ဒါပေမယ့်လည်း ခံယူချက်ချင်းတော့မတူ၊ တစ်ယောက်မှအကျင့်မကောင်းတော့လည်း နားလည်မှုမရှိတော့ဘူး" ဒီစာသားလေးက လူငယ်တွေရဲ့အတွေးကို ချပြစရာကောင်းသည့် စာသားဖြစ်ပါသည်။ လူတွေထဲက လူတွေက ခံယူချက်မတူတော့ မိမိလုပ်ရပ်က တခြားသူအမြင်မှာ အပြစ်မြင်စရာဖြစ်နေလျှင် မိမိသည် အကျင့်မကောင်းဘူးဖြစ်သွားသည်။ မိမိနှင့် ခံယူချက်မတူလျှင် တစ်ဖက်လူကို မိမိအမြင်မှာ တစ်ဖက်လူက အကျင့်မကောင်းဖြစ်သွားသဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်မှုလွဲနေခြင်းဖြစ်သည်ဟု တွေးထင်မိပါသည်။ ဤကဲ့သို့ လူငယ်ကြိုက်သီချင်းတွေကို အတွေးတွေနဲ့ချပြပြီး လူငယ်တွေ စာဖတ်လာအောင်လုပ်ဆောင်ခြင်း တစ်နည်းဖြစ်လိမ့်မည်ဟု မြင်မိပါသည်။

ထို့နောက် ကိုရီးယားဇာတ်လမ်းသည်လည်း လူငယ်တွေအတွက် အတုယူမှားခြင်းသည်ဟု ဝေဖန်ခြင်းကိုလည်း ကျွန်တော် ဘဝင်မကျမိပါ။ လူငယ်ကြိုက်ဖြစ်၍ သူ့ခေတ်သူ့အခါအရ အကြိုက်ချင်းမတူနိုင်ပါ။ လူငယ်တွေကြိုက်တဲ့ ကိုရီးယားကားတွေကို အပြစ်ပြောတာထက် လူငယ်ကြိုက် ကိုရီးယားကားထဲက အတုယူစရာကောင်းကွက်များကို ချပြ၍ လူငယ်တွေကို စာဖတ်လာအောင်၊ အတုယူမမှားအောင်ပြောဆိုခြင်းသည် ပိုသင့်မည်ဟု လူငယ်တစ်ယောက်အမြင်ဖြင့် အကြံပေးချင်ပါသည်။ ■